မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၉၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ တနင်္လာနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဥပစာ မြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း တို့သည် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့်ညစာစားပွဲအခမ်းအနား ကျင်းပသည့် နိုင်ငံတော်သမ္မတအိမ်တော်ဥပစာမြက်ခင်းပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရား သူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန် အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua ဦးဆောင်သော သံတမန်များ နှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံရေးပါတီဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒေသတွင်းနှင့် နိုင်ငံတကာအစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်သည်ကို ကမ္ဘာသို့ ပြသနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၄

ယခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်၍ အာဆီယံ ထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ရန်အတွက် နေပြည်တော်၌ အသစ် တည်ဆောက်ပြီးစီးသည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနကို အောင်မြင်စွာဖွင့်လှစ် နိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်း အဝေးများကို နိုင်ငံတကာအဆင့်မီအောင်မြင်စွာ လက်ခံကျင်းပနိုင်တော့မည် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အာဆီယံသို့ ဝင်ရောက်ပြီးချိန် မှစ၍ ပထမဦးဆုံးအကြိမ်အဖြစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်သည်။ အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ထမ်းဆောင်ခြင်းသည် အာဆီယံ ပဋိညာဉ်စာတမ်းအရ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏တာဝန်ကိုထမ်းဆောင် ခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏လွတ်လပ်၊ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံရေးရာများတွင် မြန်မာနိုင်ငံက ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်ရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပ နိုင်ရန်အတွက် နေပြည်တော်၌ အသစ်တည်ဆောက်ပြီးစီးသည့် မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနအဆောက်အအုံအတွင်း ပြင်ဆင်ထား မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူတို့အစွမ်း

ဤကမ္ဘာလောကတွင် ဘဝပေးအကြောင်းတရားများအရ ကိုယ်အင်္ဂါချို့ယွင်းကြသူ အများအပြားပင်ရှိ၏။ အချို့က မျက်စိ၊ အချို့က နား၊ အချို့က ကိုယ်လက်အင်္ဂါများ ချို့ယွင်းနေတတ်ကြ၏။ သို့သော် ချို့ယွင်းမှုများသည် အားလုံးမဟုတ်။ ခြေ၌ဖြစ်စေ၊ လက်၌ဖြစ်စေ၊ မျက်စိ၌ဖြစ်စေ တစ်ခုခုသာလျှင် ချို့ယွင်းနေကြခြင်းဖြစ်ပြီး စွမ်းဆောင်နိုင်သူများဖြစ်ကြသည်။

လူသားတစ်ဦးတစ်ယောက်အနေဖြင့် တစ်စုံတစ်ခုချို့ယွင်းနေသည်နှင့် လောကကိုအရှုံးမပေးသင့်။ နားမကောင်းလျှင် မျက်စိဖြင့် အလုပ်လုပ်နိုင်သည်။ မျက်စိမကောင်းလျှင်လည်း နားဖြင့်အကြားအာရုံယူလျက် အလုပ်လုပ်နိုင်၏။ ခြေမကောင်းလျှင် လက်ရှိသေး၏။ လက်မကောင်းလျှင်လည်း ခြေရှိသေး၏။ အားလုံး ချို့ယွင်းမှုလည်း ရှိတော့ရှိနိုင်၏။ သို့သော်ရှား၏။ တစ်စုံတစ်ခု ချို့ယွင်းသည်နှင့် လူ့လောကတွင် လူရာမဝင်တော့ဟု မမှတ်ယူသင့်။ အသက်နှင့်ခန္ဓာ မြဲနေသမျှလူအားလုံးသည် သူ့နေရာနှင့်သူ အစွမ်းရှိကြသည်သာဖြစ်၏။

များမကြာမီ ကျွန်ုပ်တို့ မြန်မာနိုင်ငံက (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို နေပြည်တော်၌ ကျင်းပပေဦးမည်။ တိတိကျကျဆိုရလျှင် ဤအားကစားပြိုင်ပွဲကြီးကို ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။ အိုလံပစ်အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသော အိမ်ရှင်နိုင်ငံများက မသန်စွမ်းအားကစားပြိုင်ပွဲ ထည့်သွင်းကျင်းပသကဲ့သို့ ဆီးဂိမ်းပြိုင်ပွဲကျင်းပခွင့်ရသည့် နိုင်ငံကလည်း မသန်စွမ်းအားကစားပြိုင်ပွဲကို ကျင်းပရခြင်းပင်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ဤအားကစားပြိုင်ပွဲသည် မသန်စွမ်းသူများအတွက်ခွန်အားတစ်ရပ်ပင်ဖြစ်၏။ မသန်စွမ်းဖြစ်နေသော်လည်း လောကကိုအရှုံးမပေး၊ ရှိသည့်ခွန်အားနှင့် ဘဝတိုးတက်အောင် ကြိုးစားအားထုတ်နေကြသော အားကစားသမားများအတွက် ဂုဏ်ယူစရာကောင်း၏။ ဤအားကစားပြိုင်ပွဲကြီးသည် ကိုယ်အင်္ဂါချို့တဲ့နေသူများအတွက် ဂုဏ်ယူအားကျစရာပင်ဖြစ်၏။ အတုယူဖွယ်ရာပင်ဖြစ်၏။

ထို့အတွက် ကိုယ်လက်အင်္ဂါချို့တဲ့နေသူများအနေဖြင့် စိတ်ပျက်အားလျော့မနေသင့်ပါ။ လောက၌ ခြေလက်အင်္ဂါမပြည့်စုံပါဘဲလျက် ကြီးပွားတိုးတက်အောင် လုပ်ကိုင်နေကြသူ အများအပြားပင်ရှိပါသည်။ တစ်စုံတစ်ခုချို့ယွင်းသွား၍ လူစွမ်းလူစမရှိတော့ဟုမဆိုနိုင်ပါ။ ကိုယ်အင်္ဂါချို့ယွင်းသော်လည်း အစွမ်းသတ္တိရှိကြသူများသာဖြစ်၏။ မျက်စိအမြင်အာရုံမကောင်းသူများသည် နားအကြားအာရုံဖြင့် အလုပ်လုပ်နိုင်စွမ်းရှိ၏။ ခြေတစ်ဖက်မကောင်းလျှင် အခြားတစ်ဖက်နှင့် သွားနိုင်သေး၏။ လက်တစ်ဖက်မရှိလျှင်လည်း အခြားတစ်ဖက်နှင့်လုပ်နိုင်သေး၏။ လူမှန်လျှင် ကိုယ်အင်္ဂါချို့ယွင်းသည်ဖြစ်စေ၊ မချို့ယွင်းသည်ဖြစ်စေ သူ့အစွမ်းနှင့်သူ ရှိကြသည်သာဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ပြည်ထောင်စု

တရားလွှတ်တော်ချုပ်ရုံး၊ လေ့ကျင့်ဌာန၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က သင်တန်းတက်ရောက်လာသည့် သင်တန်းသားများအနေဖြင့် အသစ်ပြင်ဆင်ပြဋ္ဌာန်းသည့် ဥပဒေများကို ချက်ချင်းစုဆောင်းလေ့လာမှတ်သားကြရန်ဖြစ်ကြောင်း၊ တရားသူကြီးများအနေဖြင့် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် တာဝန်ရှိသူများဖြစ်၍ နိုင်ငံတော်က ပေးအပ်သည့်တာဝန်ကို မှန်မှန်ကန်ကန်၊ တည့်တည့်မတ်မတ်၊ အဂတိတရားကင်းစွာဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် တာဝန်ကျေပွန်သူများဖြစ်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပါကြောင်း မှာကြားသည်။

ယင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး (လေ့ကျင့်ဌာန)၊ ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင်မြို့လယ်မှမီးပွိုင့်များ ပြင်ဆင်ပေးမည့်သူ စောင့်မျှော်နေဆဲ

ပြင်ဦးလွင်မြို့သည် မန္တလေးတိုင်းဒေသကြီးအတွင်း တည်ရှိနေပြီး သာယာလှပသည့် တောင်စခန်းမြို့တစ်မြို့ဖြစ်သည့်အပြင် မြန်မာ-ရှမ်းနယ်စပ်မြို့ဖြစ်သည့်အတွက် ဝင်ထွက်သွားလာသူခရီးသည်များနှင့် အလည်အပတ်လာရောက်သူ၊ ဖြတ်သန်းသွားလာသူ အများအပြားရှိနေသောကြောင့် နေ့စဉ်စည်ကားရှုပ်ထွေးလျက်ရှိသည်။

တိုးတက်လာသောခေတ်နှင့်အညီ မြောက်မြားစွာသော ယာဉ်ကြီး၊ ယာဉ်ငယ်မျိုးစုံတို့မှာလည်း မြို့လယ်လမ်းမကြီးများပေါ်တွင် ဥဒဟိုသွားလာလျက်ရာ အထူးသဖြင့်စည်ပင်သာယာမြို့မဈေးကြီးနှင့် နာရီစင်အနီးတို့သည် မြို့လယ်ဖြစ်သောကြောင့် ပိုမိုရှုပ်ထွေးစည်ကားလျက်ရှိနေသည်။

ဤကဲ့သို့ များပြားလှသောမော်တော်ယာဉ်အမျိုးမျိုးတို့ကို အန္တရာယ်ကင်းရှင်းရန်၊ အစဉ်မပြတ်သွားလာလှုပ်ရှားနေသော ရဟန်းရှင်လူတို့လွယ်ကူစွာ အနှောင့်အယှက်ကင်းကင်းဖြင့်သွားလာနိုင်ရန် နာရီစင်မီးပွိုင့်နှင့် မြို့လယ်ဓာတ်ဆီဆိုင်မီးပွိုင့်တို့ကို သက်ဆိုင်ရာမှတည်ဆောက်ပြုလုပ်ပေးခဲ့သည်။

ထိုမီးပွိုင့်များ ရှိနေခြင်းကြောင့်

ထင်သာမြင်သာ ပြူပြင်စရာ

ယခင်က မကြာခဏဖြစ်ပွားလေ့ရှိသော ယာဉ်မတော်တဆမှုများ ယင်းနေရာတို့တွင် သိသိသာသာလျော့နည်းသွားသဖြင့် ခရီးသွားပြည်သူတို့ စိတ်ချမ်းသာစွာဖြင့် သွားလာနေထိုင်နိုင်ခဲ့ရသည်။ သို့ပါသော်လည်း ယခုရက်ပိုင်းအတွင်း ထိုမီးပွိုင့်များမှာ သက်ဝင်လှုပ်ရှား အလုပ်လုပ်ခြင်းမရှိတော့သည်ကို တွေ့မြင်နေရသည်။

ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် အများပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာမှ ထိုမီးပွိုင့်နှစ်ခုကိုအမြန်ဆုံး ပြင်ဆင်သင့်ပါကြောင်း။

သက်နိုင်(ပြင်ဦးလွင်)

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာမူပြိုင်ပွဲ ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံ စာရေးဆရာအသင်း ပထမအကြိမ် စာမူပြိုင်ပွဲဆုရသူများစာရင်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က ထုတ်ပြန်ကြေညာပြီးဖြစ်ရာ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား (ပန်းဆိုးတန်းလမ်း-အလယ်ဘလောက်) မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ အမှတ် ၁၇၃/၁၇၅ (စ-လွှာ)၌ ကျင်းပမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆု ဆုရသူများသည် ဇန်နဝါရီ ၁၀ ရက် ရုံးချိန်အတွင်း (၅ × ၇) လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့်အတူ အမည်၊ ကလောင်အမည်၊ အသင်းဝင်အမှတ်၊ အဖအမည်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို အထက်ဖော်ပြပါလိပ်စာနှင့် ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ သို့ဆက်သွယ်ပေးပို့ရန်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

KBZ Bank (Account No. 00730200701698301)

ပြည်တွင်းသတင်း

○ ရှေ့ဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့ပြင် နိုင်ငံတော်သမ္မတက အဆောက်အအုံသစ် မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အဆောက်အအုံအတွင်းရှိ ပတ္တမြားခန်းမ၊ နီလာခန်းမ၊ HOS Holding Room၊ Call Room၊ Meeting Room၊ ပုလဲခန်းမနှင့် VIP Holding Room တို့ကို လှည့်လည်ကြည့်ရှုပြီး ကျောက်စိမ်းခန်းမ၌ ဖျော်ဖြေမှုအစီအစဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အာဆီယံအစည်းအဝေးများသို့ တက်ရောက်မည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ဧည့်သည်များတည်းခိုနိုင်ရန် တည်ဆောက်ထားသော နိုင်ငံတော်ဧည့်ဂေဟာ အိပ်ဆောင်များအား စစ်ဆေးခဲ့ပြီး အရှည် ၄ ဒသမ ၈၂ မိုင်ရှိ ရန်အောင်မြင်ဆည်ပတ်လမ်းအတိုင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ နိုင်ငံတော်ဧည့်ဂေဟာတွင် အဆောင်ပေါင်း ၂၀ ပါဝင်ပြီး အခန်းပေါင်း ၁၈၄၈ ခန်း ပါရှိရာ ဧည့်သည်ပေါင်း ၃၀၀၀ ခန့်တည်းခိုနိုင်မည်ဖြစ်သည်။ ထို့ပြင် နေပြည်တော်ရှိ ဟိုတယ်ပေါင်း ၇၇ လုံးတွင်လည်း အခန်းပေါင်း ၄၀၀၀ ခန့် တည်းခိုနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အာဆီယံအသိုက်အဝန်း တည်ဆောက်မှုရည်မှန်းချက်များ အကောင်အထည်ဖော်ရန် အချိန်နီးကပ်လာပြီဖြစ်သည့်အတွက် အာဆီယံအသိုက်အဝန်းဆိုင်ရာလမ်းပြမြေပုံတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းစဉ်များ အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်နှင့် အာဆီယံအသိုက်အဝန်းကို ရည်မှန်းထားသည့်အချိန်တွင် တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံက အလေးထားဆောင်ရွက်သွားရမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းကို ပိုမိုခိုင်မာစေမည့် နောက်ဆက်တွဲလုပ်ငန်းစဉ်တစ်ရပ်ပေါ်ပေါက်ရေးကို ဦးတည်ဆောင်ရွက်သွားရမည် ဖြစ်သည်။ တစ်ချိန်တည်းတွင် အာဆီယံကို ပြည်သူဗဟိုပြုသည့် အဖွဲ့အစည်းအဖြစ် မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်သည်။

နိုင်ငံတော်သမ္မတက “ယခုကဲ့သို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခွင့်ရရှိခြင်းသည် နိုင်ငံအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည့်အတွက် အစိုးရသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို အာဆီယံနိုင်ငံများအတွင်းသာမက ကမ္ဘာကိုပါ ပြသနိုင်မည့်အခွင့်အရေးဖြစ်ပြီး ဒီမိုကရေစီကျင့်သုံးစနိုင်ငံအနေဖြင့် အသွင်ကူးပြောင်းသည့် သုံးနှစ်တာကာလအတွင်း ဒေသတွင်းနှင့် နိုင်ငံတကာအစည်းအဝေးကြီးများကို အောင်မြင်စွာ ကျင်းပနိုင်သည်ကို ကမ္ဘာကို ပြသနိုင်မည်ဖြစ်ကြောင်း” ဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်က နေပြည်တော်၌ကျင်းပခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ၊ ဝန်ကြီးအဆင့်အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးများအပါအဝင် အစည်းအဝေး ၃၀၀ ခန့်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး ယခုအခါ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရာတွင် လိုအပ်သည့် အစည်းအဝေးကျင်းပရေး၊ တည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ ပို့ဆောင်ရေးနှင့် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းအားလုံး ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဧည့်ဂေဟာအိပ်ဆောင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံအစည်းအဝေးများသို့တက်ရောက်မည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ဧည့်သည်များ တည်းခိုနိုင်ရန် တည်ဆောက်ထားသော နိုင်ငံတော်ဧည့်ဂေဟာ အိပ်ဆောင်များကို စစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဧည့်ဂေဟာ Jade Villa(18 A) ရှိ Imperial Villa ဟိုတယ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာ Jade Villa(18 A) ရှိ Imperial Villa ဟိုတယ်ဖွင့်လှစ်ပွဲအခမ်းအနားကိုကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း၊ နေပြည်တော် ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့်ဌာနဆိုင်ရာတာဝန်ခံများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Imperial Villa ဟိုတယ်အဆောက်အအုံအား ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး၊ ထူးကုမ္ပဏီများအုပ်စု ဒုတိယဥက္ကဋ္ဌ ဦးသီဟတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က Imperial Villa ဟိုတယ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် နေပြည်တော်တွင် ကျင်းပမည့် အစည်းအဝေးများသို့ လာရောက်မည့် နိုင်ငံတကာမှ အကြီးအကဲများနှင့် ဧည့်သည်တော်များတည်းခိုနေထိုင်ရေးအတွက် Imperial Villa တွင် ပြင်ဆင်ထားရှိသော အဆင့်မြင့်ဟိုတယ်အခန်းများအား လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့် မြန်မာနိုင်ငံ ကင်းထောက်ဗဟိုကော်မတီဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၄

ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သည် ဇန်နဝါရီ ၃ ရက် ညနေ ၄ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာနိုင်ငံကင်းထောက်ဗဟိုကော်မတီဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကင်းထောက်ကြီးများ တက်ရောက်ကြသည်။

ခေတ္တပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကင်းထောက်ဗဟိုကော်မတီကို ဖွဲ့စည်းတော့မည်ဖြစ်သောကြောင့် ယခုကဲ့သို့ ကြိုတင်ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ဗဟိုကော်မတီကိုဖွဲ့စည်းရာတွင်လည်း မြန်မာနိုင်ငံကင်းထောက်ကြီးများကိုအဓိကမဏ္ဍိုင်ပြု၍ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ကဏ္ဍပေါင်းစုံမှ ပုဂ္ဂိုလ်များပါဝင်အောင်လည်း ဖွဲ့စည်းစေလိုကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဗဟိုကော်မတီဖွဲ့စည်းရေးနှင့်အဖွဲ့ကြီး ထာဝစဉ်တည်မြဲသွားစေရေးအတွက် အစွမ်းကုန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်ဝေဝေမွန်(ဒါရိုက်တာ)

“ရွှေဟိန်းထက်” Group Company Limited

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်မှ သုဓမ္မသင်္ဂီဘွဲ့အား ချီးမြှင့်ခြင်းခံရသည့် ဒေါ်ဝေဝေမွန်(ဒါရိုက်တာ-ရွှေဟိန်းထက်ကုမ္ပဏီ)အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ချစ်သောမိသားစုနှင့် အတူတကွ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာတော်၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးအောင်အောင်- ဒေါ်လှလှဝေ

GREAT DIAMOND GEMS & JEWELLERY

ပြည်တွင်းသတင်း

“သည်” လား “ဟာ” လား

မောင်ခင်မင်(ဓနုဖြူ)

“သမီးက တီဗွီနဲ့ရေဒီယိုက ကြေညာတဲ့သတင်းတွေကို အမြဲနားထောင်ပါတယ်။ နားထောင်တော့ သတင်းကြေညာပုံနှစ်မျိုးကို သတိထားမိပါတယ်။ အဲဒီကြေညာပုံနှစ်မျိုးမှာ ဘယ်ဟာကမှန်သလဲဆိုတာသိချင်လို့ပါဘဘ”

သည်တစ်ခါရောက်လာသူက ဂျာနယ်တိုက်တစ်တိုက်မှာ အလုပ်သင်နေသော ဘွဲ့ရမိန်းကလေးတစ်ဦးဖြစ်သည်။

“ဟေ---- သတင်းကြေညာပုံနှစ်မျိုးဟုတ်လား။ ဘယ်လိုနှစ်မျိုးလဲကွဲ့။ ဘဘတောင် သတိမထားမိသေးဘူး”

“နိုင်ငံတော်သမ္မတကြီးအကြောင်း ကြေညာတဲ့ သတင်းဆိုရင်အမြဲနှစ်မျိုးကြားရပါတယ်ဘဘ။ ‘နိုင်ငံတော်သမ္မတဦးသိန်းစိန်သည်’ လို့အစချီတာလည်း ရှိပါတယ်။ ‘နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဟာ’ လို့ အစချီတာလည်းရှိပါတယ်။ အဲဒီနှစ်မျိုးမှာ ‘သည်’လို့ ပြောတာမှန်သလား၊ ‘ဟာ’လို့ပြောတာမှန်သလားဆိုတာ မသဲကွဲလို့ပါဘဘ”

“အေး----ဟုတ်ပြီ။ ဒါဆိုရင်တော့ ဘဘလည်း သတိထားမိပါတယ်။ ဘယ်ဟာမှန်တယ်ဆိုတာမပြောခင် သမီးကိုမေးရဦးမယ်။ အဲဒီသတင်းကြေညာတဲ့ သူကစာဖတ်သလိုကြေညာတာလား၊ စကားပြောသလို ကြေညာတာလား”

“ဘဘမေးတာ သမီးသိပ်မရှင်းဘူး ဘဘ”

“ဆိုပါဦးကွယ်။ ‘နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ် ရောက်ရှိလာသော တရုတ်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပါသည်’ လို့ကြေညာရင် စာသုံးစကားတွေနဲ့ ကြေညာတာမို့ ဘဘက အဲဒီလိုကြေညာပုံမျိုးကို စာဖတ်သလိုကြေညာတာလို့ခေါ်တာပါ”

“စကားပြောသလို ကြေညာရင်ရော ဘယ်လိုကြေညာပါသလဲဘဘ”

“နိုင်ငံတော်သမ္မတဦးသိန်းစိန်ဟာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးအဖြစ် ရောက်ရှိလာတဲ့ တရုတ်ကိုယ်စားလှယ်အဖွဲ့ကို ဒီနေ့ မနက်ပိုင်းမှာ သမ္မတအိမ်တော် ဧည့်ခန်းမမှာ လက်ခံတွေ့ဆုံပါတယ်’လို့ ကြေညာမှာပေါ့ကွယ်”

“နားလည်ပါပြီဘဘ။ သမီးသိချင်တာက အဲဒီနှစ်မျိုးမှာ ဘယ်ဟာကမှန်သလဲလို့ သိချင်တာပါ”

“ဖြေရရင်တော့ နှစ်မျိုးစလုံးမှန်တယ်လို့ ဖြေရမှာ ပါပဲ။ ‘သည်၊ ဟာ’၊ မှ၊ အား’ ဆိုတဲ့ စာသုံးစကားတွေသုံးပြီး ကြေညာပုံမျိုးရှိသလို ‘ဟာ၊ တဲ့’ ‘က-ကို’ ဆိုတဲ့ အပြောသုံးစကားတွေသုံးပြီး ကြေညာပုံမျိုးလည်းရှိပါတယ်။ ထုတ်လွှင့်တဲ့ဌာနကိုလိုက်ပြီး တစ်မျိုးမျိုးကို သုံးနေကြတာတော့ ဘဘလည်း သတိထားမိပါတယ်”

“ဒီလိုဆိုရင် စာသုံးစကားသုံးရင်သုံး၊ အပြောသုံး စကားသုံးရင်သုံး တစ်မျိုးကို သီးသီးသန့်သန့်သုံးဖို့ ကောင်းတာပေါ့နော် ဘဘ”

“အေး. . . ဟုတ်တာပေါ့သမီးရဲ့။ ဒါကြောင့် စာဖတ်သလိုကြေညာတာလား၊ စကားပြောသလိုကြေညာတာလားလို့ ဘဘမေးတာပါ”

“သမီး ညပိုင်းကြားကြားနေရတဲ့ ကြေညာပုံတစ်ခုက အဲဒီနှစ်မျိုးရောနေတယ်ထင်လို့ပါ ဘဘ”

“ဘယ်လိုရောနေတာလဲကွယ်”

“နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်လို့ ရှေ့မှာအစချီပြီး နောက်ပိုင်းမှာတော့ ‘ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံပါတယ်’လို့ အဆုံးသတ်တာမျိုး ခဏခဏ ကြားရလို့ပါ ဘဘ”

“အေးကွယ် အဲဒီလို စာသုံးစကားနဲ့ အပြောသုံးစကားနဲ့ ရောရောထွေးထွေးတော့ မသုံးသင့်ဘူးပေါ့၊ ဘဘသတိထားမိတာကတော့ အဲဒီသတင်းကြေညာတာတွေဟာ စကားပြောနေသလို အပြောဟန်နဲ့ ကြေညာတာများတယ်ထင်တယ်နော်”

“သမီးလည်း အဲဒီလိုပဲထင်တယ် ဘဘ”

“ဒီလိုဆိုရင် ‘နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဟာ’ လို့ပဲ ကြေညာရမှာပေါ့ကွယ်၊ စာဖတ်နေတာမှမဟုတ်ဘဲ ‘နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်’ လို့ ဘာဖြစ်လို့ အဲဒီ ‘သည်’ ကြီးထည့်ရတာပါလိမ့်”

“တခြားဌာနတစ်ခုကတော့ ‘ဟာ’လို့ပဲ တစ်သမတ်တည်းသုံးပြီး အဆုံးသတ်တော့လည်း ‘တက်ရောက်ပါတယ်’ ‘တွေ့ဆုံပါတယ်’ ဆိုတာမျိုး စကားပြောသလိုပဲ အဆုံးသတ်ပါတယ် ဘဘ”

“တချို့ကတော့ စာသုံးစကားသုံးမှ ခံ့ခံ့ညားညားရှိတယ်လို့ ထင်ပုံရတယ်ကွဲ့၊ ဒါပေမယ့် သုံးတဲ့နေရာကတလွဲဖြစ်နေတော့ မဆီလျော်ဘူးပေါ့ကွယ်”

“သမီးလည်း အဲဒီလိုပဲ ထင်ပါတယ် ဘဘ”

“တီဗွီတို့ ရေဒီယိုတို့မှာ စာဖတ်သလိုအသံလွှင့်ရတဲ့ အစီအစဉ်တွေရှိသလို စကားပြောသလို အသံလွှင့်ရတဲ့ အစီအစဉ်တွေလည်း ရှိတာပဲလေ။ စာသုံးစကားနဲ့ ရေးထားတဲ့ ကျမ်းကောက်နုတ်ချက်တို့ ဆောင်းပါးတို့ကို ဖတ်ကြတဲ့ အစီအစဉ်မျိုးမှာ စာသုံးစကားသုံးရမှာပေါ့။ အဲ. . . ဆွေးနွေးခန်းတို့၊ စကားဝိုင်းဖွဲ့ပြောတာတို့၊ သတင်းကြေညာတာတို့ကျတော့ အပြောသုံးစကားသုံးတာပိုပြီးဆီလျော်တာပေါ့ကွယ်။ပေါ့ပေါ့ပါးပါးလည်းရှိတာပေါ့”

“စာသုံးစကားနဲ့ အပြောသုံးစကားက ဘယ်ဟာတွေ အဓိက ကွာခြားတာလဲ ဘဘ”

“လိုရင်းပြောရရင်တော့ သမီးတို့ကျောင်းမှာသင်ရတဲ့ နာမ်တွေ၊ ကြိယာတွေ၊ နာမ်စားတွေလို စကားလုံးတွေက အသုံးနဲ့အပြောနဲ့သိပ်မကွာခြားပါဘူး။ ‘လူ၊ အိမ်၊ ကျောင်း၊ သွား၊ လာ၊ နီ၊ ဖြူ ဆိုတာတွေကို စာသုံးနဲ့ အပြောသုံး အတူတူသုံးတာပဲမဟုတ်လား။ အဲ ‘ယနေ့’နဲ့ ‘ကနေ့’၊ ‘ယခု’ နဲ့ ‘အခု’ ‘နံနက်’နဲ့ ‘မနက်’၊ ‘မိခင်’နဲ့ ‘အမေ’၊ ‘ဖခင်’နဲ့ ‘အဖေ’ ဆိုတဲ့ စကားလုံးတွေကတော့ စာသုံးနဲ့ အပြောသုံး ကွဲတာပေါ့”၊ အများဆုံး ကွာခြားတာကတော့ သမီးတို့သင်ရတဲ့ ဝိဘတ်တို့၊ သမ္ဗန္ဓတို့၊ ပစ္စည်းတို့လို စကားလုံးတွေပဲလေ။ ခြုံပြီး ပစ္စည်းစကားတွေလို့ ခေါ်နိုင်ပါတယ်။ စာသုံးမှာ ‘သည်’ အပြောသုံးမှာ ‘ဟာ’၊ နောက်ဝါကျအဆုံးသတ်မှာသုံးတဲ့ စာသုံး ‘သည်’ ကတော့ အပြောသုံးမှာ ‘တယ်’ လို့သုံးရတယ်မဟုတ်လား။ စာသုံးမှာ ‘သော’၊ အပြောသုံးမှာ ’တဲ့’ပေါ့။ ဒါနည်းနည်းပါးပါးနမူနာပြတာပါ။ ကဲ သမီးကိုမေးမယ်နော်။ “ကျွန်မသည် ကျွန်မ၏မိခင်ကို ယနေ့နံနက်တွင် ရွှေတိဂုံဘုရားသို့ လိုက်ပို့ပါသည်” ဆိုတဲ့ စာသုံးဝါကျကို စကားပြောသလို ရေးရင် ဘယ်လို ရေးမလဲကွယ်။” ကျွန်တော်က စာရွက်ပေါ်မှာ ထိုဝါကျကို ရေးပြရင်း မေးလိုက်သည်။

“သမီး ပြောကြည့်မယ်နော်ဘဘ။ အဲ. . . ‘ကျွန်မဟာ ကျွန်မရဲ့အမေကို ဒီနေ့မနက်မှာ ရွှေတိဂုံဘုရားကို လိုက်ပို့ပါတယ်’လို့ရေးရမှာပါ”

“အေး. . ဒါပေါ့၊ သမီးတော်တယ်။ အဓိက ကွဲပြားတာက နာမ်တွေ၊ ကြိယာတွေရဲ့ နောက်ကလိုက်တဲ့ပစ္စည်း စကားတွေပဲမဟုတ်လား။

“ဟုတ်ပါတယ်ဘဘ”

“အဲဒီလိုကွဲပြားတာကိုသတိထားမိရင် စာသုံးစကားနဲ့ရေးတဲ့ စာထဲမှာ ‘တယ်၊ မယ်၊ တဲ့ ဒီ၊ ဟို’ ဆိုတဲ့ အပြောသုံးစကားမျိုးတွေ ရောပါသွားတတ်သလို အပြောသုံးစကားနဲ့ရေးတဲ့ စာထဲမှာလည်း ‘သောကြောင့်’တို့ ‘လည်းကောင်း’ တို့ ရောပါသွားတတ်တယ်။ တစ်ခါက ဘဘကြားလိုက်တယ်။ အသံလွှင့်တဲ့ စကားပေါ့။ ‘ဘုရားတည်းဟူတဲ့ ရတနာ’ တဲ့။ ဘာပြောတာပါလိမ့်လို့ စဉ်းစားကြည့်မှ ‘ဘုရားတည်းဟူသော ရတနာ’ ဆိုတဲ့ စာသုံးစကားကို အပြောသုံးဖြစ်အောင် ‘တည်းဟူတဲ့’လို့ ပြောင်းပြောတာမှန်းသိပြီး ပြုံးမိတယ်။ သူက ‘သော’ တစ်လုံးတည်း ‘တဲ့’လို့ ပြောင်းတာကို ‘တည်းဟူသော’တို့ ‘ဟူသော’တို့ကို အပြောသုံးအဖြစ်ပြောင်းရင် ‘ဆိုတဲ့’ လို့ ပြောင်းရမှာလေ။ ‘ဘုရားဆိုတဲ့ ရတနာ’လို့ပြောရင် ရှင်းတာပေါ့”

“ကျေးဇူးတင်ပါတယ်ဘဘ။ သမီးမှတ်ထားပြီးပါပြီ”

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနား မန္တလေးတိုင်းဒေသကြီး၌ ကျင်းပ

မန္တလေး ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားပြိုင်ပွဲကွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဂုဏ်ပြုတပ်ဖွဲ့က နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား စင်မြင့်ထက်ရှိ အလံတိုင်ထိပ်သို့ လွှင့်တင်ကာ အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကပေးပို့သည့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပရာ အစီအစဉ်အရ ဂုဏ်ပြုတပ်ခွဲ၊ စစ်တီးဝိုင်းအဖွဲ့တို့နှင့်အတူ စည်သူ ဦးရဲမြင့်ကဖတ်ကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ လွှတ်တော်အဆင့်ဆင့်မှ ကိုယ်စားလှယ်များ၊ အထက်မြန်မာပြည်နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သူနာပြုတက္ကသိုလ်၊ သားဖွားသင်တန်းကျောင်း၊ အားကာသိပ္ပံ၊ ပညာရေးကောလိပ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ အခြေခံပညာကျောင်းများမှ ဆရာ

ဆရာမများ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုစုစုပေါင်းအင်အား ၃၂၀၀ တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား အလေးပြုကြသည်။ ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သရေ

တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက်၊ ဌာနဆိုင်ရာများအလိုက်၊ ရပ်ကွက်များအလိုက်၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

ကြံခင်း ဇန်နဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက မြို့နယ်လွတ်လပ်ရေးကျောက်တိုင်ပန်းခြံဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရီက ဖတ်ကြားသည်။ ယင်းနောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲ၊ မာရသွန်တာဝေးပြေး၊ ပိုက်ကျော်ခြင်းနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲများတွင် ဆုရရှိခဲ့သော အားကစားသမားများ၊ အားကစားအသင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

(၈၆၉)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များချီးမြှင့်အပ်နှင်း

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပပြုလုပ်သော ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ/စစ်သည်များနှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့တက်ရောက်၍ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

တပ်မတော်ကာ ကွယ် ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် သူရဲကောင်းမှတ် တမ်း ဝင်တံဆိပ် ရရှိသည့် ဒုတိယ ဗိုလ်မှူးကြီး ရဲထွဋ်အား ပေးအပ်စဉ်။
(မြဝတီ)

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီစိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူ လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သူရ သက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇေယျကျော်ထင်ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ် လက်ခံရယူကြမည့် အရာရှိ စစ်သည်များနှင့် အမွေခံများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားရာတွင် အမိနိုင်ငံတော်ရဲ့ အချုပ်အခြာပိုင်နက်နယ်မြေ၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားတို့ကို ကာကွယ်စောင့်ရှောက်ကြရာတွင် တပ်မတော်ရဲ့ အစဉ်အလာကောင်း တစ်ဆယ့်နှစ်ရပ်နှင့်အညီ တို့တပ်မတော်ရဲ့ ရဲရဲဝံ့ဝံ့စွန့်လွှတ်စွန့်စားဆောင်ရွက်သည့်ဂုဏ်အင်များကို ပိုမိုတောက်ပြောင်ထည်ဝါလာအောင် မိမိတို့ရဲ့ အသက်ခန္ဓာကိုမဆုတ်မတွန့် နှင်းဆက်စွန့်လျှပြီး ပေးအပ်ထားသည့်ရည်မှန်းချက်တာဝန်ဝတ္တရားများကို ပြီးမြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်မှု၊ ကြံ့ခိုင်သော စိတ်ဓာတ်၊ ခိုင်မြဲသောသန္နိဋ္ဌာန်၊ စွန့်လွှတ်စွန့်စားသော စိတ်၊ ရဲဝံ့ပြောင်မြောက်သော သူရသတ္တိတို့ဖြင့် တာဝန်ထမ်းဆောင်ခဲ့မှုများအတွက် နိုင်ငံတော်မှ တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်၊ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းပေးလျက်ရှိကြောင်း။

တပ်မတော်ဆိုင်ရာစွမ်းရည်ဘွဲ့/တံဆိပ် ၁၂ မျိုးကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၀၉)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ကာကွယ်ရေးဌာနကောင်စီ အထူးအမိန့်ထုတ်ပြန်ပြီး တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ် ၄၁ မျိုးကိုလည်းချီးမြှင့်လျက်ရှိကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၅ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူလေးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ငါးဦးတို့ကို ချီးမြှင့်ပေးသွားမှာဖြစ်ပြီး ကျန်ရှိတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၅၄ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂၃၈ ဦးတို့ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှာ တိုင်းမှူးများက တစ်ချိန်တည်း တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမှာ ဖြစ်ကြောင်း။

"တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသောလက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သည်။ နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ -၃၃၇ နဲ့ ၃၃၉ တို့တွင် အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးကို ဦးစီးဦးဆောင်ပြုလုပ်မည့်တို့တပ်မတော်မှာ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့်စစ်သည်များ လိုအပ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ရဲစွမ်းသတ္တိရှိရှိဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြဖို့ တို့တပ်မတော်ရဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် တစ်တိုင်းပြည်လုံးသို့ အသံလွှင့်မိန့်ခွန်းပြောကြားရာမှာ **"နောက်ဆုံး လူတစ်ယောက်၊ သေနတ်တစ်လက်၊ ဓားတစ်ချောင်း ကျန်သည်အထိ မြန်မာနိုင်ငံတော်ကို ကာကွယ်ရမယ်၊ သေမြေကြီး၊ ရှင်ရွှေထီးဆိုသော မြန်မာစကားပုံအတိုင်း အစွမ်းကုန်ကြိုးစားကြရမယ်။ မြန်မာနိုင်ငံတော်သည် သစ်ပင်၊ ဝါးပင်မပေါက်နိုင်တော့တဲ့ မြေပြင်ဖြစ်သွားပေမယ့် လွတ်လပ်ရေးကိုတော့ လက်လွှတ်မခံနိုင်ဘူး၊ အလျှော့ပေးဖို့လည်း မဖြစ်နိုင်ဘူး၊ စစ်နိုင်ကြတဲ့အခါ ကျွန်တော်တို့ ပြန်လည်ထူထောင်ကြဖို့လိုတယ်"** လို့ ပြောကြားခဲ့ကြောင်း။

ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူအတွက် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြရာတွင် မိမိတို့ကျရာတာဝန်ဝတ္တရားများကို မဆုတ်မနစ်သည့် ဇွဲလုံ့လဖြင့် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သူများကို နှစ်စဉ်နှစ်တိုင်းလွတ်လပ်ရေးနေ့၊ တပ်မတော်နေ့ အခါသမယများမှာ ယခုကဲ့သို့ နှစ်စဉ်အမြဲ ချီးမြှင့်ဂုဏ်ပြုပေးနေမှာဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြရာတွင် တပ်မတော်သားတိုင်း၏ ပင်မရေသောက်မြစ်ငါးသွယ်ဖြစ်သည့် အခြေခံအရည်အချင်းငါးပါးကတစ်ဆင့် တပ်မတော်၏ စိတ်ဓာတ်၊ သဘောတရားနှင့် လက်တွေ့ပိုင်းဆိုင်ရာများတွင် ပြည့်စုံပိုင်နိုင်ပြီး စွန့်လွှတ်စွန့်စား ပြောင်မြောက်ထက်သန်သော သူရစိတ်ဓာတ်ဖြင့် မိမိကျရာလုပ်ငန်းတာဝန်များကို ကျေပွန်အောင် သက်စွန့်ကြိုးပမ်းထမ်းဆောင်သူများ၊ ပြည့်စုံမွန်မြတ်သည့် မှတ်တမ်းကောင်းချန်ရစ်သူယောကျာ်းကောင်း ယောကျာ်းမြတ်များဖြစ်အောင်အစဉ်သဖြင့် ပြုစုတည်ဆောက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူများဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီး တင်မောင်ဦး(ကိုယ်စား)ဇနီးဒေါ်မာမာထွေးအားလည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်အားလည်းကောင်း၊ ဗိုလ်မှူး စောမြခိုင်အားလည်းကောင်း၊ ဗိုလ်ကြီးသန်းကျော်အားလည်းကောင်း၊ ဗိုလ်ကြီးခင်လှဝင်းအားလည်းကောင်း၊ ဗိုလ်ကြီးချစ်ကိုကိုအားလည်းကောင်း၊ ဗိုလ်ကြီး အောင်ထွေးဝင်းအား လည်းကောင်း၊ ဗိုလ်ကြီး ရန်နောင်မိုးအားလည်းကောင်း၊ ဗိုလ်ကြီးတင်ဦး(ကိုယ်စား) မိခင်ဒေါ်ခင်စန်းဝင်းအား လည်းကောင်း၊ တပ်ခွဲ တပ်ကြပ်ကြီး စောမာရှယ်အားလည်းကောင်း၊ တပ်ခွဲတပ်ကြပ်ကြီး မင်းနိုင်အားလည်းကောင်း၊ တပ်ကြပ်ကြီးစိုးနိုင်အားလည်းကောင်း၊ တပ်ကြပ်ကြီး ဆန်းဝင်းအား လည်းကောင်း၊ တပ်ကြပ်ကြီး ရဲမြင့်အောင်အား လည်းကောင်း၊ တပ်ကြပ်ကြီးဌေးမောင်အားလည်းကောင်း၊ တပ်ကြပ်ကြီးတင်ဌေးအားလည်းကောင်း၊ တပ်ကြပ်လှမြင့်(ကိုယ်စား) ဇနီးဒေါ်အေးအေးလွင်အားလည်းကောင်း၊ ဒုတိယတပ်ကြပ်ရွှေဌေး(ကိုယ်စား) ဇနီးဒေါ်လှလှမျိုးရီအားလည်းကောင်း၊ ဒုတိယတပ်ကြပ်လှိုင်မင်းသူအားလည်းကောင်း၊ ဒုတိယ တပ်ကြပ်သော်တာအောင်အားလည်းကောင်း၊ တပ်သား သူအောင်(ကိုယ်စား) မိခင် ဒေါ်မာမာရွှေအားလည်းကောင်း၊ တပ်သား မောင်စိုးအားလည်းကောင်း၊ တပ်သား မျိုးသန့်(ကိုယ်စား)ဇနီး ဒေါ်အေးသန္တာစိုးအားလည်းကောင်း၊ တပ်သား မင်းသူအားလည်းကောင်း၊ တပ်သား ငြိမ်းချမ်းအောင်(ကိုယ်စား) ဇနီးဒေါ်မေမိုးဝေအားလည်းကောင်း သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်နှင့် လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်ရရှိသူများဖြစ်ကြသည့် ဗိုလ်ကြီးပြည့်ဖြိုးတင်ဖေ (အငြိမ်းစား) အားလည်းကောင်း၊ ဗိုလ်ကြီးသော်တာထွန်းအား လည်းကောင်း၊ ဗိုလ်ကြီးသက်အောင်ဇော် (အငြိမ်းစား) အားလည်းကောင်း၊ ဗိုလ်ကြီးမင်းမင်းစိုး(အငြိမ်းစား) အားလည်းကောင်း သူရဲကောင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ ဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီးကိုကိုမောင်အားလည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးဇော်မင်းအားလည်းကောင်း၊ ဗိုလ်မှူးကျော်စိန်ဦး(အငြိမ်းစား)အား လည်းကောင်း၊ ဗိုလ်သန်းဌေးအောင်အားလည်းကောင်း၊ ဗိုလ်ကြီး ပေါ်လွင်ကျော်(အငြိမ်းစား)အား လည်းကောင်း ဂုဏ်ထူးဆောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ/စစ်သည်များ၊ အမွေခံများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခြင်းခံရသူများနှင့် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံစဉ် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ မြဝတီတေးဂီတအဖွဲ့မှ လွတ်လပ်ရေးနေ့ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က အထက(၁)သာကေတ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထွန်းအောင် ဖတ်ကြားစဉ်။
(ဝ၂ဝ)

ပြည်တွင်းသတင်း

တိုင်းရင်းသားရေးရာဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကရင်ပြည်နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၄

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအောက်တွင် ဖွဲ့စည်း တာဝန်ပေးအပ်ထားသော တိုင်းရင်းသားရေးရာ ဆပ်ကော်မတီသည် ၃၀-၁၂-၂၀၁၃ ရက်မှ ၃-၁-၂၀၁၄ရက်အထိ ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ကော့ကရိတ်မြို့နယ်နှင့် ဘားအံမြို့နယ်များသို့ သွားရောက်ပြီး ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံ၍ ပြည်သူလူထု၏ သဘောဆန္ဒနှင့် လိုအပ်ချက်များ၊ တိုင်းရင်းသားရေးရာဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မေးမြန်းအကြံပြု တင်ပြချက်များကို ဆွေးနွေးညှိနှိုင်း ရှင်းလင်းဖြေကြား ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းရင်းသားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်နှင့် ဆပ်ကော်မတီဝင်များ လိုက်ပါခဲ့ကြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ် တိုင်းရင်းသားရေးရာ တာဝန်ခံ လူမှုရေးဝန်ကြီး ဦးချစ်လှိုင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးများ ဖြစ်ကြသော ဗမာတိုင်းရင်းသား ဝန်ကြီး ဦးခင်ကြူ၊ ပအိုဝ်း တိုင်းရင်းသားဝန်ကြီး ဦးခွန်သန်းမြင့်၊ မွန်တိုင်းရင်းသားဝန်ကြီး ဦးနိုင်ချစ်ဦးတို့လည်း လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

တိုင်းရင်းသားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီခွဲတွင် ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ရွှေကုက္ကိုမြိုင်၌ ပြုလုပ်သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အတူ တက်ရောက်ခဲ့ပြီး နှစ်သစ်ကူး လက်ဆောင်အဖြစ် ကရင်လုံချည် အထည် ၃၀၀ ပေးအပ်သည်။

တိုင်းရင်းသားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီတွင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ဒေသခံပြည်သူလူထု ၂၃၇ ဦးနှင့် တွေ့ဆုံ၍ ဆွေးနွေးတင်ပြချက် (၉) ချက်ကိုလည်းကောင်း၊ ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီတွင် ကော့ကရိတ်မြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူလူထု ၂၀၅ ဦးနှင့် တွေ့ဆုံ၍ ဆွေးနွေးတင်ပြချက် (၉)ချက်ကိုလည်းကောင်း၊ တက်ရောက်လာသော ပြည်သူလူထု၏ ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေး၊ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နေမှုများနှင့် စပ်လျဉ်းသည့် မေးမြန်း၊ ဆွေးနွေး၊ အကြံပြုတင်ပြချက်များအပေါ် သက်ဆိုင်ရာဆပ်ကော်မတီ အဖွဲ့ဝင်များနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဇန်နဝါရီ ၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပပြုလုပ်သော တွေ့ဆုံပွဲတွင်ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တိုင်းရင်းသားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှု အခြေအနေ၊ ပြည်သူဗဟိုပြုစနစ်နှင့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ ယင်းသို့ဆောင်ရွက်ရာတွင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှု အရေးကြီးပုံနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်မှဖွဲ့စည်းတာဝန်ပေးအပ်ထားသော Deliver Unit များမှ ပြည်သူလူထုနှင့် တွေ့ဆုံပွဲများပြုလုပ်၍ ပြည်သူ့ဆန္ဒနှင့်အညီ လုပ်ငန်းများ လျင်မြန်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်း ပြောကြားသည်။ အဆိုပါ တွေ့ဆုံပွဲသို့ ဘားအံခရိုင်မှ ဒေသခံ ပြည်သူလူထု ၄၁၄ ဦး တက်ရောက်ခဲ့ပြီး ဆွေးနွေးတင်ပြချက်(၁၉)ချက်ကို ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းရင်းသားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး အလံတင်အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရန်ကုန် တိုင်းဒေသကြီး (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့်နိုင်ငံတော် အလံ အလေးပြုပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ကြားစဉ်။

ရွှေဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ပြည်သူ့ရင်ပြင်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်သည်။ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ခရိုင်၊ မြို့နယ်များမှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၃၀၀ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်သူ့ရင်ပြင်အတွင်း စစ်ရေးပြတပ်ခွဲနှင့်စစ်တီးဝိုင်းအဖွဲ့များ နေရာယူကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ရောက်ရှိကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား အလေးပြုကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၊ အခမ်းအနားသို့ တက်ရောက်လာသူများနှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်များနှင့် တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ပြုလုပ်သည်။

၎င်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ထံမှပေးပို့သော (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

၂၀၁၄ ခုနှစ် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ ရပ်ကွက်များအလိုက်၊ လမ်းများအလိုက် စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ **(အောက်ပုံ)**

ပုဇွန်တောင်မြို့နယ်ရှိ ရဲတပ်ဖွဲ့ဝင် မိသားစုများသည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို နံနက်ပိုင်းမှစ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ ဆင်နွှဲကြပြီး ညပိုင်းတွင်ရုံးအဆောက်အအုံကို ရောင်စုံမီးများ ထွန်းညှိကြသည်။

သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ၂၉ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးရှေ့၌ လွတ်လပ်ရေးနေ့မတိုင်ခင်ကပင် ဘောလုံးပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းမှစ၍ အပြေးပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပွဲများကို ကျင်းပကြကာ ညပိုင်းတွင် ဆုများ ချီးမြှင့်ကြသည်။

အလိုက် စတုဒိသာများကျွေးကြသည်။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညပိုင်းတွင် ဌာနဆိုင်ရာအဆောက်အအုံများ၌လည်းကောင်း၊ နေအိမ်အဆောက်အအုံများ၌လည်းကောင်း ရောင်စုံလျှပ်စစ်မီးများ ထွန်းကြသည်။

အားကစားပြိုင်ပွဲများကို ပျော်ရွှင်စွာဆင်နွှဲကြသည့်နည်းတူ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သဖြင့်

ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် ၅၁ လမ်းအထက်၊ လမ်း ၅၀ အထက်တို့တွင်လည်း လမ်းသူ လမ်းသားများ၊ မိသားစုများကကြီးမှူး၍ နံနက်ပိုင်းမှ ညနေပိုင်းအထိ ပျော်ပွဲရွှင်ပွဲများကျင်းပကြပြီး ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးတွင်လည်း ပျော်ပွဲရွှင်ပွဲပြိုင်ပွဲများ

သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ၂၄ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လွတ်လပ်ရေးနေ့ မတိုင်ခင်ကပင် ဘောလုံးပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းမှစ၍ အပြေးပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲများ၊ ညပိုင်းတွင် သီချင်းဆိုပြိုင်ပွဲကို ကျင်းပကြကာ ဆုများချီးမြှင့်ကြ၍ လမ်းများ

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ ကန်တော်ကြီးရေချိုငါးပြတိုက်၊ ကန်တော်မင်္ဂလာပန်းခြံ၊ ပြည်သူ့ရင်ပြင်၊ ပြည်သူ့ဥယျာဉ်နှင့် ကလေးကစားကွင်းများ၌လည်း မိသားစုအလိုက် လှေလာအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၆)နှစ်မြောက်လွတ်လပ်ရေး နေ့ သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးသန့်ဇင်က ဖတ်ကြားစဉ်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပရာ ဇန်နဝါရီ ၄ ရက်က ဧယျာဝတီရိပ်မြို့နယ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းသားသမီးများ ပျော်ရွှင်စွာ ကစားနေကြသည်ကို တွေ့ရစဉ်။

ကျော်သူဝင်း

လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အထက (၁) ၌ ဇန်နဝါရီ ၄ ရက်နံနက် ၇ နာရီက ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုပြီး ပန်းဘဲတန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်ဌေးက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရန် အိမ်ရှင်နိုင်ငံက အဆင်သင့်ဖြစ်

MICC ၌ အရေးကြီးပုဂ္ဂိုလ်များ အနားယူနိုင်မည့် VIP Holding Room ကို တွေ့ရစဉ်။ (ဓာတ်ပုံ - IPRD)

MICC ရှိ နိုင်ငံတော် ဧည့်ဂေဟာအိပ်ဆောင်များ ဖွဲ့စည်းတည်ဆောက်ထားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ - IPRD)

Hotel Royal ACE ကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

MICC ၌ နိုင်ငံအလိုက် အသုံးပြုနိုင်သည့် ရုံးခန်းငယ်ဖွဲ့စည်းထားမှုကို မြင်တွေ့ရစဉ်။ (ဓာတ်ပုံ - IPRD)

The Lake Garden Hotel ကို တွေ့ရစဉ်။ (ဓာတ်ပုံ- သတင်းစဉ်)

Imperial Lake Hotel ကို တွေ့ရစဉ်။ (ဓာတ်ပုံ- သတင်းစဉ်)

Junction Hotel ကို တွေ့ရစဉ်။ (ဓာတ်ပုံ- သတင်းစဉ်)

ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

အဆိုပါ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်၊ ဒုတိယသမ္မတဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဇနီး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများနှင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံတမန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အတွင်းရေးမှူးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီး

များ၊
ဌာနေ
၏
လွှတ်
ကော်
ဥက္ကဋ္ဌ
နှင့်

မီးရှူးမီးပန်း ပစ်ဖောက်

(၆၆
ကို ဂုဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အမေရိကန်ပြည်ထောင်စု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာဘားရက်အိုးဘားမားထံမှ ပေးပို့သော သဝဏ်လွှာ၌ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယအတွက် အမေရိကန်ပြည်သူများကိုယ်စားဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ အရေးပါသောအချိန်အခါသမယတွင် မိမိတို့သည် မြန်မာနိုင်ငံ၏အနာဂတ်ဒီမိုကရေစီခရီးသစ်ကို မြန်မာပြည်သူများနှင့်အတူ လျှောက်လှမ်းသွားမည်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်တစ်နှစ်ကျော်က သာယာလှပသည့် မြန်မာနိုင်ငံသို့ပထမဆုံးအကြိမ် မိမိရောက်ရှိခဲ့ရသော်လည်း ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ခဲ့မှုများနှင့် မြန်မာပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကို ကတိပြုထားသည့်အတိုင်း ပြုပြင်ပြောင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဖော်ဆောင်နေသည်ကို ကြားသိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ လွတ်လပ်၍ တက်ကြွသောအာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာရန် အဆွေတော်သမ္မတကြီးကတိပြုထားသည်ကို အမေရိကန်ပြည်သူများကိုယ်စား မိမိကဂုဏ်ပြုထောက်ခံပါကြောင်းနှင့် အဆွေတော်အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် ယခုနှစ်ကို အမေရိကန်ပြည်သူများက လှိုက်လှိုက်လှဲလှဲထောက်ခံအားပေးနေပါကြောင်း အမေရိကန်ပြည်သူများကိုယ်စား စကားလက်ဆောင်ပါးလိုက်ပါကြောင်း ဖော်ပြထားသည်။

အိန္ဒိယသမ္မတနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် အိန္ဒိယပြည်သူများနှင့် အစိုးရကိုယ်စားဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှု၊ ဘာသာရေး၊ဘာသာစကားနှင့် လူမျိုးစုတို့မှာ အခြေခံအားဖြင့် ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်ဆံလျက်ရှိသည့် နိုင်ငံများဖြစ်ပါကြောင်း၊ အဆိုပါ ရင်းနှီးချစ်ကြည်မှုများအပေါ် အခြေခံလျက် မိမိတို့အစိုးရအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကျိုးကို ရှေးရှု၍ အဆွေတော်သမ္မတကြီးနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနဗ့်မူခါဂျီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ပေးပို့သော သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများ ဝမ်းမြောက်ပျော်ရွှင်စွာရှိပါစေကြောင်း၊ အိန္ဒိယအစိုးရနှင့် အိန္ဒိယပြည်သူများကိုယ်စား ဆုမွန်ကောင်းတောင်းပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပြီး ကာလကြာရှည် လက်တွဲပူးပေါင်းလာခဲ့သည့် မိတ်ဖက်နိုင်ငံများဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြင့်တိုးတက်လာခဲ့ပြီး အနာဂတ်တွင် အဆွေတော်သမ္မတကြီးနှင့်အတူ လုံခြုံရေးတိုးမြှင့်ရန်၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အပါအဝင် ဆက်ဆံရေး တိုးတက်ခိုင်မာစေရန် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူပြီး ခရီးသစ်ကို လျှောက်လှမ်းရမည်ဖြစ်ပြီး အဆွေတော်သမ္မတကြီးအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ဖော်ပြထားသည်။

သြစတြီးယားနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သြစတြီးယားနိုင်ငံသမ္မတမစ္စတာဟိန့်ဇ်ဖစ်ရှာထံမှပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူများအတွက် အနာဂတ်တွင် သာယာပျော်ရွှင်ဖွယ်ဖြစ်ပါစေဟု ဆန္ဒပြုပါကြောင်း ဖော်ပြထားသည်။

ရိုမေးနီးယားနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ရိုမေးနီးယားပြည်သူများနှင့် မိမိကဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း၊ ရိုမေးနီးယားနိုင်ငံနှင့် မြန်မာနိုင်ငံ ရင်းနှီးချစ်ကြည်စွာဆက်ဆံပြီး အပြန်အလှန်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများနှင့် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးကျေးဇူးကို ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ပေးပို့သော ရိုမေးနီးယားနိုင်ငံ သမ္မတ မစ္စတာထရာယန်ဘာဆက်စ်ကူ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဟယ်လင်းနစ်သမ္မတနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်သမ္မတကြီးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော မြန်မာပြည်သူများအတွက် ကောင်းကျိုးချမ်းသာသုခပြည့်ဝပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာအန်တိုးနစ်စီဆာမာရက်မှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပေးပို့သော သဝဏ်လွှာတွင် ဖော်ပြထားသည်။

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန် ထံမှ လွတ် လပ် ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖတ်ကြားစဉ်။

သတင်းကျော
(သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်၌ အားကစားပြိုင်ပွဲကျင်းပရာ ငှက်ပျောပင်တက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဘော်ဂါသွေး

လွတ်လပ်ရေးနေ့အခမ်းအနား ပင်းတယ၌ကျင်းပ

ပင်းတယ ဇန်နဝါရီ ၄

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က မြို့နယ်အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက ဖတ်ကြားသည်။ **မိုးမိုးထွေး(ပင်းတယ)**

က
နေပြ
စောင့်
ကြီးမှု
ပျဉ်းမ
(၆၆)
အထိ
ပြိုင်ပွဲ
ယနေ့
သည်၊
မိခင်
ကြီးကြ
ခိုင်၊
စောင့်
ဒေါ်
အမျိုး
ဒေါ်မြ
များ၊
ရှိသူမ
ကဝေ
ဥက္ကဋ္ဌ
တွင်ဆ
တက်
ကဝေ
ကျင်း
မြို့နယ်

နေပြည်တော် ...းမှူး၊ ဒုတိယ ...တို့၏ဇနီးများ၊ ...စီဝင်များ၊ ဌာန ...ား၊ မြန်မာနိုင်ငံ ...ပ်ရုံးများမှ သံ ... ၎င်းတို့၏ဇနီး များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများ၊ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟို ကော်မတီဝင်များ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများ နှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ထို့အပြင် အခမ်းအနားတွင် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများလည်း ပစ်ဖောက်ဂုဏ်ပြုခဲ့ကြသည်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားတွင် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုစဉ်။

ကျော်ဇေယျ(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးနှင့် စံပြမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ တပ်ကုန်းမြို့နယ်နှင့် ပျဉ်းမနားမြို့နယ် သားဖွားခန်းတို့၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးနှင့်စံပြမိခင် ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အတွင်းရေးမှူးများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ၊ အသင်းဝင်များ၊ ပြိုင်ပွဲတွင်ဆုရရှိသည့် မိခင်နှင့်ကလေးများ တက်ရောက်ကြသည်။

ပျဉ်းမနားမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၌ ကျင်းပသော အခမ်းအနားတွင် မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းအေးက အဖွင့်အမှာစကားပြောကြားပြီး ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည်က ပြိုင်ပွဲစည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ပြောကြားကာ မိခင်များကို ကျန်းမာရေးပညာပေးဟောပြောခဲ့သည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသည့် ကလေးများနှင့် စံပြမိခင်များအား နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အတွင်းရေးမှူးများ၊ ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်ဆွေဦး၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ အေးစန္ဒာဝင်းတို့က စုစုပေါင်းအမြွာဆုအပါအဝင် ၂၅ ဆု၊ စံပြမိခင်ဆု သုံးဆုချီးမြှင့်ခဲ့သည်။

တပ်ကုန်းမြို့နယ် သားဖွားခန်းတွင်ကျင်းပသည့် အခမ်းအနား၌ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦးက ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ပြိုင်ပွဲစည်းကမ်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲတွင် ဆုရရှိသည့် ကလေးများနှင့် စံပြမိခင်များအား နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အတွင်းရေးမှူးများ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ အလှူရှင်များတို့က ကလေးပြိုင်ပွဲဆု ၂၀၊ နှစ်မြွာဆု ၁၈ ဆု၊ သုံးမြွာဆု တစ်ဆု၊ စံပြမိခင်ဆုလေးဆု၊ လွတ်လပ်ရေးမောင်မယ်ဆု သုံးဆု စသည်ဖြင့် ဆုများချီးမြှင့်ခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်ခဲ့သော ပြိုင်ပွဲများတွင် မွေးစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ခြောက်လတန်း၊ နှစ်နှစ်တန်း စသည်ဖြင့် ခွဲခြားပြီး ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



...နယ် ဘောဂ ...င်ပွဲ ယှဉ်ပြိုင် ...ဘော်ဂါသွေး

...ယ်၌ကျင်းပ

...(၆)နှစ်မြောက် ...ရက် နံနက် ၄ ...(၆)နှစ်မြောက် ...ဒသ ဦးစီးအဖွဲ့ ...ွး(ပင်းတယ)

လွတ်လပ်ရေးအထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ကြည့်ရှု၊ ဆုများချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၄

ယနေ့ကျရောက်သော ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့ မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အားပေးကြည့်ရှုကာ ဆုများချီးမြှင့်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အဆိုပါ အခမ်းအနားကို ပြည်ထောင်စုဝန်ကြီးနှင့်အတူ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲများကြည့်ရှုအားပေးရာ ပထမပွဲစဉ်အဖြစ် အမျိုးသမီး (လွန်ဆွဲ) တတိယလုပွဲအဖြစ် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ်အဖြစ် အမျိုးသား လွန်ဆွဲပြိုင်ပွဲတတိယလုပွဲကို ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ အနိုင်ရရှိသွားသည်။ တတိယပွဲစဉ်အဖြစ် အမျိုးသား(လွန်ဆွဲ)ဗိုလ်လုပွဲစဉ်ကို ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အနိုင်ရရှိသွားသည်။

စတုတ္ထပွဲစဉ်အဖြစ် အမျိုးသမီး (လွန်ဆွဲ)ဗိုလ်လုပွဲစဉ်အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအသင်းက အနိုင်ရရှိသွားသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဆုရရှိကြသည့် ပထမ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ တတိယ ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဆုများချီးမြှင့်သည်။ ဆက်လက်၍ ဖူဆယ်(အမျိုးသား) ဘောလုံးပြိုင်ပွဲမှ ဆုရရှိကြသည့် ပထမ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယလျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တတိယ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဆုများချီးမြှင့်သည်။

လွန်ဆွဲပြိုင်ပွဲ(အမျိုးသား)ပြိုင်ပွဲ၌ ဆုရရှိကြသည့် ပထမ ကာကွယ်ရေး၊ ဒုတိယ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ တတိယ ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ကို လည်းကောင်း၊ လွန်ဆွဲ(အမျိုးသမီး) ပြိုင်ပွဲ ဆုရရှိကြသည့် ပထမ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အသင်း၊ တတိယ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပျူကန်ရွာ တွဲဖက်အလယ်တန်းကျောင်းသို့သွားရောက်ပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းစေရေးအတွက် ကျောင်းနေအရွယ်ကလေးများ နွားနို့သောက်သုံးသင့်ကြောင်း၊ ပညာတတ်လူငယ်လူရွယ်များ ပေါ်ထွန်းစေရေးကျောင်းစာများကို ပိုမိုကြိုးစားသင်ယူသင့်ကြောင်း၊ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းသုံးပရိဘောဂများပြည့်စုံစွာ ဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း၊ အလယ်တန်းကျောင်းခွဲအတွက် စာသင်ကျောင်းဆောင်ရရှိရေး ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပျူကန်ရွာဓမ္မာရုံ၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ မိသားစုဝင်များ အပိုဝင်ငွေရရှိစေရေး တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သင့်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် မွေး/ရေ ကျေးလက်သင်တန်းများ ကျေးရွာအရောက် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ နွားမျိုးမပြုန်းတီးရေး၊ နို့ထွက်ကောင်းသည့် နို့စားနွားမများ တိုးချဲ့မွေးမြူရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားပြီး ရွာအဝင်လမ်း နှစ်မိုင် ကျောက်ချောလမ်းခင်းခြင်း၊ ကျေးရွာလျှပ်စစ်မီးသွယ်တန်းရန် ငွေကျပ်သိန်း ၃၀ ထောက်ပံ့ခြင်း၊ ကျေးရွာဆေးပေးခန်းအတွက် ပြတင်းတံခါးတပ်ဆင်ရန် ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကွင်းဆင်းအဖွဲ့သည် ပျူကန်ဆည်၏ လက်ရှိရေထိန်းသိမ်းမှု၊ သုံးစွဲမှု၊ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် ကန်ပတ်လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တံတားဦးမြို့နယ် ရေဂမိုးရွာ၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ နွားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် အာဟာရပြည့်ဝသည့် မြက်မျိုးများ စိုက်ပျိုးရန်လိုအပ်ကြောင်း၊ မိသားစုအပိုဝင်ငွေရရှိရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သင့်ကြောင်း၊ ပျားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပါက ဒေသနှင့်ကိုက်ညီပြီး စီးပွားရေး တွက်ခြေကိုက်မည်ဖြစ်ကြောင်း၊ မွေးမြူနည်းစနစ်များ သိရှိနိုင်ရန် ပျားလုပ်ငန်းဌာနမှ ကျေးရွာအရောက် သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း ပြောကြားပြီး ကျေးရွာမီးလင်းရေးအတွက် ငွေကျပ်သိန်း ၃၀ နှင့် စာသင်ခုံများထောက်ပံ့ခြင်း၊ အထက်တန်းကျောင်းခွဲ ရေရရှိရေး ရေပိုက်သွယ်တန်းပေးခြင်းနှင့် ဆိုလာမီးများ ပေးအပ်လှူဒါန်းပြီး ခေါင်းကွဲကျေးရွာ၊ ကူးတို့ဆိပ်ရွာများသို့ သွားရောက်ကာ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးပြိုင်ပွဲဆုချီးမြှင့်

မန္တလေး ဇန်နဝါရီ ၄

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲကို မန္တလေးမြို့ လမ်း ၆၀နှင့် ၃၅ လမ်းထောင့်ရှိ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်များမှ ပြိုင်ပွဲဝင်ကလေးငယ်များ၊ မိခင်များ စုစုပေါင်း ၁၀၇ ဦးတို့က နံနက် ၉ နာရီ၌ ပါဝင်ယှဉ်ပြိုင်ကြရာ ချမ်းအေးသာစံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းလင်းချစ်က အမှတ်ပေးစည်းမျဉ်းအကြောင်းကို ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြတ်ငွေနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ ဥက္ကဋ္ဌ ဒေါ်ငွေငွေအောင်၊ မြို့နယ်အသင်းဥက္ကဋ္ဌများက မွေးစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ခွဲ၊ တစ်နှစ်ခွဲမှ နှစ်နှစ်အထိ အမြွှာကလေးများ တစ်ဦးချင်းတို့ကို ကျန်းမာရေးစစ်ဆေးခြင်း အစရှိသည်တို့ဖြင့် အကဲဖြတ်အမှတ်ပေးရွေးချယ်ကြပြီး ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) **တင်မောင်(မန္တလေး)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ပျော်ပွဲရွှင်ပွဲများ မန္တလေး၌ ကျင်းပ

မန္တလေး ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ပျော်ပွဲရွှင်ပွဲများနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်အတွင်းရှိ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရနှင့် ပုသိမ်ကြီးမြို့နယ်များရှိ အခြေခံပညာကျောင်းများရှိ အားကစားကွင်းများအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်များရှိ မြို့နယ်အားကစားကွင်းများ၌ ဒီဇင်ဘာ ၃၀ ရက်မှစတင်၍ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေး၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့နှင့် ဒေသခံ အားကစားဝါသနာရှင်၊ ပညာရှင်တို့က ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်လူကြီးများ ပူးပေါင်းကာ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် အမျိုးသား၊ အမျိုးသမီးအပြေးပြိုင်ပွဲများ၊ မုန့်စားပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်၊

စစ်တုရင်ကလေးပြိုင်ပွဲများ၊ ခြေပူးကြိုးချည်အပြေးပြိုင်ပွဲ၊ ထုပ်ဆီးတိုး၊ စက်ဘီးအနှေးစီး၊ သံပရာသီးဇွန်းကိုက်ပြိုင်ပွဲ၊ ဖယောင်းတိုင် မီးထွန်းပြိုင်ပွဲနှင့် ဂိုးကျဉ်းဘောလုံးပြိုင်ပွဲ အစရှိသည့် အားကစားပြိုင်ပွဲမျိုးစုံတို့ကို သက်ဆိုင်ရာမြို့နယ်တို့မှ ရပ်ကွက်အလိုက် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ကလေးများ၊ အမျိုးသား၊ အမျိုးသမီးတို့က မိဘဆွေမျိုးများနှင့်အတူ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြရာ ဆုများကိုလည်း ပြိုင်ပွဲပြီးသည့် ပြိုင်ပွဲအလိုက် ဆုချီးမြှင့်ပေးအပ်ကြပြီး ကျန်ရှိပြိုင်ပွဲများကိုလည်း လွတ်လပ်ရေးနေ့ ပြိုင်ပွဲပြီးစီးချိန် တာဝန်ရှိသူတို့က ဆုချီးမြှင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂ ရက်က ပုသိမ်ကြီးမြို့နယ် အမေ့ရင်ခွင်မူကြို၌ ကျင်းပခဲ့သည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကလေးပြိုင်ပွဲကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကေသီဆွေနှင့် အသင်းဝင်များ၊ မြို့နယ်ဆရာဝန်နှင့် သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်ကလေးများကို အသက်ပိုင်းခြားအလိုက် ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်ချိန်တွယ်၍ အရပ်အမြင့်တိုင်းတာကာ ဉာဏ်ရည်ဉာဏ်သွေး စစ်ဆေးခြင်းတို့ဖြင့် ဆရာဝန်နှင့် ဒိုင်အဖွဲ့တို့က အကဲဖြတ်အမှတ်ပေး စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်ခဲ့ကြသည်။

ဆုများချီးမြှင့်

ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် မန္တလေး ချမ်းမြသာစည်မြို့နယ် အမှတ်(၁၇) အလက(ခွဲ)ကျောင်းတွင် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းတွင်း အားကစားပြိုင်ပွဲ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆရာ ဆရာမများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ပိုပိုစံတို့က ဆုရကလေးငယ်များကို ဆုများချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

တင်မောင်(မန္တလေး)

ပြင်ဦးလွင်မြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ပြင်ဦးလွင် ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့၌ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲများသို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ အားကစားမောင်မယ်များ စိတ်အားထက်သန်စွာ ဝင်ရောက်ပါဝင်ဆင်နွှဲလျက်ရှိရာ ညံတောအားကစားကွင်း၌ ကျင်းပသော ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၅ သင်းဖြင့်လည်းကောင်း၊ လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း၌ ကျင်းပသော ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၅ သင်းဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် သတ်မှတ်နေရာများ၌ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ စစ်တုရင် အားကစားပြိုင်ပွဲများနှင့် စာစီစာကုံး၊ လွတ်လပ်ရေးနေ့ အကြိုစာပေဟောပြောပွဲများ ကျင်းပသည့်အပြင် ပျော်ပွဲရွှင်ပွဲအားကစားနည်းများဖြစ်သော အာလူးကောက်၊ ပူစီဖောင်းမှုတ်၊ ဇွန်းကိုက်ပြေး၊ မုန့်စားပြိုင်ပွဲစသောပြိုင်ပွဲများကို ထည့်သွင်းကျင်းပပေးလျက်ရှိရာ တပျော်တပါးနှင့် စည်ကားလျက်ရှိသည်။

ပြိုင်ပွဲများသို့ မြို့နယ်မှတာဝန်ရှိသူများ၊ အားကစားပြိုင်ပွဲကော်မတီများ၊ အားကစားသမားများနှင့် လာရောက်ကြည့်ရှုအားပေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)ဖြင့် အစ်ကိုကြီး **ဦးသန်းထွန်း** (ဥက္ကဋ္ဌ၊ မုံရွာရွှေအုပ်စု ကုမ္ပဏီလီမိတက်)အား **သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် ဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး
အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ၊ သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)ဖြင့် **ဦးသန်းထွန်း** (ဥက္ကဋ္ဌ၊ မုံရွာရွှေအုပ်စု ကုမ္ပဏီလီမိတက်)အား **သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးကိုလည်း ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ
မုံရွာရွှေအုပ်စုကုမ္ပဏီလီမိတက်

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ပုဗ္ဗသီရိမြို့နယ် စုပေါင်းရုံးရှေ့ အလံတိုင်တွင် ကျင်းပခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား သဝဏ်လွှာကို မြို့နယ် အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ကျော်လွင်က ဖတ်ကြားခဲ့သည်။ **(ဝဲပုံ)**

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များ၊ NGO များ စုစုပေါင်း ၁၈၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(၁၅၄)

လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

ချောင်းဦး

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ ကျင်းပသည်။

ရှေးဦးစွာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက နေရာယူကြပြီး နိုင်ငံတော်အလံတင်အဖွဲ့က မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော်အလံကို လွှင့်တင်ပေးကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှသိန်း၊ ဂုဏ်ပြုတပ်ဖွဲ့နှင့် တာဝန်ရှိသူများက နိုင်ငံတော်အလံအားလည်းကောင်း၊ ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအားလည်းကောင်း အလေးပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှသိန်းက ဖတ်ကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုက်ကြီး

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းရှိ တင်းနစ်အားကစားကွင်းတွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကျင်းပရာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံလွှင့်တင်ပြီး အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုကြသည်။

နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက ဖတ်ကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိတ္ထီလာမြို့ လွတ်လပ်ရေးပန်းခြံ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပသည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး ဖတ်ကြားစဉ်။

ချမ်းသာ(မိတ္ထီလာ)

စာပေမြင့်မှ လူမျိုးတင့်မည်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ပဲခူးတွင်ကျင်းပ

ပဲခူး ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီခွဲက ပဲခူးမြို့ ရွှေမော်ဓောယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နေပြည်သူများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀၀ခန့်တက်ရောက်ခဲ့ကြပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ဖတ်ကြားခဲ့ကြောင်းသိရသည်။ **သန့်စင်**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို တိုက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားစဉ်။

ထွန်းလှိုင်(မြိုင်)

လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

လှိုင်ကော်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က လှိုင်ကော်မြို့ ကန္ဒာဟောဝန် ပန်းခြံရှိ ကျောက်သားရင်ပြင်၌ ကျင်းပရာ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဂုဏ်ပြုတပ်ဖွဲ့များ တက်ရောက်အလေးပြုကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဖျာပုံ

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှိ ဂုဏ်ပြုတပ်ဖွဲ့မှ ဦးဆောင်ကာ တက်ရောက်လာသူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက ဖတ်ကြားသည်။ ယင်းနောက် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ညွန့်ဗိုလ်**

"လိုက်လံစွာအထူးဝမ်းမြောက်ဂုဏ်ယူခြင်း"

ဒေါ်ဝေဝေမွန် (ဒါရိုက်တာ-ရွှေဟိန်းထက် Group Company Limited)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာ ပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များမှ သုဓမ္မသိဂီဘွဲ့အား ချီးမြှင့်ခြင်းခံရသည့် ဒေါ်ဝေဝေမွန် (ဒါရိုက်တာ-ရွှေဟိန်းထက်ကုမ္ပဏီ)အတွက် လှိုက်လှိုက်လှဲလှဲဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် ယခုကဲ့သို့ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေသည့် သာသနာ့ပြုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အဝအား နောင်သံသရာ၌ နေက်ဗိလ်နိဗ္ဗာန်ရသည်အထိ ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်း၍ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းများ

(ရွှေဟိန်းထက် Group Company Limited)

"လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

ဒေါ်ဝေဝေမွန် (ဒါရိုက်တာ)

("ရွှေဟိန်းထက်" Group Company Limited)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်မှ သုဓမ္မသိဂီဘွဲ့အား ချီးမြှင့်ခြင်းခံရသည့် ဒေါ်ဝေဝေမွန် (ဒါရိုက်တာ-ရွှေဟိန်းထက်ကုမ္ပဏီ)အတွက်လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူတကွ အမျိုး၊ ဘာသာ၊ သာသနာတော်ကြီး၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်နိုင်ပါစေသားဟု ဆုမွန်ကောင်းတောင်း၍ လှိုက်လှဲစွာဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

ချစ်သောခင်ပွန်း- ဦးဝင်းနိုင် (MD)

("ရွှေဟိန်းထက်" Group Company Limited)

ချစ်သမီးကြီး- သဲနှင်းဟိမ်(ခ)Richelle (Grade-XI YIS)

ချစ်သမီးလေး- မေသိမ့်မွန်(ခ)Maureen (Grade-VIII YIS)

ချစ်သမီးထွေး- ဝေဝေထက်နိုင်(ခ) Wai Wai(Grade-II YIS)

ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေး ထောက်ပံ့ငွေများနှင့် ပစ္စည်းများလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ထန်းပင်ပရိယတ္တိကျောင်းတိုက်၌ ဖျာပုံနှင့် ဒေးဒရဲမြို့နယ် ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် နွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေလှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ပြည်သူလူထုဗဟိုပြုအစိုးရဖြစ်တဲ့အတွက်ကြောင့် တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူများရဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် လူမှုရေးလိုအပ်ချက်များကို ဝန်ကြီးဌာနအနေနဲ့ တတ်နိုင်သလောက် ကြိုးစားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားပြီး သဘာဝဘေးသင့်ကျေးရွာများအတွက် ငွေကျပ်သိန်း ၅၀၀၊ ဖျာပုံမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ရေးတာဝန်ထမ်းဆောင်စဉ်၌ သေဆုံးခဲ့သူအတွက် ငွေကျပ် တစ်သိန်း၊ လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာ မီးဘေးသင့် အိမ်ခြေ ၂၁၃လုံးနှင့် လူဦးရေ ၁၂၇၈ ဦးအတွက် ၃၃ သိန်းခန့်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ အိမ်ဆောက်ပစ္စည်းများနှင့် ငွေကျပ် ၁၂၇ ဒသမ ၉၈ သိန်း စုစုပေါင်း ငွေကျပ် ၆၂၈ ဒသမ ၉၈ သိန်းကို ထောက်ပံ့လှူဒါန်းသည်။ ဆက်လက်၍ ဖျာပုံမြို့နယ် ဖျာပုံတမံကျေးရွာ အထကနှင့် ကျေးရွာဆက်လမ်း၊ အကြီးကရင်စုကျေးရွာ၌ ဆိုလာမီးအိမ်များ တပ်ဆင်နေမှု၊ ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လေးခန်းတွဲတစ်ထပ်တိုက် ကယ်ဆယ်ရေးဂိုဒေါင်နှင့် ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာတို့ကို လှည့်လည်စစ်ဆေးကာ ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ထောက်ပံ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ဒေးဒရဲမြို့ အလယ်သံတန်ဆောင်ဘုရားကြီး၌ ဒေးဒရဲမြို့နယ်ရှိ ကျေးရွာများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် နွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေလှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားပြီး ဖျာပုံတမံကျေးရွာ အထကနှင့် ကျေးရွာဆက်လမ်းကို ကွန်ကရစ်လမ်းတည်ဆောက်ရန် ငွေကျပ်သိန်း ၅၀၊ ကနိတင်ပလွဲကျေးရွာ ကွန်ကရစ်လမ်းတည်ဆောက်ရန် ငွေကျပ်သိန်း ၅၀၊ အကြီးကရင်စုကျေးရွာ ဆိုလာပါဝါအစုံ ၈၀ အတွက် ငွေကျပ် သိန်း ၆၀၊ ဘိုးဘကုန်းကျေးရွာအတွက် ငွေကျပ် ၄၈ သိန်းတန်ဖိုးရှိ မီးစက်General နှင့် ဆက်စပ်ပစ္စည်းများ၊ ဘုရားကုန်းကျေးရွာအတွက် ငွေကျပ် ၄၅ သိန်းခန့် တန်ဖိုးရှိ မီးစက် General နှင့် ဆက်စပ်ပစ္စည်းများ၊ ဂေးဂူကျေးရွာအတွက် ငွေကျပ် ၄၈ သိန်းခန့်တန်ဖိုးရှိ မီးစက် Generalနှင့်ဆက်စပ်ပစ္စည်းများ၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် ငွေကျပ် ကိုးသိန်းတန်ဖိုးရှိ ဆိုလာပါဝါ သုံးစုံ၊ သံဒင်းကျေးရွာအတွက် ငွေကျပ် သိန်း ၄၀ တန်ဖိုးရှိ ဆိုလာပါဝါအစုံ ၅၀၊ ကွန်းညိုကြီးကျေးရွာ၊ တညင်ကုန်းကျေးရွာနှင့် တော်ကမယ်ကျေးရွာများ အတွက် ငွေ ကျပ် ၁၄၄ သိန်းတန်ဖိုးရှိ မီးစက် General နှင့် ဆက်စပ်ပစ္စည်း သုံးစုံ၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် ငွေကျပ် ခြောက်သိန်း တန်ဖိုးရှိ ဆိုလာပါဝါနှစ်စုံတို့ကို ထောက်ပံ့လှူဒါန်းသည်။ ဦးအောင်ဇော်မြင့်-ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင် မိသားစုက ဖျာပုံတစ်ခရိုင်လုံးအတွက် ဝိုင်းကြီးပတ်စနစ်ဖြင့် မတည်ချေးငွေကျပ် ၃၃၄ သိန်း မတည်ပေးထားကာ အတိုးအရင်း စုစုပေါင်း ငွေကျပ် ၄၃၄ သိန်း ရင်းနှီးမတည်ပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၄-၁-၂၀၁၄

ရွှေစျေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေစျေး	တစ်ကျပ်သား	၆၅၃၅၀၀-၆၁၅၁၀၀
မန္တလေးရွှေစျေး	တစ်ကျပ်သား	၆၅၃၈၀၀-၆၁၅၃၀၀

(အချိန်နှင့်အမျှ စျေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်စျေး (ပြင်ပငွေလဲပေါက်စျေး)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၆	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၈	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၀. ၇၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၇၅-၁၆. ၃	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၉-၂၉၇	ကျပ်

စက်သုံးဆီစျေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၈၀၀-၃၇၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၇၀၀-၆၂၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၅၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၃၀၀-၁၁၂၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းတင်ပြသည်။

ပညာရေးမဖွံ့ဖြိုးသေးသည့်ဒေသသို့ ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဆင်ကူးကျေးရွာ အခြေခံပညာ တွဲဖက်အထက်တန်းကျောင်းမှ ၂၀၁၃- ၂၀၁၄ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် အလျားပေ ၉၀၊ အနံ ၃၄ ပေ အာရ်စီတစ်ထပ် ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က ဆင်ကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ဦးမြင့်အောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ မြောင်းမြခရိုင် ပညာရေးမှူး)က "ဒီကျောင်းလေးက တစ်နှစ်က ပထမဆုံးတွဲဖက်ကျောင်းပေါ့။ မြို့နယ်ကနေ ဒီနှစ်တော့ အထက(ခွဲ) ကျောင်းချပေးလိုက်တာပေါ့။ ပထမကတွဲကျောင်းပါ။ ဒီနှစ် ရေကျော်ရယ်၊ဆင်ကူးရယ်(ခွဲ)ကျောင်းတွေဖြစ်ကုန်ပြီ၊ ကလေးတွေအတွက်လည်း အဝေးကြီးမသွားရတော့ဘူး။

အရင်က မြို့သွားရတယ်။ အခုဆို ကိုယ့်ရွာနဲ့ကိုယ့်ကျောင်း ဖြစ်သွားတာပေါ့"ဟု ပြောကြားသည်။

ထပ်မံ၍ ၎င်းက "အခုလိုမဖွံ့ဖြိုးသေးတဲ့ဒေသမှာ လာရောက်ပြီး ကျောင်းဆောက်လှူဒါန်းတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရတယ်။ ပညာရေးမှာ တကယ်လိုအပ်တယ်၊ တချို့ကျောင်းတွေမှာ ကျောင်းသားဦးရေနဲ့ အဆောက်အအုံက မလုံလောက်ဘူး။ အခုလိုအလှူရှင်က စေတနာနဲ့ဆောက်လုပ်လှူဒါန်းတဲ့အတွက် ကလေးတွေ ပညာသင်ကြားရေး အဆင်ပြေသွားတာပေါ့" ဟု ပြောသည်။

ဦးဝင်းကိုကို (ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့)က "ပညာရေးအတွက် အခုလိုမဖွံ့ဖြိုးသေးတဲ့ ဒေသတွေမှာ ကျောင်းဆောက်လုပ် လှူဒါန်းတာ အလွန်မှန်မြတ်တဲ့ကုသိုလ်ပါ။ အလှူရှင်က မြောင်းမြသားပေါ့ဗျာ။ ရန်ကုန်ရောက်သွားပြီး စီးပွားရေးတွေ အဆင်ပြေတဲ့အခါ ကိုယ့်မြို့ကိုယ့်ရွာပြန်ပြီး လှူဒါန်းပေးတဲ့အတွက် ဝမ်းသာတာပေါ့၊ အလှူရှင်တွေကိုယ်တိုင် ဆောက်လုပ်ပြီးလှူတဲ့အတွက် မြောင်းမြမြို့နယ်အတွင်း ကျောင်းတွေဆောက်လုပ်ပြီး လှူတဲ့အတွက် မြောင်းမြမြို့နယ်အတွင်း ကျောင်းတွေဆောက်တဲ့အထဲမှာ စံနမူနာပြ ကျောင်းတစ်ကျောင်း ဖြစ်သွားတာပေါ့"ဟု ပြောသည်။

ရန်ကုန်မြို့ စိန်အပေါင်ဆိုင်လုပ်ငန်းနှင့် တိုးတက်တော်ဝင်ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီမှ ဦးဝင်းမြင့် (ကျောင်းအလှူရှင်)က "မဖွံ့ဖြိုးသေးတဲ့ ကျွန်တော့်ဒေသမှာ ကျောင်းဆောက်လုပ်လှူဒါန်းခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဒီဆင်ကူးရွာက မြောင်းမြမြို့နဲ့ ၁၇ မိုင်လောက်ဝေးပါတယ်။ ယခုဆို အထက(ခွဲ)လည်းဖြစ်သွားတော့ ကလေးတွေပညာသင်ကြားရေးအတွက် အဆင်ပြေသွားတာမို့ လှူဒါန်းရတာပိုဝမ်းသာပါတယ်"ဟု ပြောသည်။ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဆင်ကူးကျေးရွာရှိ အထက(ခွဲ)ကျောင်းတွင် ဆရာ ဆရာမ ၁၅ ဦးဖြင့် ကျောင်းသား ကျောင်းသူ ၅၀၀ကျော်ကို သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားပေးလျက်ရှိသည်။ အဆိုပါ ဆင်ကူး အထက(ခွဲ)ကျောင်း တိုးမြှင့်လိုက်သည့်အတွက် အနီးအနားကျေးရွာများမှ ကျောင်းသား ကျောင်းသူများ သွားလာရေးအဆင်ပြေသွားပြီး ပညာသင်ကြားရေးအတွက် အေးအေးချမ်းချမ်းဖြင့် သင်ကြားခွင့်ရရှိတော့မည်ဖြစ်သည်။

နေလင်း(သတင်းစဉ်)

တင်ဒါခေါ်ယူခြင်း

တောင်ငူတက္ကသိုလ်(၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ဓာတ်ပုံအိတ်ဖွင့်တင်ဒါအတွက် ၁၆-၁-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီနောက်ဆုံးထား၍ တင်ဒါပုံစံများ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၅၄-၂၄၀၀၁၊ ၀၅၄-၂၄၄၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံတင်ဒါရွေးချယ်ခေါ်ယူရေးအဖွဲ့
တောင်ငူတက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃/၉၄) ရပ်ကွက်၊ ၅ လမ်း၊ (စီ)ဘလောက်၊ တိုက်အမှတ် ၃၄၊ အခန်း ၄၀၄၊ လေးလွှာအခန်းနှင့်တကွ ဥပဒေရေးရာ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၁-၁-၂၀၁၄ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုရှိသူထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းဟန်
LL.B, DML, DAPsy, DIL, DBL
စာပေဗိမာန်(အငြိမ်းစား)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၁)

အိမ်-အမှတ် ၇၇၆၊ ၂ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၃၀၈၇၃

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘုရင့်နောင်တံတားအမှတ်(၂)နှင့် မြန်မာ-လာအို ချစ်ကြည်ရေးတံတားများ၏ တည်ဆောက်ရေးစီမံကိန်းများတွင်သုံးစွဲရန် အရေးပေါ်လိုအပ်နေသော အောက်ဖော်ပြပါစက်ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဖြင့် ဝယ်ယူလိုပါသည်-

-	SD 15 Hydraulic Rotary Drilling Rig	(1)Set
-	Mobile Asphalt Plant (30 TPH)	(1)Set
-	Asphalt Paver(width 2.5~9m) With Leveling Sensor	(1)Set
-	Drop Hammer	(4)Sets
-	Sheet Pile(600×130×10.3)mm	(350)Tons

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၁-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၄-၁-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၃၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများ
စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၁၁)ဝင်း၊ စက်မှုဦးစီး၊ နေပြည်တော်
ဖုန်း-၀၉-၅၁၄၇၁၂၉၊ ၀၉-၈၆၃၆၁၈၅၊ ၀၆၇-၄၀၇၆၀၂

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ No .35နေ ကျွန်တော်ဦးစန်းမြင့် ၁/မကန(နိုင်)၀၂၀၃၃၃၏သမီး မခင်နှင်းလွင် ၁/မကန(နိုင်)၁၁၉၅၅၁သည် မိသားစုအားအကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိသားစုနှင့်မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစန်းမြင့် ၁/မကန(နိုင်)၀၂၀၃၃၃**

အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V TRANS PACIFIC 5 (V:363) သင်္ဘောသည် ၆-၁-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၅၆၉၁၃၊ ၂၅၆၉၀၃၊ ၂၅၆၉၂၄၊ ၂၅၆၉၁၄

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၁၅-က)နေ ဦးကျော်တင့် ၁၂/သဃက(နိုင်)၀၈၉၄၈၅၊ ဒေါ်ဝေဝေနိုင် ၁၂/သဃက(နိုင်)၀၈၇၇၅၈တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၉၆၉၊ (အလျား၁၉ပေ×အနံ ၆၆ပေ)၊ ဧရိယာ ၀ ဒသမ ၀၂၈၇ဧက၊ စတုရန်းပေ ၁၂၅၄ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မျိုးညွန့်၊ အထက်တန်းရှေ့နေ၊ (စဉ်-၂၂၀၀၆)
အမှတ် ၃၅၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဒက္ခိဏသီရိမြို့နယ်၌ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးက ဖတ်ကြားပြီး **(ယာပုံ)** ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGOများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်အုပ်ချုပ်ရေးမှူးရုံး)**

လွတ်လပ်ရေးနေ့ကျင်းပ

ပေါင် ဇန်နဝါရီ ၄

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ပေါင်မြို့နယ် လွတ်လပ်ရေးကျောက်တိုင်ရှေ့ ကွင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူးဦးမြင့်နိုင်က ဖတ်ကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အပြေးပြိုင်ပွဲ ချောင်းဦးမြို့၌ ကျင်းပ

ချောင်းဦး ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချောင်းဦးမြို့နယ် စည်ပင်သာယာရေးကော်မတီကကြီးမှူးကျင်းပသည့် ချောင်းဦးမြို့နယ် အဆင့် မိုင်ရှည် ၂၆ မိုင် တာဝေးအပြေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၄ နာရီ ၁၅ မိနစ်က ကျင်းပရာ မြင်းမူမြို့နယ်တိုးဂိတ်မှ ချောင်းဦးမြို့နယ် ပြည်သူ့အားကစားကွင်းတွင် ပန်းဝင်ကြသည်။ ပန်းဝင်လာကြသည့် ပြိုင်ပွဲဝင် အားကစားသမားများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်သိန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများက လှိုက်လှဲစွာဖြင့် ကြိုဆိုအားပေးခဲ့ကြသည်။ **(ယာပုံ)**

ပြိုင်ပွဲတွင် ဆုရရှိသူများကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့အခမ်းအနား မြို့နယ်များ၌ကျင်းပ

ရွှေကူ

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ကချင်ပြည်နယ် ရွှေကူမြို့နယ် ပြည်သူ့အားကစားပြိုင်ပွဲကြီးအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်၌ ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြို့နယ်ရဲတပ်ဖွဲ့က နိုင်ငံတော်အလံကို လွှင့်တင်၍ အလေးပြုကြသည်။

(မြို့နယ် ပြန်/ဆက်)

ဝိုင်းမော်

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ကချင်ပြည်နယ် ဝိုင်းမော်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မြက်ခင်းပြင်၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ကျင်းပသည်။

နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းက ဖတ်ကြားသည်။ **ခင်နှင်းရီ**

နောင်ချို

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ မြစိမ်းသာကျောက်တိုင်ကွင်း၌ ကျင်းပပြီး နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထက်က ဖတ်ကြားသည်။ **(ဝဇိသ)**

ခန္တီး

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ခန္တီးမြို့ပြည်သူ့အားကစားကွင်းအတွင်းရှိ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ဖတ်ကြားသည်။

(ခရိုင် ပြန်/ဆက်)

မြောင်

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမရှေ့၌ ကျင်းပသည်။

တင်ကိုကို

မသန်စွမ်း အားကစားပွဲတော်တွင် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ သင်တန်းသားများ ဖျော်ဖြေမည်

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်း၌ အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်ထိ လက်ခံကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ သင်တန်းသားများက ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် အားကစားရက်များ၏ ညစဉ် ညတိုင်းတွင် မြန်မာ့ရိုးရာဆိုင်းဝိုင်းများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ ဇန်နဝါရီ ၃ ရက်မှစတင်ကာ နေပြည်တော် အမှတ်(၇) တည်းခိုရေးစခန်းတွင် လေ့ကျင့်လျက်ရှိသည်ကို တွေ့ရသည်။ **(ယာပုံ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်မြို့ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ သင်တန်းသားများသည် ဖွင့်ပွဲကျင်းပမည့် ဇန်နဝါရီ ၁၄ ရက် ညပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားရုံကြီးတွင် မြန်မာ့ဆိုင်းဝိုင်းအစုံဖြင့် ဖျော်ဖြေတင်ဆက်မည့်အပြင် ၎င်းညတွင် မျက်မမြင်သင်တန်းသား သုံးဦး၊ မျက်မမြင်သင်တန်းသူ သုံးဦး စုစုပေါင်း ခြောက်ဦးဖြင့် "စွမ်းစွမ်းတမံ အာဆီယံ" တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုမည်ဖြစ်ပြီး ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ နေပြည်တော် အားကစားရွာ (Goal Camp)တွင် ရိုးရာဆိုင်းဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း အသင်းအုပ်ချုပ်သူ ဦးမျိုးမြင့်အောင်က ရှင်းပြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ရန်ကုန်မြို့ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ အုပ်ချုပ်သူ ဦးမျိုးမြင့်အောင်၊ နည်းပြ ဦးအောင်မြင့်နိုင်တို့ ဦးစီး၍ ပါဝင်ဖျော်ဖြေတင်ဆက်မည့် သင်တန်းသား သင်တန်းသူ ၁၂ ဦးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် မသန်စွမ်း အားကစားသမားများ အားကစားပွဲတော်အတွက် အစွမ်းကုန် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မင်္ဂလာဆုတောင်း

ဆရာနှင့် အစ်မတို့၏ ၅-၁-၂၀၁၄ရက် မင်္ဂလာရက်မြတ်မှသည် စိန်ရတုတိုင် ကျန်းမာ ချမ်းသာ အောင်မြင်စွာဖြင့် ပျော်ရွှင်စွာ လက်တွဲလျှောက်လှမ်းနိုင်ပါစေ။

ကိုမြတ်သူ-မကေ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ရသောမေမေ **ဒေါ်ထွေးထွေးခိုင်**၏ ဇန်နဝါရီ ၅ ရက်တွင် ကျရောက်သည့်မွေးနေ့မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်တိုင်အောင် ချစ်ရသော ဖေဖေ၊ ချစ်သမီး၊ ချစ်သားတို့နဲ့အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်သောမိသားစုဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း - ဗိုလ်ကြီးညွှန့်ဝင်း (ငြိမ်း)
ချစ်သမီးလေး - မအေးချမ်းမိုး [Grade-10(B)၊ အထက-၂၊ စမ်းချောင်း]
ချစ်သားလေး - မောင်ကျော်ပုညဟိန်း [Grade-4(B) အထက-၃၊ မရမ်းကုန်း]

မြေကွက်ရောင်းမည်

အမှတ် ၂ လမ်းမဘေးရပ်ကွက်၊ စီးပွားရေးတက္ကသိုလ်ဘေးရပ်ကွက်၊ ပေ (၄၀×၆၀) ကျပ် ၇၇ သိန်း၊ ပွဲစား၊ ဝယ်ရောင်း လုံးဝမလို။

ဖုန်း-၀၉-၂၅၀၃၈၉၃၁၁

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် လသယ(၁)တိုးချဲ့၊ မြေကွက်အမှတ် ၅၈/က+ခ၊ မြေကွက်တည်နေရာ ၅၈/က+ခ၊ မင်းရဲကျော်စွာလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးခင်ညွန့်၊ ဒေါ်နှင်းရွှေ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးခင်ညွန့်၊ ဒေါ်နှင်းရွှေတို့ထံမှ အရပ်ကတိ အရောင်းစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်ခင်သော် ၁၂/အစန(နိုင်)၁၂၅၈၀၅ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာများတင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်အတွင်းရှိ ဟိုပန်မြို့နယ်၊ ပန်လုံမြို့နယ်ခွဲ၊ မန်ကန်မြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ်၊ လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	**အမှတ်စဉ်(၃) (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)**
၁။ လမ်းခင်းကျောက်မျိုးစုံ	၁၀၈၅·၀၀ ကျင်း
၂။ ဘိလပ်မြေ	၄၂၀·၆၀ တန်
၃။ သဲ	၃၀၇·၀၀ ကျင်း
၄။ သစ်(ရွယ်စုံ)	၈·၀၀ တန်
၅။ **တင်ဒါပိတ်မည့်ရက်/အချိန်**	၁၆-၁-၂၀၁၄ရက် ၁၆း၃၀နာရီ
၆။ **တင်ဒါဖွင့်မည့်ရက်/အချိန်**	၁၇-၁-၂၀၁၄ရက် ၀၉း၀၀နာရီ
၇။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ**	ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဟိုပန်ခရိုင်၊ ဟိုပန်မြို့။ ဖုန်း-၀၈၂-၇၄၁၄၇

၈။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
၉။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ပန်လုံမြို့နယ်ခွဲ၊ မန်ကန်မြို့နယ်ခွဲရုံးများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့



သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဒေါ်ဝင်းရွှေ၏သား မောင်အောင်မျိုးသူ ၁၂/ပဇတ(နိုင်)၀၀၁၇၂၈ သည် မိဘပြောဆိုဆုံးမမှုကိုမနာခံပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင်-ဒေါ်ဝင်းရွှေ

ကြော်ငြာ


အသက်ရှည်နုပျိုကျန်းမာစေရန် ပျားရည်နေ့စဉ် စားသုံးပါ...
The Secret of Well-being is on your table.
The Magic of Honey:
PURE HONEY
• နှစ်ခြိုက်စွာ အိပ်ပျော်စေသည်။
• အစာကျေ ကျစ်လစ်လှပစေသည်။
• အသား အရေ ကြည်လင်လှပစေသည်။
• ကိုယ်ခံအားကို အမြင့်ဆုံး သို့ တိုးမြှင့်ပေးနိုင်သည်။
• ဗီတာမင်နှင့် သတ္တုဓါတ်များ ပြည့်စုံစွာပါဝင်ပါသည်။
• Anti-oxidants အမျိုးအစားများ ပြည့်စုံစွာ ပါဝင်ပါသည်။
Manufactured by:
Myanmar Honey Farms Co.,Ltd.
6 ½ Miles, Mandalay-Moegoke Road, MANDALAY, MYANMAR.
Hotline: +95-9-91012312, +95-1-223321, +95-67-8100155
Fax : +95-2-72011, +95-1-227638, +95-67-8100166
E-mail : sales@myanmarhoneyfarms.com
Web : www.myanmarhoneyfarms.com
FDA Approved
ISO 9001 : 2008 Certified
HACCP Accredited
Intertek
Tested by Intertek

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ လပွတ္တာမြို့နယ် လပွတ္တာ-သင်္ကန်းကြီးလမ်း ထင်းစုကျေးရွာ မိုင်တိုင် ၂/၀ နှင့် ၃/၀ ကြား ကမ်းပါးရေတိုက်စားမှုကို ရေရှည်ကာကွယ်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ လပွတ္တာ-သင်္ကန်းကြီးကားလမ်း ထင်းစုကျေးရွာ မိုင်တိုင် ၂/၀ နှင့် ၃/၀ မိုင်အကြား ကာကွယ်နိုင်ရန်အတွက် ရေကြောင်းအသေးစိတ် တိုင်းတာခြင်းလုပ်ငန်းကို (၉. ၁၀. ၂၀၁၃)မှ (၁၃. ၁၀. ၂၀၁၃)အထိ ဆောင်ရွက်ပြီးဖြစ်ပါသည်။ တိုင်းတာရရှိသော ရေလမ်းဆိုင်ရာအချက်အလက်များအပေါ် အခြေခံ၍ ရေရှည်ကာကွယ်ရေးလုပ်ငန်းစီမံချက်ရေးဆွဲပြုစု၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၂)ဧရာဝတီတိုင်းဒေသကြီးရုံးက ၂၈. ၁၁. ၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၄/ရလထ/ဒေသ(၂)/၈၈/၂၀၁၃ ဖြင့် တိုင်းဒေသကြီးအစိုးရသို့ ရန်ပုံငွေရရှိရေး တင်ပြထားပါကြောင်း ဖြေကြားပါသည်။

၂။ ငပုတောမြို့နယ်အတွင်းရှိ ၈၀ ရာခိုင်နှုန်းကျော် ပြည်သူများသုံးစွဲနေသည့် ရေလမ်းခရီးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဆိပ်ခံဇောများကို ဆိပ်ကမ်းကြီးများဖြစ်သော ငပုတော၊ ဟိုင်းကြီး၊ ပြင်ခရိုင်၊ ချောင်းဝဆိပ်ကမ်းများတွင် ချထားဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍ ပုသိမ်ခရိုင်အတွင်းရှိ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ပြင်ခရိုင်၊ ချောင်းဝစသည့် နေရာလေးခုအနက် ပုသိမ်ဆိပ်ကမ်း၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ဟိုင်းကြီးဆိပ်ကမ်းနှင့် ချောင်းဝဆိပ်ကမ်းတို့တွင် ကွန်ကရစ်တံတားတစ်ခုစီရှိပြီး ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်အသုံးပြုလျက်ရှိပါသည်။ ငပုတောမြို့ ဆိပ်ကမ်းတွင် သစ်သားရေဆင်းတံတားတစ်ခုကို ရေယာဉ်များအသုံးပြုလျက်ရှိပါသည်။ ပြင်ခရိုင်ဆိပ်ကမ်းသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းနယ်မြေပြင်ပတွင်ရှိနေပါသည်။ ပြည်တွင်းရေကြောင်းမှ သင်္ဘောများ သွားလာခြင်းမရှိသည့်အပြင် ပြည်တွင်းရေကြောင်းမှ ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ဆိပ်ခံဇောတံတား ၁၆ ခုကို ချထားပေးလျက်ရှိပါသည်။ ၎င်း ဆိပ်ခံဇောတံတားများအား ပြောင်းလဲထားပေးရန် အကန့်အသတ်များရှိနေပါသည်။ ဒေသဖွံ့ဖြိုးရေးအနေဖြင့် တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဆိပ်ခံဇောတံတား တည်ဆောက်ရန် လိုအပ်ပါကပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၃။ ဟင်္သာတမြို့နယ် ခြင်ဘို့အုပ်စုနှင့် ပဲကြီးကျွန်းအုပ်စုရှိကျေးရွာများတွင် ငဝန်မြစ်နှင့် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကမ်းစားဖြစ်ပြီး နှစ်စဉ်ပြောင်းရွှေ့ရသည့် အိမ်ထောင်စုပေါင်း ရာနှင့်ချီ၍ အခက်အခဲများ ကြုံတွေ့နေရပါသဖြင့် ကမ်းပြိုကမ်းစား ထိန်းသိမ်းမှုနှင့် ရေလမ်းကြောင်း ကောင်းမွန်ရေးဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဒေါက်တာသိမ်းစိုး(ဟင်္သာတ)က မေးမြန်းထားသဖြင့် ခြင်ဘို့ကျေးရွာအုပ်စု ကမ်းပြိုမှုကို ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ကမ်းထိန်းလုပ်ငန်းရန်ပုံငွေရရှိရေး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ (R.E)တွင် ထည့်သွင်းရေးဆွဲတင်ပြထားပါသည်။ ပဲကြီးကျွန်းအုပ်စု ကမ်းပြိုမှု ကာကွယ်ရေးဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စု သီးသန့်ရန်ပုံငွေ ခွင့်ပြုပေးနိုင်ရေးအတွက် တင်ပြတောင်းခံထားပါသည်။ ရန်ပုံငွေသုံးစွဲခွင့်ရရှိချိန်တွင် အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ ကန်ကြီးထောင့်မြို့နယ် MIC မြေငှားဆိုင်ခန်းအခွန်အခများ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ မီးရထားမြေပေါ်ရှိ ဆိုင်ခန်းများကို MIC သက်တမ်းတစ်နှစ်မှုဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိပါသည်။ ဘူတာအလိုက်ဆိုင်ခန်းအမျိုးအစား အရေအတွက် တစ်လပေးသွင်းငွေများကို ဘူတာစဉ်ဖြန့်ဝေထားပြီးဖြစ်ပါသည်။ သက်ဆိုင်ရာ ဘူတာရုံပိုင်ထံလည်း မေးမြန်းနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ကန်ကြီးထောင့်မြို့နယ် ဘူတာသစ်ဆောက်လုပ်မှုကန်ထရိုက်အား အရည်အသွေးနှင့် ပတ်သက်၍ တာဝန်ယူမှု၊ မည်သည့်အတိုင်းအတာအထိ တာဝန်ယူခိုင်းရမည်ဖြစ်ကြောင်းနှင့် လက်ရှိဘူတာသစ် အရည်အသွေးမှာ နှစ်မိုးအတွင်း ယိုယွင်းမှုများရှိနေပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ ဘူတာအသစ်ဆောက်လုပ်မှု ကန်ထရိုက်တာအား အရည်အသွေးနှင့် ပတ်သက်၍ တာဝန်ယူမှုအပိုင်းတွင် မြန်မာ့မီးရထားမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်နိုင်ရေး တင်ဒါစနစ်ဖြင့် စာချုပ်ချုပ်ဆို၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီး၍ စာချုပ်ပါ သတ်မှတ်ကာလအတွင်း သဘာဝဘေးအန္တရာယ် အကြောင်းကြောင့်မှလွဲ၍ စံချိန်စံညွှန်းမမီသည့်အတွက် ယိုယွင်းပျက်စီးမှုများအပေါ် ကန်ထရိုက်တာမှ တာဝန်ယူ၍ ပြန်လည်ဆောက်လုပ်ပေးရမည် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ပြီး နှစ်နှစ်တာကာလအထိ တာဝန်ယူ၍ ပြင်ဆင်ပေးရမည်ဖြစ်ပါသည်။ လက်ရှိဘူတာသစ်အရည်အသွေးမှာ နှစ်မိုးအတွင်း ယိုယွင်းမှုရှိပါကြောင်း မေးမြန်းလာပါ၍ ပြုပြင်ပေးနိုင်ရေးကို အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း(၉)အား ကွင်းဆင်းစစ်ဆေးစေ၍ အရည်အသွေးပြည့်မီအောင် ပြန်လည်ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ ကျောင်းကုန်းမြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရာ၌ စည်ပင်သာယာတွင်ပေးဆောင်ထားသည့် ဘီးခွန်ပြေစာကို တစ်ပါတည်းစိစစ်ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ တည်ဆဲမော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများအရ မော်တော်ဆိုင်ကယ်များအား အာမခံကြေးပေးသွင်းပြီးမှသာ မှတ်ပုံတင်သက်တမ်းတိုး ဆောင်ရွက်ရန် ညွှန်ကြားထားပါသည်။ ဘီးခွန်ပြေစာစစ်ဆေးခြင်းနှင့် ပတ်သက်၍ ညွှန်ကြားထားခြင်းမရှိပါ။ တိုင်းဒေသကြီးရုံး(ပုသိမ်)တွင် ၂၆ မြို့နယ်ရှိပြီး မော်တော်ဆိုင်ကယ်ပေါင်း ၉၇၉၈၀ စီး မှတ်ပုံတင်ထားရှိသဖြင့် မှတ်ပုံတင်လာရောက်ဆောင်ရွက်သော ဆိုင်ကယ်များအား ဘီးခွန်စစ်ဆေးဆောင်ရွက်ရန် လုပ်ငန်းပမာဏနှင့် ဝန်ထမ်းအင်အားအရ ဆောင်ရွက်နိုင်ခြင်းမရှိပါ။ သို့ရာတွင် ဘီးခွန်ပြေစာစိစစ်ခြင်း ကိစ္စအား မြို့နယ်များရှိ မြို့ဝင်ကြေးကောက်ခံသည့်ဂိတ်များတွင် စိစစ်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအဆင်ပြေချောမွေ့မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်း ညှိနှိုင်းအစည်းအဝေးနှင့် ကဗျာစာအုပ်မိတ်ဆက်

ညောင်လေးပင် ဇန်နဝါရီ ၄

၁၃၇၅ ခုနှစ် စာဆိုတော်နေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးနှင့် ကဗျာစာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စာရေးဆရာအသင်းရုံးတည်ရှိရာ နန်းတော်ဝင် တိုင်းရင်းဆေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်(သိန်းအောင်ဦး-ညောင်လေးပင်)က စာဆိုတော်နေ့ စာပေဟောပြောပွဲ ကျင်းပနိုင်ရန်အတွက် ကော်မတီဖွဲ့စည်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးနေလင်း(နေလင်း-ညောင်လေးပင်)က စာပေဟောပြောပွဲအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ညောင်လေးပင်မြို့နယ် ကဗျာဆရာများ စုပေါင်းရေးသားထုတ်ဝေသော အိပ်မက်အခန်း(၁၄)ကဗျာစာအုပ်နှင့် ပတ်သက်၍ စာရေးဆရာမင်းမြတ်ဘုန်းက ရှင်းလင်းတင်ပြကာ ကဗျာဆရာများက တစ်ဦးချင်းမိတ်ဆက်၍ မိမိတို့ရေးသားထားသော ကဗျာများကိုရွတ်ဆိုပြကာ မိတ်ဆက်ကြသည်။ ဆက်လက်၍ ကဗျာရေးသားရာတွင် ထူးချွန်သော အထက(၁)မှ ကျောင်းသား ယဉ်နူလှိုင်(ရဲထက်အောင်)အား ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ ယခုနှစ် ၁၃၇၅ ခုနှစ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် ဆရာဘုန်း(ဓာတု)၊ ဆရာနေဝင်းမြင့်နှင့် ဇန်နဝါရီလ ၂၆ ရက်တွင် ဆရာမောင်သာချိုနှင့် ဆရာအော်ပီကြယ်တို့က စာပေရေးရာများကို နှစ်ရက်တိုင်တိုင် ဟောပြောကြမည်ဖြစ်ကာ စာအုပ်ရောင်းပွဲတော်ကိုပါ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

နေလင်း(ညောင်လေးပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက်စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းမော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုး ခိုင်ခံ့စွာ တပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Spare Parts for Geological Machinery	1 Lot

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ Technical Proposal အား ၉-၁-၂၀၁၄ရက် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော ကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး၊ ဈေးနှုန်းအဆိုပြုလွှာ Price Proposal အား ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၄ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃:၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် ၃၈၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

သတ္တုတွင်းဝန်ကြီးဌာန

သတ္တုတွင်းဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Copier Toner (Sharp) (202 ST) (၁၀) ခု

(ခ) နိုင်ငံခြားစက္ကူ (70 gsm) (IK Plus) (A4) (၃၂၀၀) ထုပ်

(ဂ) နိုင်ငံခြားစက္ကူ (70 gsm) (IK Plus) (A3) (၅၀) ထုပ်

(ဃ) နိုင်ငံခြားစက္ကူ (70 gsm) (IK Plus) (Legal) (၁၀၀) ထုပ်

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၇-၁-၂၀၁၄ ရက် ၁၅:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ငွေစာရင်းဌာန

သတ္တုတွင်းဦးစီးဌာန

ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၇၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.24/HPGE/2013-2014

(က) Fire Fighting Vehicle(1600 Gallon) (၅)စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများအား ၂၀-၁-၂၀၁၄ရက် ၁၆:၀၀နာရီအရောက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်

ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၀၇၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၁-၂၀၁၄ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၉-၁-၂၀၁၄ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

တင်ဒါကြီးကြပ်ရေးအဖွဲ့

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန

ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အမည်ဖြည့်စွက်ခေါ်ပါရန်

မိုင်းရှူးမြို့၊ မင်းလမ်း၊ အမှတ် (၄/၈၃)နေ မျိုးမင်းအောင် ၁၃/မရန(နိုင်)၀၀၀၄၉၅အား စိုင်းမျိုးမင်းအောင်ဟု အမည်ဖြည့်စွက် ခေါ်ပါရန်။

စိုင်းမျိုးမင်းအောင်(ခ)မျိုးမင်းအောင်

အမည်ပြောင်း

လှိုင်ကော်မြို့၊ ဒေါနိုးကူးရပ်ကွက်၊ ဒ(၂)နေ ဦးကျော်ကျော်သွင်၏သမီး အထက(၁)၊ ဒုတိယတန်း(က)မှ မနဒီလှိုင်(ခ)မနီနီလှိုင်အား မယုဝတီအောင်ဟုပြောင်းလဲခေါ်ပါရန်။

မယုဝတီအောင်

ဂရန်အမည်ပေါက်မြေရောင်းမည်

မန္တလေး-မိုးကုတ်လမ်းမကြီးဘေး၊ အိုးဘိုလမ်းမထိပ်- ရွှေကျင်ကွေ့တိုင်းရင်းဆေးတက္ကသိုလ်နှင့် DENKO ဆီ(ပန့်)ဆိုင်အနီး စတုရန်းပေ ၇၀၀၀ ကျော်၊ ရေ၊ မီးအပြည့်အစုံ၊ အုတ်တံတိုင်းခတ်ပြီး။ ဆက်သွယ်ရန်

ဖုန်း-၀၂-၃၃၄၀၈၊ ၀၉-၉၁၀၀၃၆၄၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာနိုင်ငံ ကျန်းမာရေးမှုူးအသင်း ညီလာခံကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံ ကျန်းမာရေးအသင်း၏ ပထမအကြိမ် ညီလာခံကို ၁၉၉၃ ခုနှစ်မှစတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် နှစ်(၂၀)ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ ၁၉၅၁ ခုနှစ်ကာလက မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ ကလေးသေနှုန်းနှင့် ကူးစက်မြန်ရောဂါဖြစ်သော ကျောက်ကြီး၊ ပလိပ်နှင့် ဝမ်းရောဂါဖြစ်ပွား သေဆုံးမှုများအရ ကျေးလက်ဒေသတွင် ကျန်းမာရေး စောင့်ရှောက်ပေးရန် လက်ထောက်ကျန်းမာရေးမှုူးများကို စတင်မွေးထုတ်ခဲ့ရကြောင်း၊ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသော မြန်မာနိုင်ငံကျန်းမာရေးမှုူးအသင်း (၁၁)ကြိမ်မြောက် ညီလာခံတွင် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှုူးချုပ် ဒေါက်တာ မင်းသန်းညွန့်က အဖွင့်မိန့်ခွန်း၌ ထည့်သွင်းပြောကြားသည်။

အဆိုပါ ညီလာခံသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှုူးချုပ် ဒေါက်တာ မင်းသန်းညွန့်နှင့် တာဝန်ရှိသူများ၊ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)မှ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်စန်းစန်းမြင့်အောင်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ညီလာခံ ကိုယ်စားလှယ်နှင့် လေ့လာသူ ၃၃၇ ဦးနှင့် စီမံကိန်းဒေသတွင်ဆောင်ရွက်နေသောဝန်ထမ်းများနှင့်အခြား ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

(လ/၀၀၅)

လူကုန်ကူးသူ အမြစ်မကျန် အားလုံးပါဝင် တွန်းလှန်ရန်

အရုဏ်ဦး ကြည်နူးဖွယ်ရာနှင့် ပီတိဖြစ်ဖွယ်ရာ မြင်ကွင်းများ

ဖျာပုံမြို့နယ်တွင် ဗုဒ္ဓမြတ်စွာ သာသနာတော်သုံးရပ် ရေရှည်တည်တံ့ ပြန့်ပွားရေးအတွက် ဘုန်းတော်ကြီးကျောင်းပေါင်း ၁၈၀ ကျော်ရှိပြီး၊ မြို့မရပ်ကွက်များတွင် ၆၂ ကျောင်းတည်ရှိသည်။ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးနေကြသည့် သံဃာတော် ၁၀၀၀ ကျော်တို့အား ဝါပကာလ အရုဏ်ဆွမ်း မခက်ခဲစေရေးအတွက် ၂၀၀၀-၂၀၀၁ခုနှစ်မှစ၍ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ဝါပကာလ အရုဏ်ဆွမ်းလောင်းလှူရေး အသင်းကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

ဝါပဆွမ်းလောင်းအသင်းကို ၁၄ နှစ်ကျော်ကာလ အဆင့်ဆင့် ပခုံးပြောင်း တာဝန်ထမ်းဆောင်ခဲ့ရာ လက်ရှိ ဝါပဆွမ်းလောင်းအသင်း ဥက္ကဋ္ဌမှာ ဒေါက်တာဦးစံဦး ဦးဆောင်လျက်ရှိပြီး ဝါပကာလ အရုဏ်ဆွမ်းလောင်းလှူလျက်ရှိရာ တစ်နေ့ဆွမ်းနှင့်ဆွမ်းဟင်းလျာအတွက် အလှူငွေကျပ် ၁၅၀၀၀၀ ခန့် လိုအပ်ကြောင်း သိရသည်။

သာသနာနှင့် ဒါယကာသည် ဒွန်တွဲနေသည်။ဒါယကာမရှိဘဲ သာသနာတည်တံ့နေဖို့မလွယ်ကူ၊ ပါတလိပုတ်နေပြည်တော်၌ သာသနာရောင် ထွန်းပြောင်လာသောအခါ သာသနာအတွက် ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းသော အသောကမင်းကြီးပေါ်ပေါက်လာသည်။

ဖျာပုံမြို့တွင် သာသနာတော်အဓွန့်ရှည်တည်တံ့ ပြန့်ပွားရေးအတွက် သာသနာ့ဒါယကာများ ပေါ်ပေါက်လာကြသည်။ အဆိုပါ သာသနာ့ ဒါယကာများထဲတွင် ဝါပဆွမ်းလောင်းအသင်းကြီးက မားမားမတ်မတ် ရည်တည်လျက်ရှိနေပေသည်။ ဝါပဆွမ်းလောင်းအသင်းကြီးကို ထောက်ကူဖေးမပေးနေကြသည့် လူပုဂ္ဂိုလ်အသင်းအဖွဲ့တို့ကလည်း စံပြုအတုယူဖွယ် ကောင်းလှသည်။ ဒီဇင်ဘာ ၂၈ ရက်က အရုဏ်ဆွမ်းလောင်းလှူနေသည့် ခရိုင်

သာသနာ့ဗိမာန်သို့စာရေးသူရောက်ရှိခဲ့ရာ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်၏ ၁၃၂ ဘဏ်မြောက် ဖျာပုံဘဏ်ခွဲဖွင့်လှစ်ခြင်းအထိမ်းအမှတ်အတွက် ဒေါ်အေးအေးအောင်(ဘဏ်ခွဲတာဝန်ခံ)နှင့် ဝန်ထမ်းများက သံဃာအပါး ၁၀၀၀ ကျော်တို့အား အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းလျာများ လောင်းလှူကြသည်။

ခရိုင်အုပ်ချုပ်ရေးမှုူး ဦးကျော်စိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှုူး ဦးညီညီလင်းနှင့် ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဒေါက်တာ ဦးစံဦးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြသည်။အရုဏ်ဆွမ်းလောင်းလှူအပြီး ဆွမ်းပဒေသာပင်အတွက် ကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းသည်။ ထိုမြင်ကွင်းတို့သည်ကား အရုဏ်ဦးကြည်နူးဖွယ်ရာမြင်ကွင်းများပင် ဖြစ်သည်။ ဝါပဆွမ်းလောင်းအသင်းတွင် ယခင်စိုက်ထူပြီး ဆွမ်းပဒေသာပင် ကျပ်သိန်း ၂၈၀ နှင့် ယခု ကျပ်သိန်း ၅၀ နှင့် ဆိုပါက ကျပ် သိန်း ၃၃၀ ရှိနေပြီဖြစ်ကြောင်း ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဒေါက်တာ ဦးစံဦးက ပြောပြသည်။

ထိုနေ့နံနက် ၆ နာရီခွဲမှာပင် ဖျာပုံမြို့ အမျိုးသားစာဆို ဆရာဇော်ဂျီ (ဦးသိန်းဟံ) မွေးနေ့ နှစ်တစ်ရာပြည့် (၁၉၀၇-၂၀၀၇)အထိမ်းအမှတ်အဖြစ် တည်ဆောက် ဖွင့်လှစ်ထားသော ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင် တည်ဆောက်ရေးအတွက် အလှူငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းပွဲကို ဇော်ဂျီစာကြည့်တိုက်ခန်းမတွင် ကျင်းပရာ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှုူးများ၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝေမြင့်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး စာကြည့်တိုက် အတွင်းရေးမှုူး ဦးမြင့်အောင် (ဖိုးအောင်လေး)က စာကြည့်တိုက် အောင်မြင်တိုးတက်မှုအခြေအနေများနှင့် တိုးချဲ့ဆောင် တည်ဆောက်ရသည့် အကြောင်းရင်းများနှင့် လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားကာ ဒေါ်အေးအေးအောင် (ဘဏ်ခွဲတာဝန်ခံ)က ကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်သည်။

သဒ္ဓါမချို့တဲ့ မြန်မာတို့ရဲ့ စိတ်ဓာတ်ကို အားကျအတုယူဖွယ် ကောင်းလှသည်။ လောကီလောကုတ်နှစ်ဖြာ ကောင်းကျိုးအတွက် ဖြစ်လို့ စာရေးသူ ကြည်နူးချမ်းမြေ့မိသည်။ တစ်နည်းဆိုရသော် အရုဏ်ဦး ကြည်နူးဖွယ်ရာနှင့် ပီတိဖြစ်ဖွယ်ရာ မြင်ကွင်းများပင်ဖြစ်သည်။

အောင်ဝင်း(ဖျာပုံ)

ကျန်းမာရေးလေ့ကျင့်ခန်း မလုပ်သင့်သည့်အချိန်

ယနေ့ခေတ်တွင် လူတိုင်းသည် ကျန်းမာရေးကောင်းစေရန်အတွက် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် နှလုံးကျန်းမာရေးနှင့် ကိုလက်စထရောဓာတ်လျော့ကျစေရန် လေ့ကျင့်ခန်း မလုပ်ရသည့် အချိန်တွေရှိသည်ဆိုတာကိုလည်း သတိပြုမိစေချင်ပါသည်။

ကိုယ်လက်မအီမသာ ဖြစ်နေလျှင် အဖျားအနည်းငယ်ရှိနေရင်တောင်မှ လေ့ကျင့်ခန်းများကို မလုပ်သင့်ပါ။ ထိုအချိန်တွင် ကိုယ်လက်လေ့ကျင့်ခန်းများလုပ်မိပါက နေထိုင်မကောင်းမှုကို ကြာရှည်စေပြီး ကိုယ်ခံစွမ်းအားစနစ်များတွင် ဖိစီးမှုများဖြစ်စေနိုင်ပါသည်။

ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပါကလည်း ပုံမှန်လုပ်နေကျ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို ချက်ချင်းမလုပ်ရပါ။ နေကောင်းခါစတွင် လေ့ကျင့်ခန်းများကို လုပ်မိလျှင် ရောဂါလက္ခဏာများ ပြန်ပေါ်လာနိုင်ပါသည်။ အားကစားရုံကို မဖြစ်မနေသွားရမည်ဟု ဆုံးဖြတ်ချက်ချထားလျှင်လည်း လေ့ကျင့်ခန်းကို ဖြည်းဖြည်းနှင့် ဂရုတစိုက်လုပ်သင့်ပါသည်။ လေ့ကျင့်ခန်းများကို ယခင်ကကဲ့သို့ အလွန်အကျွံမလုပ်ဘဲ နားနားနေနေ လုပ်သင့်ပါသည်။ ကိုယ်ခံစွမ်းအားပြန်လည်ကောင်းမွန်လာမှသာ ပုံမှန်အတိုင်းပြန်လည်လုပ်သင့်ပါသည်။

စိတ်ဖိစီးမှုကိုဖယ်ရှားပါ

တစ်ခါတစ်ရံ လေ့ကျင့်ခန်း မလုပ်ချင်သည့် အခါများလည်းရှိပေမည်။ ပြီးလျှင် အနားယူချင်သည့် အခါများလည်း ရှိပေလိမ့်မည်။ ထိုအချိန်မျိုးတွင် ကိုယ်လက်လှုပ်ရှားသင်တန်းများမှ အနားယူကာ ကိုယ်ခံစွမ်းအားပြန်လည်ကောင်းမွန်လာအောင် မွေးမြူရမည်ဖြစ်သည်။ အိမ်တွင်အနားယူပြီး ကျန်းမာရေးကို အထောက်အကူပြုသော အာဟာရရှိသည့် အစားအစာများကို စားသုံးသင့်ပါသည်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်းကြောင့် စိတ်ဖိစီးမှုများ မဖြစ်ပေါ်အောင် ရှောင်ကြဉ်ရမည်ဖြစ်သည်။

ဒဏ်ရာရနေသည့်အခါ

ထိခိုက်ဒဏ်ရာရသည့်အခါတွင်လည်း လေ့ကျင့်ခန်းများပြန်မလုပ်မီ ဒဏ်ရာလုံးဝပျောက်ကင်းအောင် လုပ်ရမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ အနာကျက်ပြီဆိုပြီး လေ့ကျင့်ခန်းပြန်လုပ်မည်ဆိုလျှင် အခြေအနေမှာ ပိုဆိုးသွားနိုင်ပါသည်။ ထိုအချိန်မျိုးတွင် ဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ဘာသာပြန်- လပြည့်သော်တာ

ကျောက်ကြီးမြို့တွင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပ

တောင်ငူ ဇန်နဝါရီ ၄

တောင်ငူခရိုင် ကျောက်ကြီးမြို့တွင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁ ရက်က (၂၇၅၃ ခုနှစ် ပြာသိုလဆန်း ၂ ရက်) စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရခြင်း အကြောင်းကို ပြောကြားပြီးနောက် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ထို့နောက် ကရင်အမျိုးသားအဖွဲ့အစည်းများမှ ပေးပို့သောသဝဏ်လွှာများကို ဖတ်ကြားကာ ဆရာတော်ဦးစန္ဒိမာန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ဆက်လက်ပြီး အားကစားပြိုင်ပွဲများကျင်းပခြင်း၊ ညပိုင်းတွင် တေးဂီတများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

ရွှေဝင်း(ပြည်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် EPABX System(Voice Only Function)(၉၆)လိုင်း အသစ်တပ်ဆင်ရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ် ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၆-၁-၂၀၁၄ရက် နံနက် (၁၀း၀၀)နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၁-၂၀၁၄ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းဝေးဖိတ်ကြားခြင်း

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုနှင်းသဘင်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ **သီရိရတနာ** ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အသင်းဝင်နှင့် မိဘများဖြစ်သော အသက်(၈၀)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ နိုင်ငံတော်မှချီးမြှင့်သည့် ဘွဲ့ထူး/ဘွဲ့တံဆိပ်ရရှိသူများ၊ တက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့(Ph.D)ရရှိသူများနှင့် ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များ၊ ၂၀၁၃ခုနှစ် လူရည်ချွန်ဆုရရှိသူများအနေဖြင့် တရားဝင် အထောက်အထားများနှင့်အတူ ဒု-ဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း-၅၄၁၈၀၆၊ ဒုဥက္ကဋ္ဌ ဦးရွှေလှိုင် ဖုန်း-၀၉- ၄၉၂၂၉၃၈၅၊ အတွင်းရေးမှုူး ဦးသန်းထွန်း ဖုန်း-၀၉-၄၄၈၀၀၉၆၃၃၊ တွဲဖက်အတွင်းရေးမှုူး ဦးခင်မောင်လေး ဖုန်း-၀၉-၅၁၅၅၃၉၉၊ ဘဏ္ဍာရေးမှုူး ဦးအမိုင် ဖုန်း-၀၉-၅၀၁၃၄၃၃၊ အသင်းတိုက်ရုံး ဖုန်း-၂၂၂၀၈၈၊ လပွတ္တာမြို့တွင် ဌာနေအမှုဆောင် ဦးတင်ဦး၊ ဦးမြတ်စိုးတို့ထံ ၁၀-၁-၂၀၁၄ရက် နောက်ဆုံးထား၍ဆက်သွယ်စာရင်းပေးကြပါရန်နှင့် အခမ်းအနားသို့ မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့ လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့်မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ကတာဝန်ယူဆောင်ရွက်မည်ဖြစ်သော ရွှေကြာပင်ကျောက်မျက်ရတနာအရောင်းပြခန်းစျေးဖုန်အတွင်း One Stop Service Center(နေပြည်တော်)၏အရှည်၂၅၂၆ပေရှိသောခြံစည်းရိုကားရုံမှုအတွက်တင်ဒါခေါ်ယူပါမည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာပေးပို့ရန် ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၁-၂၀၁၄ရက်မှ ၁၀-၁-၂၀၁၄ရက်အထိ ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ။

(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၁၇-၁-၂၀၁၄ရက်၊ ၁၆း၀၀နာရီ

(ဂ) **တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ** - ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊
- မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၄ရက်၊ ၁၀း၀၀နာရီ

၃။အသေးစိတ်သိရှိလိုပါက ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၁၄၀၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

နွားထိုးကြီးမြို့နယ်၊ မင်းရွာကျေးရွာနေ ကျွန်မ မအေးဝင်း ၉/နထက(နိုင်)၁၁၁၆၆၂ သည် တစ်ရွာတည်းနေ ကိုသန်းမင်းဇော် ၉/နထက(နိုင်)၅၉၂၁၀၁နှင့် ၁၃၆၇ ခုနှစ်ကပင် တရားဝင် လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ကိုသန်းမင်းဇော်သည် ဇနီးအား တာဝန်မဲ့စွာထားလျက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေပြီး ငါးနှစ်ကျော်တိုင် ဇနီးသည်အား မထောက်ပံ့သည့်အပြင် အဆက်အသွယ်ပင် လုံးဝမပြုလုပ်တော့သဖြင့် ကိုသန်းမင်းဇော်အား ကျွန်မ မအေးဝင်းက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လင်ခန်း၊ မယားခန်းပြတ်တောက်ရပ်စဲလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မအေးဝင်း ၉/နထက(နိုင်)၁၁၁၆၆၂
မင်းရွာ၊ နွားထိုးကြီးမြို့နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ကတာဝန်ယူဆောင်ရွက်မည်ဖြစ်သော ရွှေကြာပင်ကျောက်မျက်ရတနာအရောင်းပြခန်းစျေးဖုန်အတွင်း One Stop Service Center (နေပြည်တော်) အဆောက်အအုံနှင့် ကျောက်မျက်ရတနာသင်တန်းကျောင်း ဆောက်လုပ်မှုအတွက် တင်ဒါခေါ်ယူပါမည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာပေးပို့ရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၁-၂၀၁၄ ရက်မှ ၁၀-၁-၂၀၁၄ ရက်အထိ ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ

(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၁၇-၁-၂၀၁၄ ရက် ၁၆း၀၀နာရီ

(ဂ) **တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ** - ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၄ ရက် ၁၀း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၁၄၀၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ ဈေးပိုင်းရပ်ကွက်၊ ဈေးအရှေ့လမ်းနေ ဦးသန်းနိုင်-ဒေါ်လှလှဌေး(ရွှေမြင့်မိုရ်ရွှေဆိုင်)တို့၏သား မောင်ဝေလင်းနိုင်သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။
ငွေနှင့်ပတ်သက်၍ လုံးဝ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါ။

ဦးသန်းနိုင်-ဒေါ်လှလှဌေး

သွေးအားကောင်းစေသော သံဓာတ်

ကမ္ဘာမှာရောမြန်မာမှာပါ သံဓာတ်ချို့ယွင်းခြင်းကြောင့်ဖြစ်တဲ့ သွေးအားနည်းရောဂါဟာ အဖြစ်အများဆုံးလို့ဆိုပါတယ်။ အမျိုးသားနဲ့အမျိုးသမီးယှဉ်ကြည့်ရင် အမျိုးသမီးတွေမှာ ပိုပြီးအဖြစ်များပါတယ်။ အမျိုးသားတွေအနေနဲ့ သံဓာတ်ကိုကိုယ်တွင်းမှာ ပြည့်ပြည့်ဝဝသိုလှောင်ထားနိုင်ပေမယ့် အမျိုးသမီးတွေမှာတော့ ဓမ္မတာလာခြင်း၊ မီးဖွားရခြင်းစတဲ့အကြောင်းများကြောင့် သံဓာတ်ချို့တဲ့နေတတ်ပါတယ်။

လေ့လာမှုတွေအရ သက်သတ်လွတ်စားသူတွေ၊ ပြင်းထန်တဲ့လေ့ကျင့်ခန်းလုပ်သူတွေ၊ ကိုယ်အလေးချိန်လျှော့ဖို့ အစားလျှော့စားသူတွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် အစာအိမ်တစ်စိတ်တစ်ပိုင်းဖြတ်တောက်ထားရတဲ့သူတွေမှာ သံဓာတ်ချို့တဲ့နေပြီး သွေးအားနည်းရောဂါဖြစ်တတ်ပါတယ်။

ကျွန်ုပ်တို့ခန္ဓာကိုယ်ထဲမှာ သံဓာတ်ရှိနေဖို့လိုပါတယ်။ သံဓာတ်မရှိရင် ခန္ဓာကိုယ်အတွက် အရေးအကြီးဆုံးလိုအပ်တဲ့ ဟေမိုဂလိုဘင်လည်းရှိမှာမဟုတ်ပါဘူး။ ဟေမိုဂလိုဘင်ဟာ အဆုတ်ထဲမှာရှိတဲ့ အောက်ဆီဂျင်တွေကို သယ်ဆောင်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကို ပို့ဆောင်ပေးပါတယ်။ သွေးနီဥတွေဟာ သွေးကိုအနီရောင်ဖြစ်စေသလို ဟေမိုဂလိုဘင်ဟာလည်း သွေးနီဥတွေကို အနီရောင်ဖြစ်စေပါတယ်။ သံဓာတ်ချို့တဲ့မယ်ဆိုရင် ဟေမိုဂလိုဘင်လည်း လျော့နည်းသွားပြီး ဦးနှောက်နဲ့ကြွက်သားတွေဆီကို ရောက်ရှိရမယ့် အောက်ဆီဂျင်ပမာဏလည်း လျော့နည်းသွားပါလိမ့်မယ်။

သံဓာတ်ချို့တဲ့ခြင်းကြောင့် မောပန်းနွမ်းနယ်ခြင်း၊ အသက်ရှူမဝခြင်းနဲ့ ခေါင်းကိုက်တဲ့ဝေဒနာတွေ ခံစားရတတ်ပါတယ်။ ကလေးငယ်တွေမှာ သံဓာတ်အနည်းငယ်ချို့တဲ့နေရင်တောင်မှ သံဓာတ်လုံလောက်စွာရရှိတဲ့ ကလေးတွေထက် မှတ်ဉာဏ်နည်းပါးပြီး သင်ကြားမှုအပေါ်အာရုံစူးစိုက်မှုနဲ့ စိတ်ပါဝင်စားမှုနည်းသွားတတ်ကြောင်း လေ့လာမှုတစ်ခုအရ သိရှိရပါတယ်။ သံဓာတ်ချို့တဲ့နေတဲ့အမျိုးသမီးတွေဟာ သံဓာတ်ပုံမှန်အဆင့်ရှိတဲ့အမျိုးသမီးတွေထက် ခံစားချက်နဲ့လုပ်ရတဲ့အလုပ်တွေမှာ အချိန်ကြာကြာယူရပြီး လုပ်ဆောင်ချက်တွေလည်း မကောင်းတတ်ကြဘူးလို့ဆိုပါတယ်။ သံဓာတ်အလွန်ချို့တဲ့တာဟာ သွေးအားနည်းရောဂါဖြစ်ရတဲ့အကြောင်းရင်းဖြစ်ပြီး အားနည်းတာ၊ အပင်ပန်းမခံနိုင်တာနဲ့ခန္ဓာကိုယ်ကြံ့ခိုင်ရေးမကောင်းစေတဲ့အပြင် စိတ်ရှုပ်ထွေးမှုကိုပါ ခံစားရစေပါတယ်။ ခြေသည်းလက်သည်းများအရောင်ဖျော့လာပြီး လူကလည်းဖြူဖပ်ဖြူရော်ဖြစ်လာပါတယ်။

နေ့စဉ်လိုအပ်ချက်ဖြစ်တဲ့ သံဓာတ် ၁၈-မီလီဂရမ်ရရှိအောင် သံဓာတ်ပါဝင်တဲ့အစားအစာတွေကို စားသုံးပေးပြီး ဖြည့်တင်းလို့ရပါတယ်။ အမဲသား၊ ဆိတ်သား၊ သိုးသားနဲ့အရေခွံမပါတဲ့ကြက်သားတွေစားသုံးပေးပါ။ အနီရောင်အသားနဲ့ ခြေလေးချောင်းသားတွေဟာ အနည်းငယ်စားသုံးရုံနဲ့ သံဓာတ်တွေအများကြီးရရှိပါတယ်။ ငါးအမျိုးမျိုး၊ ဥ၊ ပဲနို့၊ အခွံမာသီးနဲ့ အခြားကောက်ပဲသီးနှံတွေမှာလည်း သံဓာတ်ပါဝင်ပါတယ်။ ဟင်းသီးဟင်းရွက်ထဲမှာဆိုရင် အစိမ်းရင့်ရောင်ရှိတဲ့အသီးအရွက်တွေကို စားသုံးပေးပါ။ အထူးသဖြင့် ကန်စွန်းရွက်၊ ကိုက်လန်၊ ဟင်းနုနယ်၊ ကညွတ်စတာတွေမှာ သံဓာတ်များပြားစွာပါဝင်ပါတယ်။

ဆီးသီးခြောက်ဟာ သံဓာတ်ကြွယ်ဝပြီး ဆံပင်သားခြောက်သွေ့တာ၊ ပါးတာနဲ့ကြမ်းတာတွေမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ သကြားမုန့်လာဟာ သံဓာတ်များပြားစွာပါဝင်ပြီး ဆံပင်သန်စွမ်းစေပါတယ်။ အုတ်ဂျုံမှာလည်း သံဓာတ်ပါဝင်ခြင်းကြောင့် ဆံပင်ရှည်မြန်စေပါတယ်။ သစ်ချသီးဟာလည်း အုတ်ဂျုံလိုပဲ သံဓာတ်ပါဝင်ပြီး ဆံပင်သန်စေပါတယ်။ ဥအမျိုးမျိုးမှာလည်း သံဓာတ်ပါဝင်ခြင်းကြောင့် ဆံပင်ကျွတ်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ ၎င်းအစားအစာတွေကို စားသုံးပေးရင် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို သံဓာတ်ဖြည့်တင်းပြီးသားဖြစ်တဲ့အပြင် ဆံပင်သားကျန်းမာစေဖို့ပါ လုပ်ဆောင်ပြီးသားဖြစ်သွားပါလိမ့်မယ်။

ဩဇာသီး၊ ခရမ်းသီး၊ ဒန့်သလွန်သီး၊ မှိုရင်ကောက်ပင်နဲ့ ဝါးရွက်တွေမှာလည်း သံဓာတ်ပါဝင်ပါတယ်။ နဂါးမောက်သီး ၁၀၀ ဂရမ်မှာ သံဓာတ်က တစ်မီလီဂရမ်နီးပါးပါဝင်ပါတယ်။ သံဓာတ်အားဖြည့်ဆေးသောက်ခြင်း၊ ဆေးထိုးခြင်းတို့နဲ့လည်း ပြန်လည်ဖြည့်တင်းနိုင်ပါတယ်။

သံဓာတ်စုပ်ယူနိုင်မှုဟာ သူနဲ့တွဲစားတဲ့အစားအစာပေါ်မှာလည်း မူတည်ပါတယ်။ ကျွန်ုပ်တို့ဟာ သံဓာတ်ကိုလုံလုံလောက်လောက်စားသုံးနေပေမယ့် ခန္ဓာကိုယ်က သံဓာတ်စုပ်ယူမှုအားနည်းနေရင် လုံလောက်စွာရရှိမှာမဟုတ်ပါဘူး။ ဗီတာမင်စီဟာ သံဓာတ်စုပ်ယူမှုပမာဏကို နှစ်ဆမြင့်မားစေပါတယ်။ သင်စားတဲ့အစားအစာနဲ့အတူ လိမ္မော်သီး၊ ခရမ်းချဉ်သီး၊ စတော်ဘယ်ရီသီး၊ ဂရိတ်ဖရုသီး၊ ကျွဲကောသီးစသည်ဖြင့် တွဲဖက်စားသုံးပေးပါ။ ၎င်းသီးနှံများမှာ ဗီတာမင်စီပမာဏမြင့်မားစွာပါဝင်တာကြောင့် ခန္ဓာကိုယ်ရဲ့သံဓာတ်ရရှိမှုများသွားပါလိမ့်မယ်။ သံနဲ့ပြုလုပ်ထားတဲ့ ဒယ်အိုး၊ ဟင်းအိုးတို့နဲ့ချက်ပြုတ်စားသောက်ပါ။ အသီးအရွက်တွေစားတဲ့အခါ သံဓာတ်မပျက်စီးစေရန် နူးအိနေအောင်၊ မည်းသွားအောင်မချက်ပါနဲ့။

သံဓာတ်ပါဝင်တဲ့အစားအစာကို လက်ဖက်ရည်၊ ကော်ဖီတို့နဲ့တွဲမစားပါနဲ့။ လက်ဖက်ရည်ဟာ သံဓာတ်စုပ်ယူနိုင်မှုကို ၅၀ ရာခိုင်နှုန်းလျော့ကျစေပြီး ကော်ဖီကတော့ ၃၉ ရာခိုင်နှုန်းလျော့ကျစေတယ်လို့ ဆိုပါတယ်။

ခန္ဓာကိုယ်တွင်း သံဓာတ်ပမာဏများလွန်းတာကြောင့်လည်း ကိုယ်တွင်းအင်္ဂါတွေ ဒုက္ခရောက်နိုင်ပါတယ်။ သံဓာတ်များလွန်းရင် အူထဲမှာရှိတဲ့ အပြစ်အနာအဆာရှိတဲ့နေရာကနေတစ်ဆင့် ရောဂါဖြစ်စေနိုင်ပါတယ်။ သံဓာတ်များပြားတဲ့သူဟာ အနီရောင်အသားအစားများရင် အူမကြီးကင်ဆာဖြစ်နိုင်ခြေတိုးမြင့်လာတယ်လို့ ဆိုပါတယ်။ ဒါကြောင့် သံဓာတ်အားဖြည့်ဆေးမမှီဝဲခင် ဆရာဝန်နဲ့အရင်ဆုံးတိုင်ပင်ပြီး လိုအပ်မှသာ သောက်သုံးသင့်ပါကြောင်း အသိပေးရေးသားတင်ပြလိုက်ရပါတယ်။

ဂင်ဂင်မင်းလွင်

လွတ်လပ်ရေးနေ့ အကြို အားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ၁၄၇ လမ်း မိသားစုက ကြီးမှူး၍ ပျော်ပွဲရွှင်ပွဲနှင့်အားကစားပြိုင်ပွဲများကို ယနေ့ ညပိုင်းမှ စတင်ကာ အမျိုးသမီး သက်ကြီးထုပ်ဆီးတိုးပြိုင်ပွဲနှင့် အမျိုးသားသက်ငယ် ဘောလုံးပြိုင်ပွဲများဖြင့် စတင်ကျင်းပသည်။

ဆုများချီးမြှင့်

လွတ်လပ်ရေးနေ့ နံနက်ပိုင်းမှ စတင်ကာ အမျိုးသား အမျိုးသမီး၊ သက်ကြီး သက်ငယ် အပြေးပြိုင်ပွဲများ၊ အမျိုးသမီး သက်ကြီးထုပ်ဆီးတိုး ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ အမျိုးသမီး သက်ငယ် အာလူးကောက်ပြိုင်ပွဲ၊ အမျိုးသားသက်ငယ် ဘောလုံးပြိုင်ပွဲ၊ အုန်းသီးလုပွဲစသည့် အားကစားပြိုင်ပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲများကို ဆက်လက်ကျင်းပပြီး ညပိုင်းတွင် ဆုရရှိကြသည့် အားကစားမောင်မယ်များကို လမ်းမိသားစု၊ ရပ်မိရပ်ဖများက ဆုများချီးမြှင့်ကြမည်ဖြစ်သည်။ **ကိုချစ်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး CT ဓာတ်မှန်ခန်းဖွင့်

ထားဝယ် ဇန်နဝါရီ ၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး CT ဓာတ်မှန်ခန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအထွေထွေရောဂါကုဆေးရုံကြီး CT ဓာတ်မှန်အဆောက်အအုံအရှေ့၌ ကျင်းပရာ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က CT ဓာတ်မှန်ခန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီးဂုဏ်ဆောင် ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ CTဓာတ်မှန်ခန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပနိုင်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ဂုဏ်ယူမိပါကြောင်း၊ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မီစွာ အဆင်ပြေချောမွေ့နိုင်ရန်အတွက် CT ဓာတ်မှန်အဆောက်အအုံ စတင်ဆောက်လုပ်ရန် ကျန်းမာရေးဦးစီးဌာနသို့ အဆင့်ဆင့်ဆက်လက် တင်ပြခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနမှလည်း တိုင်းဒေသကြီးအဆင့် ဆေးရုံကြီးနှင့်စံနှုန်းများ ကိုက်ညီစေမည့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန် လိုအပ်သော ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများ ထောက်ပံ့ပေးခဲ့သည့်အတွက် CT အဆောက်အအုံနှင့် CT Scan စက်ပစ္စည်းများရရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုအား ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က အထွေထွေရောဂါကုဆေးရုံကြီး CT ဓာတ်မှန်ခန်း ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အလံကို ပေးအပ်ပြီး ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ကော်မတီအဖွဲ့ဝင် ဦးဇော်လင်း၊ ဦးယူစိန်၊ ဦးခင်မောင်အေးတို့က အထွေထွေရောဂါကုဆေးရုံကြီး CT ဓာတ်မှန်ခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် အထွေထွေရောဂါကုဆေးရုံကြီး ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဝင်းက CT ဓာတ်မှန်ခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက အထွေထွေရောဂါကု ဆေးရုံကြီး CT ဓာတ်မှန်ခန်းကို ကြည့်ရှုသည်။

အဆိုပါ အဆောက်အအုံသည် နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်ထားသောအလျားပေ ၃၀၊ အနံ ၂၈ပေ၊ အမြင့်၁၆ ပေရှိ၍ ကျပ်သိန်း ပေါင်း ၇၆၀ ကုန်ကျပြီး CT Scan စက်ပစ္စည်း Hitachi စက်အမျိုးအစား 16 Multistices စက်ပစ္စည်းဖြစ်၍ စက်ပစ္စည်း၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (သုံးသိန်းခွဲခန့်)မြန်မာငွေကျပ် သိန်းပေါင်း ၃၅၀၀ ခန့်ဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

(၃၆)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ

၁၉၄၅-၁၉၆၅ခုနှစ် စစ်ပြီးခေတ်ကာလ ရန်ကုန်ဟိုက်စကူးကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၆)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို အောက်ပါအတိုင်း ကျင်းပကြပါမည်။

နေ့ရက် - ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉နာရီ
နေရာ - အထက (၁)၊ လသာ၊ ဗဟိုစံပြခန်းမဆောင်

ပူဇော်ကန်တော့ပွဲအချိန်မှာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံကြရအောင် မပျက်မကွက် ဆက်ဆက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း၏အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း (DSTO) မှ ဦးဆောင်ကျင်းပသော ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အပတ်စဉ်အားလုံးမှ BDS/EDS သင်တန်းသား သင်တန်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက်/အချိန် - ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီ
နေရာ - ဝန်ဇင်းမင်းရာဇာခန်းမ၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။
ဝတ်ဆင်မှု - အမျိုးသား(တိုက်ပုံဖြူပုဆိုး)၊ အမျိုးသမီး(မြန်မာပွဲထိုင်ဝတ်စုံ)

ညနေ ၆နာရီမှ ၉နာရီ ပြည်သူ့ရင်ပြင် VIP မြက်ခင်းပြင်တွင် Gala Night Dinner ရှိပါသည်။

ဆက်သွယ်ရန် - ဖုန်း-၀၉-၇၃၁၀၃၁၈၀၊ ၀၉-၅၀၁၈၀၉၀၊ ၀၉-၅၀၄၁၃၈၁၊ ၀၉-၅၀၈၅၉၉၀၊ ၀၉-၅၁၆၁၈၉၉

ချစ်ခင်ပွန်း ဦးခွန်နောင်မြင့်ဝေအတွက် မွေးနေ့ဆုတောင်း

၅-၁-၂၀၁၄ ရက်တွင် ကျရောက်သော မောင့်မွေးနေ့မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်တိုင် ချစ်ဇနီး၊ ချစ်သားကြီး၊ ချစ်သားလေးတို့နှင့်အတူ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်မှုများစွာဖြင့် ဘဝခရီးမှာ အောင်မြင်မှုများစွာနှင့် လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး - ဒေါ်အဏ္ဏဝါလင်းဦး
ချစ်သားကြီး - ထိပ်ခွန်နောင်မြင့်ဝေ
ချစ်သားလေး - လွင်နောင်မြင့်ဝေ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဇ/၆၇၅၉ UCM Popular L/T ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းမောင် ၈/ရနခ(နိုင်)၀၇၁၃၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၉၂၄၈၃ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူမူစီ ၁၄/ပသန(နိုင်)၁၅၄၇၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်)**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁)၊ အဋ္ဌမတန်း(I)မှ မောင်ညီဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအေးမောင်(ခ)ဦးလှိုင်ကြမ်း ဖြစ်ပါကြောင်း။
ဦးအေးမောင်(ခ)ဦးလှိုင်ကြမ်း ၅/ကလထ(နိုင်)၁၀၆၀၅၁

မုံရွေးကြေးမုံ အထက အာစရိယပူဇော်ပွဲကျင်းပမည်

မုံရွာမြို့နယ် မုံရွေးကြေးမုံ အခြေခံပညာအထက်တန်းကျောင်း၏ ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲကို ၁၉-၁-၂၀၁၄ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ကိုထွန်းတင့်ဝင်း(ရန်ကုန်) ဖုန်း-၀၉-၇၃၀၆၃၆၄၅၊ ဒေါ်စန်းညွန့်ရီ ဖုန်း-၀၉-၂၅၉၀၃၈၅၉၂၊ ကိုဇေယျ ဖုန်း-၀၇၁- ၆၀၀၇၀၊ ကိုစိုးလွင်မြင့် ဖုန်း-၀၉-၄၀၀၄၀၆၁၁၇ နှင့် ကျောင်းအုပ်ကြီးရုံး ဖုန်း-၀၇၁-၆၀၂၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) နှိုးဆော်ချက်

လပွတ္တာမြို့နယ် ကန်ဘဲ့ကျေးရွာ၌ ၃၀-၁၂-၂၀၁၃ ရက် နံနက် ၂:၁၅ နာရီခန့်က မီးလောင်ကျွမ်းခဲ့ရာ အိမ်ခြေ ၂၁၃ လုံး မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စု ၂၅၁ စု လူဦးရေ(၁၁၈၂)ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါသည်။ သို့ပါ၍ စေတနာရှင်အလှူရှင်များအနေဖြင့် စေတနာအရ လှူဒါန်းမှုများကို အဆင်ပြေစွာစီစဉ်ပေးမည်ဖြစ်ပြီး ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် ၆၃/က၊ ပထမထပ်ရှိ လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)တွင် မီးဘေးကယ်ဆယ်ရေးအလှူခံဌာန ဖွင့်လှစ်ထားမည်ဖြစ်ပါ၍ ပစ္စည်းနှင့်ငွေကြေးများလှူဒါန်းနိုင်ရန် ဖုန်း-၀၉-၄၉၂၂၉၃၈၅၊ ၀၉-၅၁၅၅၃၉၉၊ ၀၉-၄၄၈၀၀၉၆၃၃၊ ၀၉-၅၁၂၇၇၃၀ နှင့် ၀၁-၂၂၂၀၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့
လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)

မှုခင်းသတင်းနှင့်ကြော်ငြာ

သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါးနှင့်အတူ ကွင်းဆက်တရားခံပါ ဖမ်းမိ

မော်လူး ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါးနှင့်အတူ ကွင်းဆက်တရားခံပါ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၁ နာရီခန့်က မုံရွာမူးယစ်တပ်ဖွဲ့စု (၈)မှ ဒုရဲအုပ်ကျော်စိုးနိုင်အဖွဲ့၊ ကသာခရိုင် ထ/နအဖွဲ့မှ ဒုရဲအုပ်ဇော်ထွန်း အဖွဲ့၊ မော်လူးရဲစခန်းမှ ဒုရဲအုပ်မင်းသိန်းထွန်း၊ ဒုတကနိုင်ဝင်း စိန်အစရှိသော ပူးပေါင်းအဖွဲ့တို့သည် သက်သေများဖြစ်သော မြမာလာရပ်ကွက် မော်လူးနေ ဦးသန်းမြင့်၊ ဦးဝင်းသိန်းတို့သည် မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးခွင့် ဝရမ်းဖြင့် မော်လူး မြမာလာရပ်ကွက်နေ အောင်ဇော်ဦး(ခ)မောင်ဇော်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မောင်ဇော်အား နေအိမ်အိပ်ခန်းအတွင်း တွေ့ရပြီး ၎င်းအိပ်သည့် အိပ်ရာပေါ်ခေါင်းရင်းညာဘက်မှ စက္ကူဖြင့်ထုပ်ထားသည့် မူးယစ်ဆေးဝါး ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်အလေးချိန် ၀ ဒသမ ၀၁ ဂရမ်ခန့်ပါ တစ်ထုပ်နှင့် အဖြူရောင်ဘိန်းဖြူမှုန့်များကပ်ညှိနေသည့် ပလတ်စတစ် အိတ်ခွံလေးခုကိုတွေ့ရှိရသဖြင့် သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံ ရေးသွင်းသိမ်းဆည်းခဲ့သည်။ ဆက်လက်စုံစမ်းစစ်ဆေးရာ မောင်ဇော်၏ ပြောပြချက်အရ အဆိုပါမူးယစ်ဆေးဝါးကို ၎င်းကိုယ်တိုင်သုံးစွဲရန် ကျပ်တစ်သောင်း ဖိုးခန့်ကို လွန်ခဲ့သော ဒီဇင်ဘာ ၃၀ ရက်က မော်လူး မြမာလာရပ်ကွက်နေ ကျော့သင်းထံမှ ဝယ်ယူခဲ့ကြောင်း သိရသဖြင့် ၎င်းနေအိမ်ကို ဆက်လက်ဝင်ရောက်ရှာဖွေရာ ကျော့သင်းကိုတွေ့ရပြီး နေအိမ် အနောက်ဘက် လေးပေခန့်အကွာ ပျဉ်ပုံအောက်တွင် ဝှက်ထားသည့် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၁၀ ဂရမ်ခန့်ပါ တစ်ဘူး၊ Train Pelm စာတန်းပါ စိမ်းပြာနုရောင်စွပ်ကျယ်တစ်ထည်၊ ကာလတန်ဖိုးငွေကျပ် ၁၀ သိန်းခန့် တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို တွေ့ရှိ၍ သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံ ရေးသွင်းပြီး အရေးယူပေးနိုင်ရန် ဒုရဲအုပ်နိုင်ဝင်းက အမှုရေးဖွင့်ခဲ့သည်။

အဆိုပါအမှုဖြစ်စဉ်နှင့်ပတ်သက်၍ မော်လူးရဲစခန်းမှ အောင်ဇော်ဦး(ခ) မောင်ဇော်(၃၂ နှစ်) ကျပန်း မြမာလာရပ်နေသူနှင့် ကျော့သင်း(၄၅ နှစ်)မြမာလာရပ်မော်လူးနေသူတို့အား အရေးယူခဲ့ပြီး အမြန်ဆုံးတရားစွဲတင်ပို့နိုင်ရေး အမှုစစ် ဒုရဲအုပ်မင်းသိန်းထွန်းက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နီတိုး**

ပဲခူးမြို့တွင် မီးလောင်မှုဖြစ်ပွား

ပဲခူး ဇန်နဝါရီ ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆိုရှယ်လစ်လမ်း ၂၀ တွင် အိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် နံနက် ၁ နာရီ မိနစ် ၂၀ က ဆိုရှယ်လစ်လမ်း ၂၀ ဦးညွှန့်မောင်ဆိုသူ၏ အိမ်နောက်ဖေးဘက်မှစ၍ မီးလောင်နေသည်ကို ၎င်းအိမ်ခေါင်းရင်းဘက်မှ ဦးလှဝင်းဆိုသူကတွေ့ရှိပြီး အော်ဟစ်အကူအညီတောင်း၍ မီးငြိမ်းသတ်သော်လည်း မီးမငြိမ်းဘဲ ပဲခူးမြို့နယ် မီးသတ်ဦးစီးဌာနမှ ကားများ လာရောက်ပြီး မီးငြိမ်းသတ်မှ ငြိမ်းသွားခဲ့သည်။

သို့သော်လည်း အိမ်ရှင်များ မရှိ၍ အတွင်းပစ္စည်းများ လုံးဝမရရှိဘဲဆုံးရှုံးသွားခဲ့သည်။ **(အပေါ်ပုံ)** သက်ဆိုင် ရာရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများပူးပေါင်း၍မီးလောင်မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေး အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းသစ္စာ(ပဲခူး)**

တရားမဝင်တူမီးသေနတ်ကိုင်ဆောင်သူအရေးယူ

နေပြည်တော် ဇန်နဝါရီ ၄

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကုန်းတရားကျေးရွာနေ တင်ဦး(၃၄ နှစ်)သည် လိုင်စင်မဲ့တူမီးသေနတ် ကိုင်ဆောင်အသုံးပြုနေကြောင်း သတင်းအရ ဇန်နဝါရီ ၁ ရက် နံနက် ၄ နာရီက စေတုတ္တရာ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ သွားရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေရာ တင်ဦး၏နေအိမ် အနောက်တောင်ဘက် ကိုက် ၁၀၀ ခန့်အကွာရှိ နဘူးခြံအတွင်း၌ဝှက်ထားသော တူမီးသေနတ်တစ်လက်ကို သိမ်းဆည်းရမိခဲ့သဖြင့် တရားမဝင် လက်နက်ကိုင်ဆောင်သူ တင်ဦးအား စေတုတ္တရာ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ကိုရဲ**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၄

အမှတ်(၂၄) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (လားရှိုး) တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ရှမ်းပြည်နယ် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၈) မိုးလုံလေလုံလမ်းနေ မလီရင်တီ(၄၅နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ ရှာဖွေရာ နေအိမ် ဖိနပ်စင်ပေါ်ရှိ ရှူးဖိနပ်အတွင်းမှ ၈၈ နှင့် ၁ စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ငါးပြား၊ ကားကိုဒေါင်အတွင်းရှိ ဆလွန်းကားကူရှင်နောက်မှ အပြား ၁၀၀၀၊ စုစုပေါင်း ဆေးပြား ၁၀၀၅ ပြား၊ တန်ဖိုးငွေကျပ် ၂၀ ဒသမ ၁ သိန်းကို သိမ်းဆည်းရမိခဲ့သောကြောင့် **(အောက်ပုံ)** မလီရင်တီအား လားရှိုးနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ရှမ်းပြည်နယ် တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၄

အမှတ်(၃၀) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (တာချီလိတ်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါး သတင်းအရ သက်သေများနှင့်အတူ ရှမ်းပြည်နယ် တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဝမ်လိရွာနေ ဦးစိုင်းရှိန်(၆၃နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေရာ ၎င်း၏ ဂျာကင်အင်္ကျီအိတ်အတွင်းမှ အဖြူရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော အိုက်စ် ၁ ဂရမ်၊ တန်ဖိုးငွေကျပ် ၂၃၀၀၀ နှင့် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၉၀၊ အိပ်ခန်းအတွင်း အိပ်ရာအောက်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၊ စုစုပေါင်း ဆေးပြား ၄၉၀၊ တန်ဖိုးငွေကျပ် ၁၂ ဒသမ ၂၅ သိန်းကို သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းရှိန်အား တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ) ကိုရဲ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ကလေးမြို့ စိန်မေရီ အထက(၃) (၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ၊ ဆုတောင်းပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ

ကလေးမြို့ စိန်မေရီ အထက(၃)ကျောင်းတော်ကြီး၏ အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား တပည့်များက အာစရိယပူဇော်ပွဲကို ၁၈-၁-၂၀၁၄ ရက် (စနေနေ့) မွန်းတည့် ၁၂း၀၀နာရီတွင် စိန်မေရီကျောင်း ရွှေရတုဆောင်၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာ ဆရာမကြီးများ အားလုံး အပူဇော်ခံကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အနယ်နယ်အရပ်ရပ်မှ တပည့်ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ဂါရဝပြုကြပါရန် လှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်အပ်ပါသည်။ အလှူငွေ ထည့်ဝင်လိုသူများနှင့် အကြံပြုလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

နေပြည်တော် ဦးလှမိုးနိုင် ဖုန်း-၀၉-၄၃၀၃၄၈၉၃
ရန်ကုန် - ဆရာဦးလွယ် ဖုန်း-၀၁-၅၈၀၈၅၆၊ ဒေါ်လွှင်လွှင်အေး ဖုန်း-၀၉-၂၅၄၀၁၂၇၆၆
မန္တလေး - ဦးအောင်ဇော်မိုး ဖုန်း-၀၉၂၀၁၆၄၇၇၊ ဦးကျော်ဆန်းဦး ဖုန်း-၀၉-၂၄၅၀၅၈၀၊
ဒေါက်တာတင်တင်လှ ဖုန်း-၀၉-၂၁၃၃၀၇၀
ကလေး - ဆရာဦးထွေးချန် ဖုန်း-၀၉-၄၇၀၈၀၀၆၈၊ ဦးမောင်မောင်အေး (ရှန်ဟိုင်း) ဖုန်း-၀၉-၄၇၀၇၃၂၅၃၊
ဦးအောင်ထူး(ပရိဘောဂ) ဖုန်း-၀၉-၄၀၀၄၅၆၉၄၇၊ ဦးမြင့်နိုင်ထွန်း(ရတနာပုံ နာရီဆိုင်) ဖုန်း-၀၉-၄၇၀၈၀၄၀၂၊
ဦးတွမ် (Home Sweet Home) ဖုန်း-၀၉-၄၇၀၇၃၆၀၅၊ ဦးအင်ခန့်ဂို ဖုန်း-၀၉-၄၀၀၃၀၇၉၅၇၊
ဒေါ်စုစုရီ(နှင်းသက်သက်ဝေစတိုး) ဖုန်း-၀၇၃-၂၁၈၂၇၊ ဒေါ်သင်းသင်းထန် (မီလျံနာ) ဖုန်း-၀၇၃-၂၁၈၄၇၊
ဒေါ်နှင်းပုလဲ(မေတ္တာရောင်ခြည်ဆေးခန်း) ဖုန်း-၀၉-၆၄၇၂၁၇၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၂၇၆၆၇ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင်၁၄/ပသန(နိုင်)၂၃၇၂၉၉(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၁၁၆၂၄ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသက်ဦး ၁၄/ပသန(နိုင်)၁၈၄၄၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၈၅၄၄၉ Honda Dream C100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိန်၁၄/ပသန(နိုင်)၀၄၂၆၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

အမည်ပြောင်း

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့၊ အလက(ခွဲ)မြို့မကျောင်း စတုတ္ထတန်း(A)မှ ဦးချမ်း၏ သားသမီးများဖြစ်ကြသော မောင်ကျော်မင်းမောင်အား မောင်ကျော်မင်းထွန်းဟု လည်းကောင်း၊ ပထမတန်း(B)မှမဖူးပွင့်အား မပွင့်ပွင့်ဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးချမ်း**

ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ငှက်သိုက်အထက(ခွဲ)၊ အဋ္ဌမတန်း(က)မှမောင်ဝေယံလင်း၊ပဉ္စမတန်း(က)မှ မောင်ဝေယံမင်းနှင့်ဆည်တို အမက ပထမတန်းမှ မောင်နေမင်းသန့်တို့၏ဖခင်အမည်မှန်မှာ ဦးမျိုးသန့်ထူး ၉/ရမသ (နိုင်) ၀၉၅၀၁၆ဖြစ်ပါကြောင်း။ **ဦးမျိုးသန့်ထူး**

(၁၅)ကြိမ်မြောက်အာစရိယပူဇော်ပွဲ အထက(၁)သာကေတ

အထက(၁)သာကေတတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၃-၂-၂၀၀၂ ရက်အထိ သက်ပြည့် အငြိမ်းစားယူပြီးသည့် ဆရာကြီး ဆရာမကြီးများအား (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင်အထက(၁) သာကေတ မြဝတီခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေ ထည့်ဝင်လိုပါက

ဦးမောင်ဝင်း ဖုန်း-၀၉-၅၄၀၅၁၁၂
ဦးမင်းဟန် ဖုန်း-၀၉-၇၃၀၁၃၇၉၃
ဦးအေးမြင့်မောင် ဖုန်း-၀၉-၅၁၅၉၃၂၉
ဦးစိုးသိန်း ဖုန်း-၀၉-၄၂၁၀၂၈၀၇၉
ဒေါ်အေးသန်း(မီဒီ) ဖုန်း-၀၉-၅၁၂၂၇၈၁
ဒေါ်စန်းစန်း ဖုန်း-၀၉-၇၃၁၅၅၈၃၀
တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၁၇၅၅၊ မြေကွက်တည်နေရာအမှတ် ၁၇၅၅၊ ၁၅၀ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးချစ်ဟန် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးချစ်ဟန်၁၂/ဒလန(နိုင်)၀၂၀၅၅၅ကိုယ်တိုင်က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၁၀၇၊ မြေကွက်အမှတ် ၁၀၀၁-က အမည်ပေါက် ဒေါ်တိုးကြည် ၁၂/သကတ(နိုင်)၀၅၂၈၇၈ မြေကွက်အား ဝယ်ယူထားသူ ဦးကိုကိုဦး ၁၂/တမန(နိုင်)၀၃၂၂၁၈၈ မြေချပါမစ်အားရုံးခွဲစာရင်းဝင်ခွင့်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ခုတင်၁၆လုံးဆံ့ တိုက်နယ်အဆင့်ဆေးရုံ စင်ကာပူနိုင်ငံမှ အလှူရှင်များ ပံ့ပိုးမှုဖြင့် အဆောက်အအုံ မကြာမီဖွင့်လှစ်နိုင်တော့မည်

ရန်ကုန် ဇန်နဝါရီ ၄

နာဂစ်ဒဏ်ခံ မြစ်ဝကျွန်းပေါ်ဒေသတွင် ဖောက်လုပ်နေသော လမ်းကွန်ရက် ၁၁လမ်းကြောင့် လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လှိုင်းဘုန်းဒေသမှ မော်လမြိုင်ကျွန်းမြို့ တစ်ဖက်ကမ်းသို့ ကားလမ်းခရီးဖြင့် မြစ်ဖြတ်တစ်နေရာမှလွဲ၍ တိုက်ရိုက်သွားလာနိုင်ပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

နာဂစ်မတိုင်မီ ကာလတွင် အဆိုပါဒေသသည် လပွတ္တာမြို့နယ်အတွင်းရှိခဲ့ပြီး နာဂစ်ဒဏ် ၂၀၀၈ ခုနှစ်တွင် ခံစားရပြီးနောက် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပြောင်းလဲရောက်ရှိပြီး လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ် နှစ်မြို့နယ်ပါဝင်ဖွဲ့စည်းထားသော လပွတ္တာခရိုင်အဖြစ် မြောင်းမြခရိုင်မှ ခွဲထွက်ဖွဲ့စည်းခဲ့ကြောင်း၊ ရေလမ်းခရီးတစ်ခုတည်းသာ သွားလာရသောစင်းလုံးငှားပဲ့ထောင်ရေယာဉ်ဖြင့် သုံးနာရီခန့် သွားလာနေရကြောင်း၊ မြစ်ကြီးများ၊ ချောင်းများ များပြားသဖြင့် ကားလမ်းခရီးမှာ အိပ်မက်တွင် ထည့်မက်၍ ပင်မရခဲ့ကြောင်း၊ နာဂစ်အပြီးတွင် နိုင်ငံတော်မှလမ်းကွန်ရက် ၁၁လမ်းကို မြစ်ဝကျွန်းပေါ်ဒေသတွင် တစ်ပြေးညီ ဖောက်လုပ်ခဲ့ရာ အဆိုပါဒေသသည် လမ်းအရှည်မိုင် ၅၂မိုင်ကျော်ရှိသော မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်ပြင်စလူလမ်းပိုင်းတွင် ကျရောက်ခဲ့ပြီး လှိုင်းဘုန်း- မော်လမြိုင်ကျွန်းသည် ကားလမ်းခရီးမိုင် ၂၈မိုင် ဝန်းကျင်ရှိကြောင်း အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦးမှ ဆိုသည်။

ယခင် ရည်ရွယ်ထားသော မော်လမြိုင်ကျွန်းမြို့ဘက်လမ်းရှိ တပ်တွင်းနေရာအစား တုံးလဲ့ချောင်းတစ်ဖက်ကမ်းဆန်စက်များရှိရာနေရာမှ ယခင်ရှိပြီးရွှေအုပ်၊ ပိဿက၊ ညောင်ချောင်း၊ မဲဇလီ၊ အဝချောင်း ကျေးရွာလမ်းအတိုင်း သွားနိုင်ပြီး အဝချောင်းမှ ဖျာလိပ်ဘက်ကမ်းသို့ မြစ်ကူးပြီးနောက် ဖျာလိပ်-ကနဦးချောင်း၊ကဇောင်းပက်ပြ-ကျီးချောင်းမှ လှိုင်းဘုန်းသို့ ဘေလီချောင်းကူးတံတားများဖြတ်၍ ကားလမ်းတိုက်ရိုက်သွားလာနိုင်ကြောင်း၊ ယခုအခါကျေးရွာများမှ ဆိုင်ကယ်များဖြင့် နွေအခါသွားလာနေကြောင်း၊ လှိုင်းဘုန်းမှ မော်လမြိုင်ကျွန်းသို့မြစ်ကူးအချိန်အပါအဝင်နှစ်နာရီဝန်းကျင်ဖြင့်မြို့တစ်ဖက်လမ်းသို့ရောက်ရှိနိုင်ကြောင်း၊ဆိုင်ကယ်ခကျပ် ၇၀၀၀-၈၀၀၀ ဝန်းကျင်ပေးရကြောင်း၊ စီးလုံးငှားပဲ့ထောင်ဆိုလျှင် ကျပ်နှစ်သောင်းဝန်းကျင်ပေးရကြောင်း၊ခရီးသည်တင်ပဲ့ထောင်ဆိုလျှင် အချိန်အားဖြင့် မြို့မှ ၇နာရီကျော်လျှင် လှိုင်းဘုန်းသို့ ၁၁နာရီဝန်းကျင်မှ ရောက်ရှိရာလေးနာရီန်းကျင်ကြာမြင့်ကြောင်းဒေသခံတစ်ဦးကဆိုသည်။

နာဂစ်တွင် ပြိုကျပျက်စီးသွားသော ရဲစခန်းနေရာတွင် အသစ်ဆောက်လုပ်ပြီးစီးအသုံးပြုနေသကဲ့သို့ အစိုးရအထက်တန်းကျောင်းဖွင့်လှစ်၍ စာဖြေစာစစ်ဌာနအပြင် ကျေးရွာမှာပင် ၂၀၁၁-၂၀၁၂မှစ၍ ဖြေဆိုခွင့် နှစ်ကြိမ် ရရှိပြီဖြစ်ကြောင်း၊ နာဂစ်မတိုင်မီ ကျေးလက်ကျန်းမာရေးဌာနအဆင့်သာရှိရာမှ ယခုအခါတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်အဆင့်ဆေးရုံကို စင်ကာပူနိုင်ငံမှ အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် တည်ဆောက်နေသော အဆောက်အအုံတွင် မကြာမီဖွင့်လှစ်အသုံးပြုနိုင်တော့မည်ဟု သိရသည်။ စင်ကာပူနိုင်ငံမှအလှူရှင်များ၏ ပံ့ပိုးမှုဖြင့်တည်ဆောက်ပြီးခဲ့သောအဆောက်အအုံတွင် တိုက်နယ်ဆေးရုံအပြင် လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာတွင်ဖွင့်လှစ်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

နာဂစ်မတိုင်မီခနိလုပ်ငန်းမီးသွေးလုပ်ငန်းဖြင့် အဓိကစီးပွားရေးအပြင် ဖွံ့ဖြိုးတိုးတက်ခဲ့သော လှိုင်းဘုန်းဒေသသည် နာဂစ်ဒဏ်ကြောင့် ခနိလုပ်ငန်းများ ယခင်ကကဲ့သို့ မများတော့ကြောင်း၊သစ်များပြုန်းတီးမှုကြောင့် မီးသွေးလုပ်ငန်းများလည်းမရှိသလောက်ဖြစ်နေကြောင်း၊ လယ်ယာနှင့်ရေထွက်လုပ်ငန်းများပေါ်တွင်သာ အမှီပြုနေရကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမှာ ယခင်ထက်ပိုမိုကောင်းမွန်လာပြီး မြစ်ကူးတံတားများတည်ဆောက်ပေးမှုလမ်းအဆင့်အတန်းကို ကျောက်လမ်း၊ ကတ္တရာလမ်းအဆင့် တိုးမြှင့်ပေးနိုင်မှုတို့အပေါ် မူတည်၍ လှိုင်းဘုန်းဒေသကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟု ဒေသခံရွာသူရွာသားများမှ မျှော်လင့်နေကြောင်း သိရသည်။ **(ခင်ဆိုင်)**

ကျောက်ကြီးမြို့တွင် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကျင်းပ

တောင်ငူ ဇန်နဝါရီ ၄

တောင်ငူခရိုင်ကျောက်ကြီးမြို့တွင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ၂ရက်ကစည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားတွင် ကျောက်ကြီးမြို့နယ်အတွင်းရှိ ကရင်အမျိုးသားစစ်ကြောင်းများ ဖြစ်သော ဖူးမောလေး၊ဖူးထော့မဲ့ပါ၊ ဖူးမော်ထော်၊ ခီးဘီးယောတို့မှ ကရင်သံချပ်များ ရွတ်ဆိုကာ ပွဲတော်ကျင်းပရာကွင်းသို့ ချီတက်လာကြသည်။

နံနက်၅နာရီခွဲတွင် ကရင်အမျိုးသားအလံတော်ကိုလွှင့်ထူပြီးကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရခြင်း အကြောင်းကို ပြောကြားပြီးနောက် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးမှ ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားသည်။ ထို့နောက် ကရင်အမျိုးသား အဖွဲ့အစည်းအသီးသီးမှ ပေးပို့သော သဝဏ်လွှာများကို ဖတ်ကြားကာ ဘုန်းကြီး ဦးစန္ဒိမာန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်ပြီး အားကစားပြိုင်ပွဲများကျင်းပခြင်း၊ ညပိုင်းတွင် တေးဂီတများဖြင့် သီဆိုဖျော်ဖြေခြင်းများ ပြုလုပ်ကြသည်။

ဤကဲ့သို့ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ကရင်အမျိုးသားများသာမက ကျောက်ကြီးမြို့နယ်အတွင်းရှိ တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ဆင်နွှဲကြကြောင်းသိရသည်။ **(၈၂၅)**

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ရေစက်ချလှူဒါန်းပွဲကျင်းပ

မြိုင် ဇန်နဝါရီ ၄

ရန်ကုန်မြို့ လွယ်အိတ်ပရဟိတအသင်း၊ လူမှုကူညီရေးနှင့် သွေးလှူရှင်များအဖွဲ့မှ ဆောက်လုပ်လှူဒါန်းသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ရေစက်ချလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ဗဟင်းကျေးရွာအုပ်စု ဗဟင်းရွာ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းဝင်း၌ကျင်းပသည်။

အဆိုပါဖွင့်ပွဲတွင် ပခုက္ကူခရိုင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ ဗဟင်းရွာ အောင်မင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တကေလာသနှင့်လွယ်အိတ်ပရဟိတအသင်း၊ လူမှုကူညီရေးနှင့် သွေးလှူရှင်များအဖွဲ့ ခေါင်းဆောင် ဒေါ်တင်နွယ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အောင်မင်္ဂလာကျောင်းတိုက် ပဓာနနာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေလာသထံ ငါးပါးသီလ ဆောက်တည်ကြပြီး ဆရာတော်က အလှူရှင်များက ပင့်သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခြင်းနှင့် ဧည့်သည်တော်များအား အာဟာရထမင်းများ ကျွေးမွေးခြင်း၊ ပညာသင်ကြားရေးအတွက် ကျောင်းဆောင်သစ်ဆောက်လုပ် လှူဒါန်းခြင်းနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းတို့ကြောင့် ကောင်းကျိုးချမ်းသာ အကျိုးတရားပွားများခြင်း တရားတော်ကို ချီးမြှင့်ဟောကြားသဖြင့် အလှူရှင်များက ရေစက်သွန်းချ အမျှအတမ်း ပေးဝေကြရာ ပရိသတ်အပေါင်းတို့က သာဓုအနုမောဒနာ ခေါ်ဆိုကြသည်။

ဆက်လက်၍ ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ သင်ကြားပို့ချမည့် ဆရာ ဆရာမ ခြောက်ဦးအတွက် ကျောင်းဝတ်စုံနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ကျောင်းသား ကျောင်းသူ ၁၁၂ ဦးအတွက် စာအုပ်၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ၊ အနွေးထည်နှင့် အဝတ်အစားများ၊ ကစားစရာများပေးအပ်ခြင်း၊ ကျောင်းသုံးပရိဘောဂများ လှူဒါန်းခြင်းတို့အတွက် တန်ဖိုးငွေကျပ် ၃၈သိန်းဖိုး၊ ရေလောင်းအိမ်သာ ကုန်ကျငွေကျပ်ကိုးသိန်းကျော်နှင့်ကျောင်းဆောင်သစ်ဆောက်လုပ်မှုတွင် ကုန်ကျငွေကျပ် ၅၂ သိန်းကျော် စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၀၀ ကျော်တို့အား ရေစက်ချ လှူဒါန်းကြသည်။

တက်ရောက်ကြသူများမှာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူမိဘများ၊ ဗဟင်းကျေးရွာအနီးရှိ ကျေးရွာများမှ ပရဟိတအသင်းသားအသင်းသူများ စုစုပေါင်း ၅၀၀ကျော် တက်ရောက်ကြကြောင်း သိရသည်။ **(၁၃၅)**

မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်

မလှိုင် ဇန်နဝါရီ ၄

မလှိုင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ဒီဇင်ဘာ ၂၄ရက်ကရပ်ကွက်ကြီး(၂)နယ်မြေသို့ တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါရက်က ရပ်ကွက်ကြီး(၂) အုပ်ချုပ်ရေးမှူးဦးသိန်းဇော်၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်လေးဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင်၁၅ဦးတို့ ပူးပေါင်း၍ ရပ်ကွက်ကြီး(၂) နယ်မြေ အမှတ်(၁၀)ရပ်ကွက်ရှိ အိမ်ခြေပေါင်း ၁၅၈ အိမ်အား တစ်အိမ်တက်ဆင်းကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေ၊ သဲဆောင်ရွက်ထားရှိမှု အခြေအနေ၊ မီးဖိုချောင်မီးသုံးစွဲမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်ကင်းရှင်းရေး အကြံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

ချစ်သမီးလေးအတွက် မွေးနေ့ဆုမွန်တောင်း

၅-၁-၂၀၁၄ရက်တွင် ရောက်ရှိသော ချစ်သမီးလေးငြိမ်းချမ်းဆုဝေ (ခ)ချမ်းချမ်း၏ (၁၀)နှစ် ပြည့်မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် အသက်ရာကျော်ရှည်၍ ထူးချွန်ထက်မြက်သော သမီးကောင်းရတနာအဖြစ် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘွားဘွားကြီး - **ဒေါ်ကြည်ကြည်ဆိုင်**
ဘိုးဘိုးများ - **ဦးအောင်မြင့်၊ ဒုတိယ ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)**
ဘွားဘွားများ - **ဒေါ်တင်အေး၊ ဒေါ်ခင်နွယ်အေး၊**
ဖေဖေ-မေမေ - **ဒုတိယဗိုလ်မှူးကြီး မင်းထွဋ်ခိုင်-ဒေါ်သီလာစိုး**

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

(YPGG) ဂေါက်သီးရိုက်အသင်း၏ (၅၃)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် (ဒဂုံဂေါက်ကွင်း)တွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်းပါဝင်ကြရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ ထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။
www.facebook.com/Yuzana Plaza Golfer Group တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ တိုက်အမှတ် ၆၃၊ ဒုတိယထပ်၊ ခြေရင်းခန်းအကျယ်ပေ(၁၇×၆၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်ထွေး ၁၂/ကမရ(နိုင်)၀၂၃၃၈၂၊ ၎င်း၏ကိုယ်စား ဦးအောင်နိုင်ထွေး ၈/ခမန(နိုင်)၀၄၆၁၂၉မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းဦး **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပျောက်ဆုံး

ကျွန်တော် ဦးမောင်ငယ် ၁၃/တခလ (နိုင်)၀၃၆၄၂၃ ၏ မြန်မာနိုင်ငံကူး လက်မှတ် 783408 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၁၀၀၆၁၉၀**

ပြန်လည်ရုပ်သိမ်းကြောင်းအများသိစေရန်ကြေညာခြင်း

မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ဘကြီးမှုံလမ်း၊ အမှတ် ၂၂ဟုခေါ်တွင်သော မြေ အကျယ်အဝန်းပေ(၁၉×၆၀)ရှိမြေနှင့်ပတ်သက်၍ မြန်မာ့အလင်းသတင်းစာ၌ ၂-၁၂-၂၀၁၃ရက်စွဲပါ ကန့်ကွက်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း ကြော်ငြာစာအား နှစ်ဖက်တွေ့ဆုံဖြေရှင်းပြီးဖြစ်ပါ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ **လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခင်နန်းမြိုင် **ဦးကျော်ထွဋ်မြင့် H.G.P, LL.B**
၁၂/မဂဒ(နိုင်)၀၈၀၉၅၃ **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၇၅)**
ဖုန်း-၀၉-၇၃၀၈၇၁၉၈

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅/စီဂျီ)၊ လူနေရပ်ကွက်(ဆရာစံမြောက်/အနောက်)၊ မြေကွက်အမှတ်(၃၈၂)၊ အကျယ်အဝန်း(ပေ၂၀×ပေ၄၀)ရှိ နှစ် ၆၀ ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅၅၊ အနောက်ဈေးဟောင်းလမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် မြို့မြေစာရင်းတွင် ဦးရွှေအမည်ဖြင့် တည်ရှိပါသည်။ ၎င်းကွယ်လွန်သဖြင့် လက်ရှိနေထိုင်ပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဇနီးဖြစ်သူ ဒေါ်ကျင်လှိုင် ၁၂/ဗဟန(နိုင်)၀၅၁၉၆၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	**ဒေါ်အိမ့်ဖြူနိုင်**	**ဒေါ်ရတနာနွေး**
LL.B	**LL.B,DBL,DML**	**LL.B,DBL,**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၂၃၂၉၉)	**(စဉ်-၂၉၇၄၆)**	**(စဉ်-၃၈၄၉၇)**

အာရှအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

၃၁-၁၂-၂၀၁၃ ရက်စွဲပါ ဒေါ်ရီရီခိုင်၏ အများသိစေရန်ကြေညာစာကိုရှင်းလင်းခြင်း

၃၁-၁၂-၂၀၁၃ ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာပါ ဒေါ်ရီရီခိုင် ၁၂/လကန(နိုင်) ၀၀၀၅၅၀ ၏ ကြေညာချက်နှင့်ပတ်သက်၍ အဆိုပါမော်တော်ကားအမျိုးအစား Probox CC/2876နှင့် အမှတ် ၂၄၅၊ နဝရတ်လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အိမ်ခြံမြေ ပိုင်ဆိုင်မှုများမှာ ကျွန်တော်၏ ကိုယ်ပိုင်ကြိုးစားမှုဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားခြင်းသာဖြစ်ပြီး၊ ကျွန်တော်မသိရှိဘဲ တစ်ဆင့်လွှဲပြောင်းပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းလက်ခံယူခြင်းများ မပြုလုပ်ရန်နှင့် ကျွန်တော်၏ ဂုဏ်သိက္ခာကို ထိပါးကျဆင်းစေရန် ဆောင်ရွက်ခြင်းသာဖြစ်ပြီး ဇနီးဒေါ်ရီရီခိုင်သည် ကျွန်တော်နှင့် တရားဝင်ကွာရှင်းထားခြင်းမရှိသည့်အပြင် ကျွန်တော်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ၎င်းသဘောဖြင့် ၃၀-၁၁-၂၀၁၃ ရက်တွင် နေအိမ်မှဆင်းသွားခြင်းဖြစ်၍ ယင်းနောက်ပိုင်း ၎င်းနှင့်ပြုလုပ်သည့်ကိစ္စရပ်များအားလုံး ကျွန်တော်နှင့်မသက်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်သောင်း
၁၂/ဥကတ(နိုင်)၀၀၅၃၆၄

ဌာနဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေးကြော်ငြာ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
ချစ်မေမေ ဒေါ်မြကြည်
(မြို့သစ် ၃လမ်း ကျောက်မြောင်း ရန်ကုန်မြို့)

ချစ်မိခင်ကြီးရဲ့ ကျရောက်တဲ့ (၈၂)နှစ်ပြည့်မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်း (၁၂၀)တိုင် ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို နာကြားရင်း အသက်ရှည်ရှည်ကုသိုလ်ရရ ကျန်းမာစွာ လျှောက်လှမ်းနိုင်ပါစေ -

သမီးကြီး - အေးအေးမာ
ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးသောင်းဦးလွင်
(ဥက္ကဋ္ဌ-ပြည်မြန်မာစံဆောက်လုပ်ရေး)-ဒေါ်ခင်ထွေးထွေးဝင်း
(မန်နေဂျင်းဒါရိုက်တာ-ပြည်မြန်မာစံဆောက်လုပ်ရေး)တို့၏သားကြီး

မောင်ရဲဝင်းလွင် (ဒါရိုက်တာ-ပြည်မြန်မာစံဆောက်လုပ်ရေး)

(Civil Engineering, 2nd yrs, 2nd Semester Victoria University College), 2nd Geo:

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးအောင်ကြည်လင်း-
ဒေါ်ခင်သန္တာဖူးတို့၏သမီးကြီး

မဖူးယမုံလင်း

(Civil Engineering, 2nd yrs, 2nd Semester Victoria University College), 2nd Math:

တို့အား နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့)တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲဝင်းလွင်-မဖူးယမုံလင်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၁၂၃၄၊ မြေကွက်တည်နေရာအမှတ် ၁၂၃၄၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးမြင့်ဆွေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်ဆွေ ၁၂/ဥကမ(နိုင်)၁၂၁၅၉၈က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄စီ၊ မြေကွက်အမှတ် ၈ ဘီ ၇၊ မြေကွက်တည်နေရာအမှတ်-၂၂၀/ခ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ဦးခင်မောင် ၁၂/တမန(နိုင်)၀၃၂၄၁၄ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးခင်မောင်(ဖခင်)၊ ဒေါ်ခင်မမကြင်(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးသက်ထူးအောင် ၁၂/တမန(နိုင်)၀၃၁၁၆၇၊ ဒေါ်ဟေမာမောင် ၁၂/တမန(နိုင်)၀၃၂၁၆၆ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
ပဉ္စမအကြိမ် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက်
ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း - ၂၃-၂-၂၀၁၄ရက်(တနင်္ဂနွေ) နံနက်ပိုင်း နံနက် ၉း၀၀နာရီ
ညနေပိုင်း မွန်းလွဲ ၁း၀၀နာရီ

ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၂၄-၂-၂၀၁၄ ရက်(တနင်္လာ) နံနက်ပိုင်း နံနက် ၉း၀၀နာရီ
ညနေပိုင်း မွန်းလွဲ ၁း၀၀နာရီ
- ၂၅-၂-၂၀၁၄ရက် (အင်္ဂါ) နံနက်ပိုင်း နံနက် ၉း၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-

- ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) တက်ရောက်ဘွဲ့ - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

(ခ) အဝေးရောက်ဘွဲ့ - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့် (အမျိုးသား)ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ(ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်အမှတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့် အတူလျှောက်လွှာတင်ရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာထဘီနှင့်အင်္ကျီ) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ရှိ ကျောင်းသားရေးရာဌာန၌ ၆-၁-၂၀၁၄ ရက်မှစ၍ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၇-၁-၂၀၁၄ ရက် (သောကြာနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၇။ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း-၀၉-၂၅၀၀၇၃၉၉၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အမိန့်အရ-
(ဒေါက်တာဝင်းနိုင်ထွန်း)
မော်ကွန်းထိန်း
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် (၃၂) နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူး ၂၅နေရာအတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဘွဲ့ရဖြစ်ပါက ၁-၁-၂၀၁၄ရက်တွင် အသက်(၂၇)နှစ်ထက်မကျော်လွန်သူ၊ မဟာဘွဲ့ရသူဖြစ်ပါက အသက် (၃၀)နှစ်ထက်မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန့်စွမ်းသူဖြစ်ရမည်။

(ဃ) ပညာအရည်အချင်းသတ်မှတ်ချက်-

(၁) B.Com, B.Act, B.B.A, B.Econ (stats), B.P.S, B.Econ(Eco), B.P.A, B.Devs, B.B.M
(မဟာဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်ပါသည်။)

(၂) နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဘွဲ့ရရှိသူများဖြစ်ရမည်။

(င) ဝန်ထမ်းမဟုတ်သူများ အလုပ်သမားမှတ်ပုံတင်ထားသူဖြစ်ရမည်။

(စ) ဤဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

၃။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ၃-၂-၂၀၁၄ ရက်တွင် ဖြေဆိုရမည်ဖြစ်ပြီး ၃၀-၁-၂၀၁၄ ရက်မှစ၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃၂) နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးပါမည်။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁)	မြန်မာစာနှင့် အင်္ဂလိပ်စာ	၂ နာရီမေးခွန်း
(၂)	အထွေထွေဗဟုသုတ	၂ နာရီမေးခွန်း

၄။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို ၁၇-၂-၂၀၁၄ ရက်တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာစစ်ဆေးခြင်း ပြုလုပ်မည်။

၅။ သတ်မှတ်ထားသော လျှောက်လွှာများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာန၊ ရုံးအမှတ် (၃၂) နေပြည်တော်တွင် ထုတ်ယူနိုင်ပါသည်။

၆။ လျှောက်လွှာနှင့်အတူ-

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဂ) လွန်ခဲ့သော (၆)လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ
(ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(င) ဝန်ထမ်းမဟုတ်သူများသည် လွန်ခဲ့သော (၁)လအတွင်း ရရှိထားသောအကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်းတို့ ပူးတွဲပါရှိရမည်။

၇။ လျှောက်ထားသူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာန၊ ရုံးအမှတ် (၃၂)နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း၊ ဝန်ထမ်းများအတွက် (၂)စောင်နှင့် ဝန်ထမ်းမဟုတ်သူများ (၁)စောင်ဝယ်ယူဖြည့်သွင်းပြီး ၂၀-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၈။ ဝန်ထမ်းများသည် အပိုဒ်(၅)ပါ အထောက်အထားများနှင့်အတူ လျှောက်လွှာကို သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် ဤဦးစီးဌာနသို့ ၂၀-၁-၂၀၁၄ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာကို ဤဦးစီးဌာနသို့ တိုက်ရိုက်ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

၉။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းမပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်သိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃၂) နေပြည်တော် ဖုန်း-၀၆၇-၄၀၆၁၃၆၈၊ ၀၆၇-၄၀၆၁၂၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အလှည့်ကျသည့်နှစ်အတွင်း ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ်လက်ခံ၍ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်အစည်းအဝေးများကို အိမ်ရှင်အဖြစ်၊ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ကျင်းပရမည်ဖြစ်ပါသည်။

ထို့မှုမက အာဆီယံပဋိညာဉ်စာတမ်းအရ အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၏ အဆင့်မြင့်ကောင်စီအစည်းအဝေးကျင်းပရန် လိုအပ်လာပါက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခြင်း၊ ညီလာခံဥက္ကဋ္ဌတို့နှင့် တွေ့ဆုံမှုများတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအားခေါင်းဆောင်ခြင်းနှင့် နိုင်ငံ(၂၀)အုပ်စု (G-20)ထိပ်သီးအစည်းအဝေးတွင် အာဆီယံကို ကိုယ်စားပြုခြင်းတို့ကိုလည်း ဆောင်ရွက်ရပါသည်။

အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရန်အတွက် နေပြည်တော်တွင် ယနေ့ဖွင့်လှစ်ပြီးစီးသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန တည်ဆောက်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ပြောပြချက်များကို ပြန်လည်တင်ပြလိုက်ရပါသည်။

ဦးကံချွန်(နေပြည်တော်ကောင်စီဝင်)

အာဆီယံထိပ်သီးအစည်းအဝေးကျင်းပတဲ့ နိုင်ငံတွေအနေနဲ့ ကောင်းမွန်ပြည့်စုံတဲ့ အဆောက်အအုံ၊ ဟိုတယ်တွေနဲ့ အစည်းအဝေးကျင်းပမယ့်နေရာထိုင်ခင်းစတာတွေ ပြည့်စုံလုံလောက်စွာ ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ကြည့်ရင် ထိပ်သီးဆွေးနွေးပွဲနဲ့ ဆက်စပ်ဆွေးနွေးပွဲတွေကို တစ်ပြိုင်တည်း လက်ခံကျင်းပပေးနိုင်မယ့်နေရာနဲ့ တက်ရောက်လာကြမယ့် ခေါင်းဆောင်တွေနဲ့ ကိုယ်စားလှယ်တွေအတွက် လုံခြုံစိတ်ချရတဲ့ တည်းခိုဆောင်တွေမရှိပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ အာဆီယံဥက္ကဋ္ဌရာထူးလက်ခံရတော့မယ်ဆိုတာ သေချာတဲ့အချိန်မှာ အစည်းအဝေးတွေကို အကြိမ်အရေအတွက် အများဆုံးလက်ခံကျင်းပခဲ့တဲ့နိုင်ငံတွေနဲ့ အနီးစပ်ဆုံးအစည်းအဝေးကျင်းပခဲ့တဲ့ နိုင်ငံတွေကိုသွားရောက်လေ့လာပြီး ကိုယ့်နိုင်ငံ ရေမြေသဘာဝနဲ့ ရိုးရာယဉ်ကျေးမှု အငွေ့အသက်တွေပါဝင်တဲ့၊ ခေတ်မီဗိသုကာလက်ရာတွေနဲ့ ပေါင်းစပ်ထားတဲ့ အစည်းအဝေးကျင်းပမယ့်အဆောက်အအုံကို တည်ဆောက်ခဲ့ပါတယ်။

ထိပ်သီးအစည်းအဝေးကိုတက်ရောက်လာကြမယ့် ခေါင်းဆောင်တွေနဲ့လိုက်ပါလာကြမယ့် ကိုယ်စားလှယ်အဖွဲ့တွေရဲ့ ရုံးလုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်ရမယ့် နေရာဌာနတွေ၊ သတင်းမီဒီယာတွေအတွက် သတင်းရယူနိုင်မယ့်နေရာတွေ အများကြီးလိုအပ်တာကို လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် လုံခြုံရေးနဲ့ တည်းခိုနေထိုင်ရေးအပိုင်းတွေမှာကြည့်ရင်လည်း လက်ရှိနေပြည်တော် ဟိုတယ်ဇုန်နှစ်ခုနဲ့ လုံလောက်ပြည့်စုံမှုမရှိပါဘူး။ ကြီးမားကျယ်ပြန့်တဲ့ လုံခြုံရေးနဲ့ တည်းခိုနေထိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် အများကြီးကုန်ကျနိုင်ပါတယ်။

ထိပ်သီးဆွေးနွေးပွဲကျင်းပမယ့်နေရာအနီးမှာ နိုင်ငံတော်ဧည့်ဂေဟာတွေကို တည်ဆောက်ဖို့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်တွေကို နေရာချထားပေးပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီဧည့်ဂေဟာတွေကို ရေရှည်တည်တံ့အောင်၊ နိုင်ငံတကာအဆင့်လိုက်လျောညီထွေဖြစ်အောင် နိုင်ငံတော်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်မယ်ဆိုရင် ပြည်သူ့ဘဏ္ဍာငွေတွေအများကြီး ကုန်ကျနိုင်ပါတယ်။

နိုင်ငံခေါင်းဆောင်ကြီးတွေ တည်းခိုနေထိုင်ခဲ့တဲ့အခန်းတွေကို အသုံးပြုခွင့်မပေးဘဲ ကျန်တဲ့အခန်းတွေကို ဟိုတယ်အဖြစ်ငှားရမ်းအသုံးပြုခွင့်ပြုတဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူတွေအနေနဲ့ ဧည့်ဂေဟာတည်ဆောက်ထိန်းသိမ်းမှုကုန်ကျစရိတ်ကို သက်သာသွားစေတဲ့အပြင် နောင်မှာကျင်းပမယ့် နိုင်ငံတကာအစည်းအဝေးတွေနဲ့ ကုန်စည်ပြပွဲတွေကို တက်ရောက်လာကြမယ့် အဆင့်မြင့်ခေါင်းဆောင်တွေနဲ့ ဧည့်သည်တွေအတွက် နိုင်ငံရဲ့မြို့တော်အဂ္ဂါရပ်နဲ့အညီ တည်းခိုနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် တစ်နေရာတည်းမှာ ကောင်းမွန်ပြည့်စုံတဲ့ သဘာဝပတ်ဝန်းကျင်ဖြစ်စေဖို့အတွက် ရန်အောင်မြင်ဆည်မှာ ဆည်ပတ်လမ်းတွေ တည်ဆောက်ပြီး အနားယူနိုင်အောင်ပါ စီစဉ်ပေးထားပါတယ်။

အခုတည်ဆောက်ပြီးစီးသွားတဲ့ နိုင်ငံတော်ဧည့်ဂေဟာတစ်ခုမှာ အနည်းဆုံး လူတစ်ရာကျော်တည်းခိုနိုင်ပါတယ်။ ဒီလိုမျိုးတည်ဆောက်ရာမှာလည်း နိုင်ငံတော်အနေနဲ့ နိုင်ငံရဲ့အဆင့်အတန်း၊ နိုင်ငံ့ဂုဏ်သိက္ခာတွေအပြင် ရေရှည်အကျိုးဖြစ်ထွန်းနိုင်မှုနဲ့ ပြည်သူ့ဘဏ္ဍာလေလွင့်မှုမရှိအောင် အဘက်ဘက်က စဉ်းစားဆောင်ရွက်ခဲ့ပါတယ်။

ဧည့်သည်လာဖို့ရှိတယ်ဆိုရင် သာမန်မိသားစုတွေအနေနဲ့တောင် မိမိတို့အိမ်ကို မူလအခြေအနေထက် အနည်းဆုံး သပ်သပ်ရပ်ရပ်လေးဖြစ်ဖို့ ပြင်ဆင်ကြရပါတယ်။ ဒီလိုပြင်ဆင်ရာမှာလည်း မူလက မိမိတို့နေထိုင်စဉ်အချိန်တွေထက် အိမ်တွင်းပစ္စည်းလေးတွေကို သူ့နေရာနဲ့သူ သပ်သပ်ရပ်ရပ်ရှိအောင် ပြင်ဆင်ထားတတ်ကြပါတယ်။

အလားတူပဲ အခုလိုနိုင်ငံတကာက ထိပ်သီးခေါင်းဆောင်တွေနဲ့ ဒေသအတွင်းနိုင်ငံတွေက ခေါင်းဆောင်တွေတက်ရောက်မယ့် ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရာမှာ ကျွန်တော်တို့နိုင်ငံက အခုမှအစဖြစ်တဲ့အတွက် မြေယာရှုခင်းသာယာဖို့အတွက် အများကြီး ဝီရိယစိုက်ထုတ်ရပါတယ်။ တခြားနိုင်ငံတွေမှာလည်း ထိပ်သီးအစည်းအဝေးတွေကျင်းပတဲ့အခါ မိမိတို့ မြို့တော်တွေကို မူလအခြေအနေထက် ပိုမိုကောင်းမွန်တင့်တယ်အောင် ပြင်ဆင်ကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါတွေကိုလုပ်ဆောင်ရာမှာ အလှအပထက် နိုင်ငံရဲ့ မျက်နှာစာကို သစ်လွင်ဂုဏ်ရှိအောင် ဆောင်ရွက်ရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အိမ်ရှင်ပီပီ မြန်မာ့စိတ်ထားနဲ့အညီ ဧည့်ဝတ်ကျေပွန်ကြရမှာ ဖြစ်ပါတယ်။ ဒါမှ ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ နိုင်ငံတကာမျက်နှာစာမှာ တာဝန်သိတဲ့၊ တာဝန်ယူတတ်တဲ့ လူမျိုးတွေအဖြစ် ဂုဏ်ယူနိုင်မှာ ဖြစ်ပါတယ်။

ဦးအောင်လင်း(ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာဦးစီးဌာန)

အာဆီယံဥက္ကဋ္ဌယူတဲ့အခါကျရင် ထိပ်သီးအစည်းအဝေးနှစ်ခါ ပြုလုပ်ပါတယ်။ ပထမအကြိမ်ကျင်းပတဲ့ ထိပ်သီးအစည်းအဝေးကတော့ အာဆီယံနိုင်ငံတွေပါဝင်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒါကတော့ အာဆီယံဆယ်နိုင်ငံနဲ့ အာဆီယံအတွင်းရေးမှူးချုပ်တို့တက်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒုတိယအကြိမ်အစည်းအဝေးကတော့ အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေလို့ခေါ်ပါတယ်။ ဒုတိယအကြိမ်အစည်းအဝေးကို အာဆီယံဆယ်နိုင်ငံခေါင်းဆောင်တွေနဲ့ အာဆီယံအတွင်းရေးမှူးချုပ်တို့အပြင် အာဆီယံရဲ့ဆွေးနွေးဖက်နိုင်ငံတွေဖြစ်တဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေး(EAS)လို့ခေါ်တဲ့ ဆွေးနွေးဖက်ရှစ်နိုင်ငံတို့ ပါဝင်ပါတယ်။

ဒါကြောင့်မို့ အာဆီယံ+ရှစ်နိုင်ငံအပြင် အာဆီယံနဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ပြုလုပ်တဲ့ ထိပ်သီးအစည်းအဝေးလည်းရှိနိုင်ပါတယ်။ ဒါကတော့ ထိပ်သီးအစည်းအဝေးတွေ ပြုလုပ်တဲ့အခါမှာ မျှော်မှန်းရတဲ့ အစည်းအဝေးတွေဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃ခုနှစ်မှာ ဘရူနိုင်းနိုင်ငံမှာ ကျင်းပတဲ့ ပထမအကြိမ်အစည်းအဝေးကို ကိုယ်စားလှယ်ပေါင်း တစ်သောင်းကျော်တက်ရောက်ခဲ့ပါတယ်။ ဒီတက်ရောက်တဲ့ ကိုယ်စားလှယ်ပေါင်း တစ်သောင်းကျော်ရဲ့ သုံးပုံတစ်ပုံကတော့ နိုင်ငံခြားကတက်ရောက်သူတွေဖြစ်ပြီး ကျန်တဲ့သုံးပုံနှစ်ပုံကို ဘရူနိုင်းနိုင်ငံက တက်ရောက်ခဲ့တယ်လို့ သိရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ကျင်းပတဲ့ ပထမအကြိမ်အစည်းအဝေးကို ပြည်တွင်း၊ ပြည်ပကိုယ်စားလှယ်ပေါင်း (၁၅၀၀၀)ကျော် တက်ရောက်နိုင်အောင်စီစဉ်ထားပါတယ်။ အာဆီယံကိုယ်စားလှယ်အနေနဲ့ သုံးထောင်ကျော်တက်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒုတိယအကြိမ်အစည်းအဝေးကို ဘရူနိုင်းနိုင်ငံမှာ ကျင်းပတဲ့အခါ ကိုယ်စားလှယ်ပေါင်း နှစ်သောင်းကျော် တက်ရောက်တယ်လို့သိရပါတယ်။ ဒီလိုတက်ရောက်တဲ့ ကိုယ်စားလှယ်ငါးထောင်ကတော့ ဘရူနိုင်းနဲ့ အာဆီယံနိုင်ငံတွေကဖြစ်ပြီး ကျန်တဲ့တစ်သောင်းခွဲကျော်က အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေက ကိုယ်စားလှယ်တွေတက်ရောက်တယ်လို့သိရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာကျင်းပတဲ့ ဒုတိယအကြိမ်အစည်းအဝေးကို ကိုယ်စားလှယ်ပေါင်း နှစ်သောင်းခွဲကျော်လောက် တက်ရောက်မယ်လို့ ခန့်မှန်းပြင်ဆင်ထားပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ကျင်းပမယ့် ထိပ်သီးအစည်းအဝေး အပါအဝင် အာဆီယံအစည်းအဝေးတွေကို ကျင်းပနိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေမှာ စာရင်းကောက်ယူနေပါတယ်။ ဒီလို စာရင်းကောက်ယူရာမှာ ဝန်ကြီးအဆင့် အစည်းအဝေးတွေရှိပါတယ်။ အဆင့်မြင့်အရာရှိကြီးတွေ အစည်းအဝေးရှိပါတယ်၊ နောက်ပြီးတော့ လုပ်ငန်းကော်မတီအစည်းအဝေးတွေရှိပါတယ်၊ အခြားအစည်းအဝေးတွေ အများကြီးရှိပါတယ်။ အခုလက်ရှိကောက်ယူထားတဲ့ စာရင်းတွေအရတော့ အစည်းအဝေးပေါင်း(၃၀၀)နီးပါးရှိပြီး သက်ဆိုင်ရာဌာနတွေနဲ့ ပြန်လည်အတည်ပြုချက်ရယူပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အာဆီယံထိပ်သီးအစည်းအဝေးကို မျက်နှာစုံညီအစည်းအဝေးနဲ့ စတင်ပါတယ်။ အာဆီယံထိပ်သီးအစည်းအဝေးကို အာဆီယံနိုင်ငံခေါင်းဆောင်တွေနဲ့ အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ပါတယ်။ အဲဒီအစည်းအဝေးမှာ အာဆီယံအတွင်းမှာ ဆောင်ရွက်ပြီးတဲ့ အခြေအနေတွေ၊ ဆောင်ရွက်ရန်ကျန်တဲ့ အခြေအနေတွေနဲ့ အာဆီယံအတွက် အရေးကြီးတဲ့ကိစ္စတွေကို ဆွေးနွေးကြပါတယ်။

ဒီလိုမျိုး ဆွေးနွေးတဲ့အခါမှာ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာကိစ္စတွေကို ဆွေးနွေးကြပါတယ်၊ ဒါကြောင့်မို့ အာဆီယံထိပ်သီး အစည်းအဝေးကို နိုင်ငံခေါင်းဆောင်တွေအနေနဲ့ ရှေ့ဆက်သွားမယ့် အာဆီယံကို ဘယ်လိုမြင်ချင်တယ်၊ပြီးခဲ့တဲ့အာဆီယံမှာ ဘာတွေလုပ်ဖို့ ကျန်သေးတယ်၊ အာဆီယံက ဆုံးဖြတ်တဲ့အထဲမှာ ဘာတွေလုပ်ဖို့ ကျန်သေးတယ်ဆိုတဲ့ ကိစ္စတွေကို အဓိကထားပြီး ဆွေးနွေးကြပါတယ်။ ဒါ့အပြင် ၂၀၁၃ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၂၃)ကြိမ်မြောက်အစည်းအဝေးကနေပြီးတော့ အာဆီယံခေါင်းဆောင်တွေဟာ ၂၀၁၅ ခုနှစ်မှာ ပေါ်ပေါက်လာမယ့် အာဆီယံအသိုက်အဝန်းကြီး နောက်ပိုင်းမှာ ရှေ့ဆက်သွားမယ့် အစီအစဉ်ကို စဉ်းစားဆုံးဖြတ်ခဲ့ကြပါတယ်။ အဲဒီအဆုံးအဖြတ်က ၂၀၁၅ ခုနှစ်မှာ အာဆီယံအသိုက်အဝန်းပေါ်ပေါက်လာရင် နိုင်ငံတကာအရေးကိစ္စတွေမှာ ဘယ်လိုစဉ်းစားပြီး ဘယ်လိုအတူတကွဆောင်ရွက်ကြမယ်၊ အာဆီယံရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုတွေမှာ ဘယ်လိုဆက်လက်ဆောင်ရွက်သွားကြမယ်ဆိုတာကို အခုကျွန်တော်တို့နိုင်ငံက ဥက္ကဋ္ဌတာဝန်ယူချိန်မှာ ဒီကိစ္စတွေကို အလေးထားပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆွေးနွေးသွားပြီးတဲ့ အခါကျရင် ၂၀၁၄ခုနှစ်ထဲမှာ ၂၀၁၅ ခုနှစ်မှာ ပေါ်ပေါက်လာမယ့် အာဆီယံအသိုက်အဝန်းနဲ့ အဲဒီအသိုက်အဝန်းပေါ်ပေါက်လာချိန်မှာ ဘာတွေကို အဓိကထားဆောင်ရွက်မယ်ဆိုတဲ့ အခြေခံအချက်အလက်တွေကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဥက္ကဋ္ဌတာဝန်ယူတဲ့အချိန်မှာ ရွေးချယ်ပြီးရင် ၂၀၁၅ ခုနှစ် ဥက္ကဋ္ဌတာဝန်ယူမယ့် မလေးရှားနိုင်ငံက အခုကျွန်တော်တို့ ရွေးချယ်ဆုံးဖြတ်ထားတဲ့ အချက်အလက်တွေကို လမ်းပြမြေပုံဖြစ်အောင် ကြေညာချက်တစ်ခုရှိလာပါမယ်။ ဒါတွေက အာဆီယံထိပ်သီး အစည်းအဝေးတွေမှာ ဆောင်ရွက်တဲ့ အခြေခံအချက်အလက်တွေ ဖြစ်ပါတယ်။



ဦးဝင်းဇော်(ဗိသုကာပ

မြန်မာနိုင်ငံအ
တစ်ချိန်တစ်ခါမှာ အ

ရနိုင်တယ်ဆိုတဲ့ မျှော်မှ
အနေနဲ့ အာဆီယံထိပ်
အစည်းအဝေးတွေ ကျ
လာမယ့် နိုင်ငံခေါင်းဆေ
ဆောက်ဖို့အကြောင်း
တည်းခိုနေရာနဲ့ ဟို
အစည်းအဝေးတွေနဲ့
လာတဲ့ဧည့်သည်တွေ
ကြီးအနီးမှာ တည်း
လွယ်ကူရအောင် သီးခြ
နိုင်ငံတကာအစည်းအ
တည်ဆောက်ထားတာ
အဆောက်အအုံ
ကျင်းပတဲ့ အစည်းအ
အတွက် အခုလောလေ
အတိုင်း ပြင်ဆင်ထားတ
ရမယ့် အချိန်မှာ
သိပ်မသိကြဘူး၊ အဲဒါ
အင်္ဂါရပ်တွေနဲ့ပြည့်စုံတဲ့
မှာ မရှိခဲ့ပါဘူး။ မရှိသေ
တွေလုပ်ဖို့အတွက် လို
ပုံသဏ္ဍာန်မျိုးရှိတယ်၊
ချက်နဲ့ နိုင်ငံတော်အ
သွားရောက် လေ့လာ
ကျွန်တော်တို့နိုင်င
အတွက် လေ့လာရာမှ

ဦးဝင်းဇော်(ဗိသုကာပညာရှင်)

မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာတဲ့အခါမှာ တစ်ချိန်တစ်ခါမှာ အခုလို ထိပ်သီးဆွေးနွေးပွဲတွေကို လက်ခံကျင်းပ

ရနိုင်တယ်ဆိုတဲ့ မျှော်မှန်းချက်နဲ့ စတင်လေ့လာခဲ့ပါတယ်။ ပထမဦးဆုံးအနေနဲ့ အာဆီယံထိပ်သီးအစည်းအဝေးကျင်းပမယ့်ခန်းမနဲ့ ဆက်စပ်အစည်းအဝေးတွေ ကျင်းပမယ့်နေရာတွေ၊ အစည်းအဝေးတက်ရောက်လာမယ့် နိုင်ငံခေါင်းဆောင်တွေ တည်းခိုနေထိုင်မယ့် အိပ်ဆောင်တွေပါ ဆောက်ဖို့အကြောင်းအရာတွေပါလာတယ်၊ နေပြည်တော်မှာရှိတဲ့ တည်းခိုနေရာနဲ့ ဟိုတယ်တွေမပါဘဲနဲ့ သီးခြားအာဆီယံ ထိပ်သီးအစည်းအဝေးတွေနဲ့ တခြားအစည်းအဝေးတွေ ကျင်းပတဲ့အခါမှာ လာတဲ့ဧည့်သည်တွေကို အစည်းအဝေးကျင်းပမယ့် အဆောက်အအုံကြီးအနီးမှာ တည်းခိုနေထိုင်ရင်းနဲ့ အစည်းအဝေးတက်ရောက်မှု လွယ်ကူရအောင် သီးခြားမြေနေရာရှာပြီးတော့ အခုအဆောက်အအုံကို နိုင်ငံတကာအစည်းအဝေးကျင်းပနိုင်တဲ့ အဆောက်အအုံအဖြစ် တည်ဆောက်ထားတာ အဓိကကျပါတယ်။

အဆောက်အအုံတည်ဆောက်မှုအပြီးမှာ ပထမဆုံးလာရောက်ကျင်းပတဲ့ အစည်းအဝေးက အာဆီယံထိပ်သီးအစည်းအဝေးဖြစ်တဲ့အတွက် အခုလောလောဆယ်မှာ အာဆီယံအစည်းအဝေး ကျင်းပမယ့်အတိုင်း ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒီအဆောက်အအုံကို တည်ဆောက်ရမယ့် အချိန်မှာ အာဆီယံထိပ်သီးအစည်းအဝေးဆိုတာလည်း သိပ်မသိကြဘူး၊ အဲဒါထက် ကွန်ဗင်းရှင်းစင်တာတစ်ခုအနေနဲ့ ရှိရမယ့် အင်္ဂါရပ်တွေနဲ့ပြည့်စုံတဲ့ ကွန်ဗင်းရှင်းစင်တာတစ်ခု ကျွန်တော်တို့ နိုင်ငံမှာ မရှိခဲ့ပါဘူး။ မရှိသေးဘူးဆိုတဲ့အခါမှာ ဒီလိုနိုင်ငံတကာကွန်ဗင်းရှင်းတွေလုပ်ဖို့အတွက် လိုအပ်တဲ့ အဆောက်အအုံတွေဟာ ဘယ်လိုပုံသဏ္ဍာန်မျိုးရှိတယ်၊ ဘယ်လိုဆောက်ရင် ကောင်းမလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ နိုင်ငံတော်အကြီးအကဲရဲ့စီစဉ်မှုနဲ့ နိုင်ငံ(၃)နိုင်ငံလောက်ကို သွားရောက် လေ့လာခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ တည်ဆောက်မယ့် ကွန်ဗင်းရှင်းစင်တာအတွက် လေ့လာရာမှာ အရင်ရှိပြီးသား နိုင်ငံတွေအနေနဲ့ လိုအပ်ချက်တွေရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် နောက်ဆုံးမှ ဆောက်တဲ့အတွက် ကွန်ဗင်းရှင်းစင်တာတစ်ခုအနေနဲ့ ပါဝင်ရမယ့် အခန်းဖွဲ့စည်းပုံတွေကို အသေးစိတ်လေ့လာဆွေးနွေးခဲ့ပြီး ဒီဇိုင်းရေးဆွဲခဲ့ပါတယ်။ ဒီလိုဒီဇိုင်းရေးဆွဲရာမှာလည်း အထူးသဖြင့် ကျွန်တော်တို့ လေ့လာခဲ့တဲ့ နိုင်ငံတွေက ကွန်ဗင်းရှင်းစင်တာတွေမှာ လုံခြုံရေးပိုင်းဆိုင်ရာကို လေ့လာကြည့်ရင် ရှင်းရှင်းလင်းလင်းနဲ့ လုံခြုံရေးပိုင်းဆိုင်ရာတွေ ဆောင်ရွက်နိုင်တာကို မတွေ့ရှိရပါဘူး။ ကျွန်တော်တို့အနေနဲ့ အခုအဆောက်အအုံကို ပုံစံဆွဲတဲ့အခါမှာ သေသေချာချာ၊ အလွယ်တကူနဲ့ လုံခြုံရေးယူနိုင်အောင် ဖွဲ့စည်းထားပါတယ်။ အစည်းအဝေးကျင်းပမယ့် ခန်းမကြီးတွေရဲ့ ဘေးလမ်းစင်္ကြံကြီးတွေက တစ်ဖက်ထိပ်ကနေ အခြားတစ်ဖက်ထိပ်ကို ရှင်းရှင်းလင်းလင်းနဲ့ မြင်နိုင်အောင် စီစဉ်ထားပါတယ်။ အဆောက်အအုံရဲ့ ကန့်လန့်ဖြတ်စင်္ကြံကြီးတွေကလည်း အလားတူပဲ စီစဉ်ထားပါတယ်။ အခုလိုစီစဉ်ရတာကလည်း လုံခြုံရေးတာဝန်ယူမယ့် သူတွေအတွက် ကျယ်ကျယ်ပြန့်ပြန့်နဲ့ လုံခြုံရေးရယူနိုင်အောင် အလေးထားဆောင်ရွက်ထားတာဖြစ်ပါတယ်။

အခုတည်ဆောက်ပြီးသွားတဲ့ အဆောက်အအုံကို အခုလက်ရှိကျင်းပမယ့် အာဆီယံ ထိပ်သီးအစည်းအဝေးကို အခြေခံပြီးပြောနေပေမယ့် နိုင်ငံတကာအသင်းအဖွဲ့တွေ ကုမ္ပဏီကြီးတွေက ကျင်းပမယ့် ဘယ်လိုအခမ်းအနားကိုမဆို လက်ခံကျင်းပနိုင်အောင် စီစဉ်ထားပါတယ်။ ထိပ်သီးအစည်းအဝေးပွဲတွေအတွက်ပဲ ဒီအဆောက်အအုံကို ထားမယ်ဆိုရင် ထိန်းသိမ်းရမယ့်စရိတ်ကို ဘယ်လိုမှတတ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အဆောက်အအုံဒီဇိုင်းထဲမှာ နိုင်ငံတကာကုန်စည်ပြပွဲကြီးတွေ လုပ်နိုင်အောင်အထိ ထည့်သွင်းရေးဆွဲ တည်ဆောက်ခဲ့ပါတယ်။

ဒါကြောင့် ဒီအဆောက်အအုံအနေနဲ့ ကွန်ဗင်းရှင်းစင်တာတစ်ခုအနေနဲ့သာမက ပြပွဲကြီးတွေကို ခင်းကျင်းပြသနိုင်အောင် ဘက်စုံ သုံး အဆောက်အအုံတစ်ခုအနေနဲ့ ရာနှုန်းပြည့်ဖြစ်အောင် တည်ဆောက်ထားတာက ထူးခြားမှုတစ်ခုဖြစ်ပါတယ်။ ဒါမှလည်း အဆောက်အအုံ ထိန်းသိမ်းကုန်ကျစရိတ်တွေ သက်သာအောင် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ အခုလို တည်ဆောက်ရတာကလည်း ရှေ့အနာဂတ်ကာလမှာဖြစ်ပေါ်လာမယ့် လိုအပ်ချက်တွေကို စဉ်းစားပြီးဆောင်ရွက်ထားတာပါ။

ဦးအောင်သန်း(တည်ဆောက်ရေးတာဝန်ခံ)

ဒီအဆောက်အအုံဟာ မြေဧက(၆၀)ကျော်ပေါ်မှာ ပေ(၁၀၁၉ × ၄၂၅)အရွယ်အစားနဲ့ မြေညီထပ်အပါအဝင် သုံးထပ်အဆောက်အအုံ ဖြစ်ပါတယ်။ ဒီအဆောက်အအုံထဲမှာ ထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေကျင်းပနိုင်မယ့် ပတ္တမြားခန်းမ၊ အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးတွေကျင်းပနိုင်မယ့် နီလာခန်းမနဲ့ မြခန်းမ၊ လူပေါင်း(၃၀)ဆံ့ ပုလဲခန်းမ၊ လူပေါင်း(၅၀၀)ကျော် တစ်ပြိုင်တည်းတက်ရောက်နိုင်တဲ့ ကျောက်စိမ်းခန်းမ၊ ကိုယ်စားလှယ်ပေါင်းတစ်ရာခန့် တက်ရောက်နားထောင်နိုင်မယ့်ခန်းမ၊ လူပေါင်း(၄၀၀)ကျော် တက်ရောက်နိုင်မယ့် သတင်းစာရှင်းလင်းပွဲခန်းမ၊ လူပေါင်း(၃၀၀)ကျော် တက်ရောက်သတင်းရယူနိုင်မယ့် မီဒီယာစင်တာတွေအပါအဝင် အထူးအရေးကြီးပုဂ္ဂိုလ်နားနေခန်း၊ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပမယ့် ခန်းမငယ်တွေနဲ့ နိုင်ငံအလိုက် ရုံးခန်းငယ်ပေါင်း(၂၀) ဖွဲ့စည်းတည်ဆောက်ထားပါတယ်။

အဆောက်အအုံ ဒီဇိုင်းကိုတော့ အာဆီယံထိပ်သီးဆွေးနွေးပွဲတွေ ကျင်းပခဲ့တဲ့ နိုင်ငံတွေမှာ သွားရောက်လေ့လာခဲ့ပြီး ရိုးရိုးရှင်းရှင်းနဲ့ ခေတ်မီရေရှည်တည်တံ့တဲ့ ဒီဇိုင်းကိုရေးဆွဲခဲ့ပါတယ်။ သဘာဝဘေးဒဏ်တွေကို အဆင့်သတ်မှတ်ချက်(၄)အထိ ခံနိုင်အောင်နဲ့ အမိုးကိုလည်း လေပြင်းတိုက်ခတ်မှုနဲ့ ရာသီဥတုဒဏ်ခံနိုင်အောင် တည်ဆောက်ထားတဲ့အပြင် အဆောက်အအုံ သုံးထပ်လို့ ပြောပေမယ့်လည်း ဘိုးပိုင်ရိုက်စနစ်နဲ့ တည်ဆောက်ခဲ့ပါတယ်။

အဆောက်အအုံဖွဲ့စည်းမှုအထဲမှာ အစည်းအဝေးတွေကို တက်ရောက်သတင်းရယူကြမယ့် သတင်းမီဒီယာတွေအတွက် မြေညီထပ်မှာလိုအပ်တဲ့ အင်တာနက်ဝိုင်ဖိုင်စနစ်အပါအဝင် မီဒီယာစင်တာတစ်ခုနဲ့ သတင်းစာရှင်းလင်းပွဲခန်းမဆောင်တစ်ခုကို ထည့်သွင်းဖွဲ့စည်းထားပါတယ်။ မီဒီယာစင်တာမှာဆိုရင် မီဒီယာခန်း(၁၀)ခုနဲ့

အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ လက်ခံကျင်းပမည့် ပတ္တမြားခန်းမဆောင်။

သတင်းရယူမယ့် Media Booth တွေ တပ်ဆင်ထားပါတယ်။ အဓိကကတော့ ထိပ်သီးအစည်းဝေးဆို နိုင်ငံတကာမီဒီယာ တစ်ထောင် ကျော် တက်ရောက်တဲ့အတွက် အခုလိုရည်ရွယ်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။

ကွန်ဗင်းရှင်းစင်တာတွေရဲ့အသက်က အသံစနစ်ကောင်းမွန်မှုအပေါ် မူတည်ပါတယ်။ အဆောက်အအုံအတွင်းမှာ ရှိတဲ့ခန်းမတွေကို အသံလုံစနစ်ဖြစ်အောင် စီစဉ်ထားတဲ့အပြင် သက်ဆိုင်ရာအခမ်းအနားအလိုက် လိုက်ဖက်ညီတဲ့နံရံတွေကိုလည်း နိုင်ငံခြားသားအင်ဂျင်နီယာတွေနဲ့ တိုင်ပင်ညှိနှိုင်းပြီး တပ်ဆင်ဆောင်ရွက်ထားတဲ့အတွက် အသံစနစ်က အခြားအဆောက်အအုံတွေနဲ့ မတူကွဲပြားစွာ ခံစားနိုင်မှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရသော် အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် အဆင့်သင့်ဖြစ်နေပြီဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွင်း အာဆီယံအလှည့်ကျဉက္ကဋ္ဌအဖြစ် ထမ်းဆောင်သည့်အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ခေါင်းဆောင်များက ချမှတ်ထားသောလမ်းကြောင်းကို အခြေခံပြီး ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်နိုင်မည်ဖြစ်သည့်အပြင် ကျန်ရှိနေသေးသောလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲအစီအစဉ်များကိုလည်း ရည်မှန်းချက်များပေါက်မြောက်အောင်မြင်အောင် ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဟုလည်း ယုံကြည်မိပါတော့သည်။

အခုလို နိုင်ငံတကာက ထိပ်သီးခေါင်းဆောင်တွေနဲ့ ဒေသအတွင်းနိုင်ငံတွေက ခေါင်းဆောင်တွေတက်ရောက်မယ့် ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရာမှာ ကျွန်တော်တို့နိုင်ငံက အခုမှအစဖြစ်တဲ့အတွက် မြေယာရှင်းသာယာဖို့အတွက် အများကြီး ဝီရိယစိုက်ထုတ်ရပါတယ်။ တခြားနိုင်ငံတွေမှာလည်း ထိပ်သီးအစည်းအဝေးတွေ ကျင်းပတဲ့အခါ မိမိတို့ မြို့တော်တွေကို မူလအခြေအနေထက် ပိုမိုကောင်းမွန်တင့်တယ်အောင် ပြင်ဆင်ကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါတွေကိုလုပ်ဆောင်ရာမှာ အလှအပထက် နိုင်ငံရဲ့ မျက်နှာစာကို သစ်လွင်ဂုဏ်ရှိအောင် ဆောင်ရွက်ရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အိမ်ရှင်ပီပီ မြန်မာ့စိတ်ထားနဲ့အညီ ဧည့်ဝတ်ကျေပွန်ကြရမှာ ဖြစ်ပါတယ်။ ဒါမှ ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ နိုင်ငံတကာမျက်နှာစာမှာ တာဝန်သိတဲ့၊ တာဝန်ယူတတ်တဲ့ လူမျိုးတွေအဖြစ် ဂုဏ်ယူနိုင်မှာဖြစ်။

ချွတ်လပ်ရေးနေ့ အထူးကဏ္ဍ

နိုင်ငံခေါင်းဆောင်ကြီးများ နားနေခန်းအား တွေ့ရစဉ်။ (သတင်းစဉ်)

အာဆီယံနှင့်ဆွေးနွေးဖက် သုံးနိုင်ငံတစ်ပြိုင်တည်း အစည်းအဝေးများ ကျင်းပနိုင်မည့် မြခန်းမ။ (သတင်းစဉ်)

နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပနိုင်မည့် ဆွေးနွေးခန်းမငယ်(Meeting Room)။ (သတင်းစဉ်)

အာဆီယံနှင့် ဆွေးနွေးဖက် တစ်နိုင်ငံချင်းလိုက် အစည်းအဝေးကျင်းပနိုင်မည့် နီလာခန်းမ။ (သတင်းစဉ်)

ဝန်ကြီးအဆင့် နားနေခန်းမအား တွေ့ရစဉ်။ (သတင်းစဉ်)

လူပေါင်း ၄၀၀ ကျော်ဆံ့ သတင်းစာရှင်းလင်းပွဲများ ကျင်းပနိုင်မည့် သန္တာခန်းမအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဧည့်ဂေဟာအဆောက်အအုံများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
ကြော်ငြာကဏ္ဍ

၂၀၁၄ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ တနင်္ဂနွေနေ့

Advertisement

Spring Mattress (Single,Queen,King size)

ဟိုတယ်နှင့် အိမ်သုံးရန်အတွက် ဈေးနှုန်းချိုသာစွာဖြင့်
လက်လီလက်ကား ရောင်းချနေပါသည်။
ရောင်း/မောင်း အလိုရှိသည်။ လစာကောင်းပေးမည်။
ဆက်သွယ်ရန် ဖုန်း- ၀၉-၅၁၁၂၄၀၈၊ ၀၉-၅၁၄၁၄၈၈

ဒဂုံတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင်ပြုလုပ်မည့် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ)ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ (တင်ဒါ)ကို ဒဂုံတက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၇-၁-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား တင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်သင်တန်းရေးရာတွင် စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံရိုက်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ဒဂုံတက္ကသိုလ်

မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊
တုသိတာလမ်းတို၊ အမှတ်(၃၂၀)နေ
ဦးမျိုးညွန့်ဦး(ဦးစီးအရာရှိ၊ ငွေစာရင်းရုံး-ငြိမ်း)-ဒေါ်စန်းစန်းမြင့်တို့၏
တစ်ဦးတည်းသောသား

ဗိုလ်ကြီးနိုင်ဇော်လင်း M.B.,B.S(DSMA)

နှင့်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ လယ်တီကွင်းရပ်ကွက်၊
မြို့ပတ်လမ်း၊ အမှတ်(၂၈၂)နေ
ဦးအောင်မြင့်ဌေး-ဒေါ်စန်းစန်းရီ(မင်းမဟော်စတိုး)တို့၏သမီးကြီး၊ မခိုင်မေအောင်၏အစ်မ

မခိုင်ဇာအောင်(ခ)ချောစု B.Pharm(Ygn)

တို့၏ ၄-၁-၂၀၁၄ရက်တွင် ကန်တော်ကြီး Western Park Royal၌ ကျင်းပပြုလုပ်သော မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးနိုင်ဇော်လင်း-မခိုင်ဇာအောင်

Full Auto
PH:09 731 99 410
09420035882, 73109287

ကားရောင်းရန်ရှိသည်

(110 သိန်း၊ ညှိနှိုင်း)
Mazda Bongo (2005)
ဒီဇယ်/ 950kg၊ 9c /…
ဖုန်း-၀၉-၄၂၀၀၆၄၆၀၂

ပါမောက္ခဦးခင်မောင်ဝင်း

၏

အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး နောက်ဆုံးပေါ်ကုသနည်း
ကျန်းမာရေးဟောပြောပို့ချပွဲ
၁၀-၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီ
Sky Star Hotel အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်
(စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်)
ဆက်သွယ်ရန်
ဖုန်း-၀၁-၃၇၁၆၁၁၊ ၃၇၁၆၁၂

သဘာဝသုခ
သဘာဝ(Organic)

မုဒ္ဒဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဘုရားဖူးအဖွဲ့နှင့် ဆက်သွယ်၍ မိမိတို့တတ်စွမ်းသမျှ ဒါနကုသိုလ် ရယူနိုင်ပါသည် -

		ဗိုဓိဂါဝုန်	ကုသိနာရုံ	နယ္သူးဓေလီ
၁။ မြေ(၁)စတုရန်းပေ/(၁)ယူနစ် (ကျပ်)		၁၅,၀၀၀	၁၀,၀၀၀	၃၀,၀၀၀
	ဂယာ	သာဝတ္ထိ	ကုသိနာရုံ	နယ္သူးဓေလီ
၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀	၃၀,၀၀၀

၃။ သာဓိပုဏ္ဏရာကျောင်းဆောင်သစ်၊ တရုတ်မြန်မာဗုဒ္ဓဘာသာကျောင်း၊ နာလန္ဒာ၊
၄။ ဦးစန္ဒိမထေိ ကျောင်းသားများ သာရေး၊ နာရေးအသင်း၊ ဂယာ။

ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးစေတီ ... (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။
၀၁-၆၅၅၅၂၀၊ ၆၅၅၅၈၈၅၊ ၀၉-၅၆၀၀၀၂၃၊ ၀၉-၅၀၂၂၀၉၈

ရုံးခွဲ(၁) - အမှတ်(၂၈၉)၊ မြေညီထပ်၊ ... ၊ ကျောက်တံတား၊ ရန်ကုန်။
၀၁-၃၇၇၆၁၅၊ ၀၉-၇၃၂၂၇၅၃၅၊ ၀၉-၂၄၅၀၇၈၃

ရုံးခွဲ(၂) - Gandamar Wholesale၊ မြေညီထပ်၊ ... မရမ်းကုန်း၊ ရန်ကုန်။
၀၁-၆၅၇၇၉၄၊ ၀၉-၅၆၀၀၄၄၄

GEM DIAMOND ACADEMY (စိန်ရတနာ အကယ်ဒမီ)

I. စိန်အထူးပြု (၁)လသင်တန်း (Diamond Special Course (1) month)
7:30 to 9:30 Am (14.1.2014 စမည်) (Sat, Sun, Mon, Tues)
* စိန်အတုအစစ်ခွဲခြားနည်းများ (Identification)
* စိန်အရည်အသွေးစစ်တမ်းနှင့် ကမ္ဘာ့သုံးစနစ်ဖြင့် စိန်တန်ဖိုးဖြတ်ခြင်း (Quality Analysis and Evaluation)
* သင်တန်းမှတ်စုများ၊ စိန်အစိုင်၊ စိန်အချောစိန်ပွင့်များ၊ ... စမ်းသပ်ကရိယာများ၊ သင်ထောက်ကူပစ္စည်းပြည့်စုံစွာဖြင့် အချိန်တကယ်တတ်ကျွမ်းအောင်သင်ပေးမည်။

II. DIAMOND GRADUATE(GIA)
* (Gemological Institute of America) စာမေးပွဲဖြေဆိုလိုသူများကို သီးသန့်အစီအစဉ်ဖြင့် သင်ကြားပေးမည်။
ပါမောက္ခ ဦးဉာဏ်သင်း Visiting Professor နှင့်ကျောက်မျက်ပညာဘွဲ့ရ ဝါရင့်ဆရာ၊ဆရာမများကအထူးကြပ်မတ် သင်ကြားပေးမည်။

ဆက်သွယ်ရန်။ အမှတ်(၃၈)၄၉လမ်း၊ ... ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်လမ်းမှဝင်ရန်)
Ph: 09 5001191, 09 420005161,01397193 (အသေးစိတ်ကိုစုံစမ်းမေးမြန်းနိုင်ပါသည်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်လုံးမွေးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၅၃၄၊ ဧရိယာ စတုရန်းပေ ၂၆၄၀ရှိ မြေအမျိုးအစား နှစ် ၆၀ဂရန်မြေဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဦးရဲလှ CD-019435မှ အမည်ပေါက် ပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်ပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ ၄င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင်(LL.B) ဒေါ်ခင်မာနွယ်(LL.B,D.B.L)ဒေါ်ဌေးဌေးဝင်း(LL.B,D.I.L)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၄၀၁၈၄၊ ၀၉-၇၃၀၇၁၇၉၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ် ၆၄၆၊ ဧရိယာ ပေ၄၀× ပေ၆၀ အကျယ်အဝန်းရှိ မြေအမျိုးအစား ပါမစ်မြေဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဟန်ကြည် (CHR -၀၈၅၉၉၉)၊ ၁၂/သလန(နိုင်)၀၀၃၈၂၃က အမည်ပေါက် ပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်ပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ ၄င်းတစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင်(LL.B) ဒေါ်ခင်မာနွယ်(LL.B,D.B.L)ဒေါ်ဌေးဌေးဝင်း(LL.B,D.I.L)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၄၀၁၈၄၊၀၉-၇၃၀၇၁၇၉၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကုတ်မြို့နယ် တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၇

ဦးပုစောအောင်		၁။ ဦးချစ်လှိုင်
ဦးဥတ္တမလမ်း၊		၂။ ဒေါ်မရွှေသာ
ချောင်းကောက်ရပ်ကွက်၊	**နှင့်**	ချောင်းကောက်ရပ်ကွက်၊
တောင်ကုတ်မြို့		တောင်ကုတ်မြို့
တရားလို		**တရားပြိုင်များ**

အိမ်ခြံမြေလက်ရောက်ရလိုမှု

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ချောင်းကောက်ရပ်ကွက်တွင်နေထိုင်သူ(၁)တရားပြိုင် ဦးချစ်လှိုင်၊ (၂) တရားပြိုင် ဒေါ်မရွှေသာ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အရောင်းအဝယ်ပြုလုပ်ထားသည့် အိမ်ခြံမြေအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နွယ်နွယ်အေး)
မြို့နယ်တရားသူကြီး
တောင်ကုတ်မြို့နယ်တရားရုံး
ရခိုင်ပြည်နယ်

မဟာသကျ အတုလမာရ်အောင် ငါးထပ်ကြီးဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ မဟာသကျအတုလမာရ်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးဘုရား၏ (၁၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို အစဉ်အလာမပျက် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၂ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဇန်နဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဘုရားအမှူးပြုသောသံဃာတော်(၁၀၈)ပါးအား ဆွမ်းဆန်စိမ်းပစ္စည်းများနှင့် နဝကမ္မ ဝတ္ထုလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်း ကုသိုလ်ပြုလိုသူများအနေဖြင့် ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့ရုံး ဖုန်း-၅၄၂၁၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဂေါပကအဖွဲ့

ပြင်ဆင်ဖတ်ရှုပါရန်

၁-၁-၂၀၁၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၂)ပါ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာ အမှတ်စဉ်(၁)ပါ သံပြား တန် ၅၀၀၀ အစား သံပြားတန် ၅၀၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ငဖဲမြို့နယ်၊ ပဒါန်းအထက၊ သတ္တမ တန်း (A) မှ မောင်ဖြိုးကျော်ကျော်၏ ဖခင် အမည်မှန်မှာ ဦးဗိုလ်နိုင် ၈/မဘန (နိုင်) ၀၈၄၉၄၈ ဖြစ်ပါသည်။

ဦးဗိုလ်နိုင်



အခြေခံပညာအလယ်တန်းကျောင်း(ရွှေကြက်ယက်)
ယခုအထက(ခွဲ) ရေတာရှည်မြို့၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ပြည်ထောင်စုနေ့ရောက်ရှိတိုင်း နှစ်စဉ်ကျင်းပခဲ့ရာတွင် (၁၄)ကြိမ်သို့ တိုင်ခဲ့ပြီဖြစ်ပြီး အပူဇော်ခံ ဆရာ/ဆရာမ ၄၃ ဦးအထိရှိလာပြီဖြစ်ပါသည်။ သို့ပါ၍ ရပ်ဝေးရပ်နီး ကျောင်းသား ကျောင်းသူ ဟောင်းအပေါင်းတို့က ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားပါသည်။

နေ့ရက်/အချိန်- ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီမှစ၍

နေရာ- အလက(ရွှေကြက်ယက်) ရေတာရှည်မြို့ (ယခု)အထက(ခွဲ)၊ နဝရတ်ခန်းမ။

ဆက်သွယ်လှူဒါန်းရန်-

ရေတာရှည်မြို့ မြန်မာ့စီးပွားရေးဘဏ် ငွေစုစာအုပ်အမှတ် SF.343

ဦးမြသိန်း	ဖုန်း-၀၉-၃၁၄၄၄၀၆၀	ဦးတင်ညွန့်	ဖုန်း-၀၉-၃၁၄၄၄၉၂၄
ဦးစောလှမြင့်	ဖုန်း-၀၉-၃၁၄၄၄၁၈၈	ဦးခင်မောင်တိုး(ကိုတိုး)	ဖုန်း-၀၉-၈၆၂၃၇၂၁
ဦးရဲအောင်	ဖုန်း-၀၉-၃၁၆၁၆၁၇၆	ဒေါ်နွယ်နွယ်သိန်း	ဖုန်း-၀၉-၂၅၀၁၁၃၁၅၂၁
ဒေါ်ခင်စန်းမြင့်	ဖုန်း-၀၉-၃၁၆၁၆၅၈၇	ဒေါ်ရည်မွန်ခိုင်	ဖုန်း-၀၉-၃၁၄၄၀၆၅၁

ရန်ကုန်တက္ကသိုလ်ဆေးသိပ္ပံမဟာဌာန
၁၉၅၈-၁၉၅၉-၁၉၆၀ခုနှစ်များတွင် စတင်တက်ရောက်ခဲ့သော
ကျောင်းသားကျောင်းသူများ၏ (ရွှေရတုမိတ်ဆုံစားပွဲ)

စဉ်	နေ့ရက်	အစီအစဉ်	နေရာ	အချိန်
၁။	၁၇-၁-၂၀၁၄ (သောကြာနေ့)	အကြိုမိတ်ဆုံညစာစားပွဲ	Orchid Hotel, အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဖုန်း-၀၁-၃၉၉၉၃၀	ညနေ ၆ နာရီ
၂။	၁၈-၁-၂၀၁၄(စနေနေ့)	(က) စုပေါင်းဓာတ်ပုံရိုက်ပွဲ	ဆေးတက္ကသိုလ်(၁)၊ လမ်းမတော်	နံနက် ၁၀း၃၀နာရီ
		(ခ) မိတ်ဆုံညစာစားပွဲ	Summit Park View Hotel , အလုံလမ်း	ညနေ ၆း၃၀နာရီ
၃။	၁၉-၁-၂၀၁၄-၂၁-၁-၂၀၁၄	ငွေဆောင်ခရီးစဉ်	စုရပ် Orchid Hotel	ထွက်ခွာချိန် နံနက်၈နာရီ
၄။	၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)	ရန်ကုန်မြစ်တွင်း အပျော်စီးသင်္ဘောခရီးစဉ်	စုရပ် Orchid Hotel	ညနေ ၄ နာရီ
၅။	၂၃-၁-၂၀၁၄ (ကြာသပတေးနေ့)	နှုတ်ဆက်ညစာစားပွဲ	My Garden Restaurant, အလုံလမ်း Summit Rark View Hotel ရှေ့	ညနေ ၆း၃၀နာရီ



သိမ်ဖြူ(အထက) မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) ညနေတွင် သိမ်ဇရပ်အထက ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်း၌ လုပ်သက်သုံးနှစ်နှင့်အထက် ပညာပို့ချပေးခဲ့ပြီး အသက် (၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီး ၈၀ ဦးအား ဖိတ်ကြားထားပါသည်။ ဖိတ်စာမရရှိပါကလည်း အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **ဆက်သွယ်လှူဒါန်းရန်**

ရန်ကုန်မြို့		**သိမ်ဇရပ်**	
ဒေါက်တာဝင်းနောင်	ဖုန်း-၀၉-၅၁၅၈၄၄၃	ဒေါ်စန်းတင့် (ကျောင်းအုပ်ကြီး)	ဖုန်း-၀၉-၄၂၅၂၇၈၂၂
ဒေါက်တာအောင်ထက်	ဖုန်း-၀၉-၅၀၅၈၇၅၃	ဦးကိုကို (စက္ကူစက်)	ဖုန်း-၀၉-၄၂၅၃၃၂၅၂၅
မိချောစုစု	ဖုန်း-၀၉-၅၀၆၂၀၀၅	ဦးထင်ပေါ်	ဖုန်း-၀၉-၄၂၅၃၃၂၅၀၅
ဦးကျော်ကျော်စိုး	ဖုန်း-၀၉-၇၃၀၇၃၁၉၀	ဦးစွေ့ထင်	ဖုန်း-၀၉-၄၂၅၃၄၅၆၅၄
နေပြည်တော်		ဦးမင်းအောင်	ဖုန်း-၀၉-၄၂၀၇၃၄၂၉
ဦးမျိုးကြွယ်	ဖုန်း-၀၉-၇၃၂၄၄၈၆၆	ဦးသန်းဦး-ဒေါ်မေချွန်း	ဖုန်း-၀၉-၅၁၇၅၃၆၉
မော်လမြိုင်		ဒေါ်သီတာဦး	ဖုန်း-၀၉-၄၂၅၃၃၁၇၃၃
ဦးသိန်းငွေး	ဖုန်း-၀၉-၈၇၀၁၂၇၃	ဒေါ်ချိုချိုမာ	ဖုန်း-၀၉-၄၂၅၃၅၃၃၆၇
သထုံ		ဦးသိန်းဇော်	ဖုန်း-၀၉-၃၁၇၅၀၂၇၀
ဦးချစ်ကိုကို	ဖုန်း-၀၉-၈၇၂၀၅၈၈		

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီသိမ်ဇရပ် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - င၊ မြေကွက်အမှတ် ၁၀၇၃၁/၂၊ အကျယ် (၂၀'×၆၀')၊နှစ် ၆၀ဂရန်မြေပေါ်ရှိ အမှတ်၁၀၇၃၁/၂ ၊ဝဇီရာ ၇လမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သောမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ် တို့အား မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ရှင်များဖြစ်သည့် ဦးကျော်ဝင်း ၁၂/ဥကမ(နိုင်) ၁၃၇၀၂၆နှင့် ဒေါ်ကျင်ထွေး ISN -၄၆၅၄၂၆ ၁၂/ဥကမ(နိုင်)၀၈၅၀၉၂တို့ထံမှ ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်သဖြင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် — **အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)**

ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ပထမထပ်(ဝဲ)၊မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

ဒေါက်တာသက်လွင် (အမျိုးသားစာပေဆုရ)

- သမိုင်းကပြောသော ပုဂံ၊ ပုဂံကပြောသော သမိုင်း(နဝမအကြိမ်)
- ကူနီနန်းနှင့်ပုခန်းမြေ (ပုခန်းသမိုင်းနှင့် ပုခန်းကိုကြီးကျော်နတ်သမိုင်း) (ဒုတိယအကြိမ်)
- စနစ်ဟောင်းမို့ ခေတ်ပြောင်းစို့

ဖြန့်ချိရေး-----

- သဗ္ဗညုဘုရား၊ ပုဂံ ဖုန်း-၀၉-၄၀၂၇၇၃၇၀၅၊
- သပြေညို-ဆုံဆီ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၄၂၅၀
- ဂုဏ်ထူးစာပေ၊ ၁၉၂၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၆၅၉၀၊ ၀၁-၃၇၇၄၃၀
- TAB BOOK CENTRE တော်ဝင်စင်တာအပေါ်ဆုံးထပ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၆၀၀၀၄၂


ကန့်ကွက်နိုင်ပါသည်

LEGAL CONSULTANT

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၇၊ မြေကွက်အမှတ် ၁၀၄၇-က အမည်ပေါက် ဦးဝင်းစိန် PGU -၂၈၃၁၀၈ထံမှ ဝယ်ယူထားသူ ဦးသန်းဝင်း ၁၂/သဃက(နိုင်)၁၂၃၀၆၇ သည် မြေချပါမစ်အား ရုံးခွဲစာရင်းဝင်ခွင့်ပြုလုပ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၉၊ မြေကွက်အမှတ် ၉၁၃/က၊ မြေကွက်တည်နေရာအမှတ် ၉၁၃/က၊ မာလာမြိုင် ၃လမ်း၊ ၁၉ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးလှသောင်း TTA -၀၅၂၂၃၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှသောင်းက နှစ်၆၀ မြေငှားစာချုပ်(ဂရန်) ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များ တင်ပြပြီးဦးလှသောင်းထံမှ GP အမှတ်ရသူ ဒေါ်ယုယုနိုင် ၁၂/ သကတ(နိုင်) ၀၆၂၆၆၃က ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ကျွန်မဒေါ်ဝင်းဝင်းသိန်း ၁၂/ပဘတ(နိုင်)၀၀၂၁၉၀သည် တာချီလိတ်မြို့၊ တာလေ့ ရပ်ကွက်၊ အမှတ် ၁၂၅နေ ဒေါ်ရန်အေးစွေ ၁၃/တခလ(နိုင်)၀၀၀၆၄၇ ပိုင်ဆိုင်သော တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(ခ)၊ အကွက်ကြီးအမှတ်(၁)၊ မြို့ကွက်သစ်အပိုင်း (က)၊ ဦးပိုင်အမှတ် ၃၃၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်ရန်အေးစွေထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မိမိ၏အမည်ပေါက်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အမည်ပေါက်ရရှိရေးအတွက် တရားဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းသိန်း ၁၂/ပဘတ(နိုင်)၀၀၂၁၉၀
အမှတ် ၂၁၊ ရွှေနှင်းဆီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၈၂၂၆၃၉၃

ဥက္ကံမြို့မလူမှုရေးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ဥက္ကံမြို့မလူမှုရေးအသင်း(ရန်ကုန်)၏ ၂၀၁၃ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ အသက်(၈၀)နှင့်အထက်၊ ဘွဲ့ထူးရပုဂ္ဂိုလ်ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆု သုံးဘာသာနှင့်အထက်၊ အခမ်းအနားကို အောက်ပါအတိုင်းကျင်းပသွားမည်ဖြစ်ပါ၍ အသင်းသားအသင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ **(အချိန်မီစာရင်းများပေးပို့ကြပါရန်။)**

- **နေ့ရက်** - ၂၆-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
- **အချိန်** - နံနက် ၈း၃၀ နာရီ
- **နေရာ** - မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ မွှာရုံမြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ဆက်သွယ်ရန်-

ဦးချူဝမ် (ဖုန်း-၀၁-၅၄၆၁၅၀)၊ ဦးမောင်မောင်သန်း (ဖုန်း-၀၉-၅၀၄၂၀၀၃)၊
ဒေါ်ရင်ရင်အေး (ဖုန်း-၀၁-၅၃၄၇၄၃)၊ ဦးအောင်မြင့် (ဖုန်း-၀၁-၅၃၇၄၃၇)

အမှုဆောင်အဖွဲ့

ပြည်ပသာသနာပြုခရီးစဉ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ ၄ ရပ်ကွက်၊ ရွှေမင်းကံကျောင်းတိုက်၊ ပဓာနနာယက၊ မိုးကုတ်နယ်လှည့်ဓမ္မကထိက ဆရာတော်ဘဒ္ဒန္တကေသရ(သဒ္ဓမ္မဇောတိကဓဇ)သည် ကလင့်မတီကျောင်း (ဇယမင်္ဂလာဗုဒ္ဓဝိဟာရ) မိုးကုတ်စင်တာ၊ စင်ကာပူနိုင်ငံသို့ တရားဒေသနာတော်များဟောကြားတော်မူရန် သွားရောက်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ယောဂီသူတော်စင်အပေါင်းတို့အား အသိပေးအပ်ပါသည်။

အကျိုးဆောင်အဖွဲ့

မွေးသက္ကရာဇ်မှန်နှင့် အမည်ပြောင်း

ဦးဖြိုးဝေလွင်-ဒေါ်ကြူကြူမွန်တို့၏သား ပြွန်တန်ဆာအထက ဒုတိယတန်း (B) တွင် ပညာသင်ကြားနေသော မောင်ကျော်စွာဟိန်းအား မောင်ကောင်းမြတ်စံဟုလည်းကောင်း၊ မွေးသက္ကရာဇ်အမှန်မှာ ၅-၁-၂၀၀၆ ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် မန်းစံသိန်း ၁၄/ငပတ(နိုင်)၀၆၈၂၈၂၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၁၁၇၄၅၁**



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်- ၁

ဦးသိန်းထွန်း နှင့် ဒေါ်မြင့်ရီ

တရားလို **တရားပြိုင်**

အေးသာယာမြို့၊ အကွက်ကြီး(၇)၊ နယ်မြေ (၁၂/ခ)၊ အမှတ် ၁၀၄နေ ဒေါ်မြင့်ရီ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းထွန်းက အိမ်မြေဥပစာရောင်းချခြင်းအတွက် ပေးချေထားသော စရန်ငွေကျပ်သိန်း ၂၅၀နှင့် လျော်ကြေးငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သာကေတမြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၆

ဒေါ်ခင်စန်းကြွယ် နှင့် ၁။ ဒေါ်အုံးကြည်
၂။ ဒေါ်ခင်သက်မော်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၉ ရပ်ကွက်၊ ရတနာပုံ ၇ လမ်း၊ အမှတ် ၉၂၀/ခနေ ဒေါ်အုန်းကြည်နှင့် ဒေါ်ခင်သက်မော် (ယခုနေရပ်လိပ်စာမသိ) သူများ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၁ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်ရှေ့သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်တို့ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြူကြူအောင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
သာကေတမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရွှေပြည်သာမြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁၄

ဒေါ်စုစုအေး နှင့် ဦးထွန်းဖေ
(အခွင့်ရကိုယ်စားလှယ်ဦးအောင်ကျော်သူ) **တရားပြိုင်**
တရားလို

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဘုံရှည်ကုန်းကျေးရွာ၊ ရန်ပြိုအေးမင်းကျောင်းလမ်း၊ အမှတ် ၉/၁၂၅နေ ဦးထွန်းဖေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်တို့အပေါ်၌ ဒေါ်စုစုအေးက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စံသိန်း)
မြို့နယ်တရားသူကြီး
ရွှေပြည်သာမြို့နယ်တရားရုံး

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]
၇၇ လမ်း၊ ၃၀ × ၃၁ လမ်းကြား
မန္တလေးမြို့မှာ ဖွင့်တဲ့
စိတ်ကူးချိုချိုစာအုပ်ဆိုင်
ဖွင့်ပွဲအထိမ်းအမှတ် စာအုပ်ဈေးလျှော့ရောင်းပွဲ
[illegible]
[illegible]
၁၀၀၀ ကျပ်ဖိုး ၅ အုပ်၊ ၁၀၀၀ ကျပ်ဖိုး ၂ အုပ် ရောင်းမှာမို့
စာအုပ်များ အပါအဝင် ဆယ်ရောက်တိုင်တိုင်. . . .

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၂၆၅၄၃၊ Yamaha DT 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှဋွေး ၁၄/မမန(နိုင်)၀၀၁၁၂၃က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၆၀၈ ကို မူလအမည်ပေါက် ဒုတပ်ကြပ်မျိုးသန့်ဝင်းကိုယ်စား ဒေါ်မြင့်မြင့်ကြည်က မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် မြေချပါမစ်(အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း)ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ(၅)
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဦးကျော်လွင်ဦး ၁၂/ဥကတ(နိုင်)၁၄၅၃၅၉နှင့် အများသိစေရန်

တာချီလိတ်မြို့၊ တာလေ့ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၃၁)နေ ဒေါ်ညိုညိုဝင်း ၁၃/တခလ(နိုင်)၀၃၄၃၉၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၁၀/၂၀၅)နေ ဦးကျော်လွင်ဦး ၁၂/ဥကတ(နိုင်)၁၄၅၃၅၉ထံသို့ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ညိုညိုဝင်းက သူမ အမည်ပေါက်ပိုင်ဆိုင်သည့် တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ ကွက်သစ်အပိုင်း(ဈ)၊ မြေကွက်အမှတ်(ဈ/၃၈၃)၊ အလျားပေ ၆၀၊ အနံပေ ၄၀၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေနေရာအား ရောင်းချလို၍ ဝယ်သူရှာပေးနိုင်ရန်အတွက် ၂၀၁၃ခုနှစ် စက်တင်ဘာလအတွင်းက မြေပေးမိန့်မူရင်းအားအပ်နှံ၍ ပေးအပ်ခဲ့ပါသည်။

ကျွန်ုပ်အမှုသည်က လူကြီးမင်းအပေါ် မိတ်ဆွေရင်းဖြစ်သည့်အားလျော်စွာ ယုံကြည်အပ်နှံခဲ့ခြင်းဖြစ်သော်လည်း လူကြီးမင်းက ကျွန်ုပ်အမှုသည်ပိုင် မြေပေးမိန့်ပါမြေကွက်အား အလွဲသုံးစားပြုလုပ်ခဲ့သဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ လာရောက်ဖြေရှင်းရန် အသိပေးကြေညာလိုက်သည်။

ညွှန်ကြားချက်အရ-

ဦးအုန်းမြင့် (BA)H.G.P	**ဦးဘခင် LL.B**
အထက်တန်းရှေ့နေ(စဉ်-၅၉၈၂)	**တရားလွှတ်တော်ရှေ့နေ(၉၄၀၅)**
တာချီလိတ်မြို့	**တာချီလိတ်မြို့**

တိုက်ခန်းရောင်းမည်

ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ် ၄၇ လမ်းထိပ်၊ ပထမထပ်၊ ၁၅ပေ× ၅၅ပေ၊ အမြင့် ၁၄ပေ ပုဇွန်တောင်မြို့နယ်။ ဖုန်း-၀၉-၄၃၀၅၆၄၂၉၊ ၀၉-၄၂၀၇၆၇၅၉၇၊ ၀၉-၅၁၇၈၆၄၈

ပဲခူးမြို့၊ ကလျာဏီ(၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်-၄/၁၅၈၊ ပေ(၄၀×၆၀)၊ မြေကွက်အမှတ်-၄/၁၆၀၊ ၄/၁၆၁၊ ပေ(၄၀×၆၀+၄၀×၆၀)၊ မြေကွက်သုံးကွက်ပေါ် ကျူးကျော်နေထိုင်သူများနှင့် သက်ဆိုင်သူ အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၉ ရပ်ကွက်၊ ၄၆ လမ်း၊ အမှတ် ၅၈တွင်နေထိုင်သူ ဒေါ်သစ်သစ်ဆွေ ၁၂/လမန(နိုင်)၀၄၅၂၁၃၏ဖခင် ဦးမြင့်ဆွေသည် အထက်ပါမြေကွက်သုံးကွက်ကို မြေချပါမစ်ရရှိသူများထံမှ ဝယ်ယူထားခဲ့သူဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သစ်သစ်ဆွေသည် (ဖခင်) ဦးမြင့်ဆွေ ၂၀၀၁ခုနှစ်တွင် ကွယ်လွန်ပြီးဖြစ်၍ အဆိုပါမြေကွက်သုံးကွက်ကို မိခင်ဒေါ်စန်းစန်းမြင့်နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ၂၀၁၃ခုနှစ်ကုန်ပိုင်းတွင် အဆိုပါမြေကွက်သုံးကွက်ပေါ်သို့ သွားရောက်ကြည့်ရှုခဲ့ရာ မြေကွက်အမှတ်-၁၅၈ပေါ်တွင် ဦးအောင်ကိုငြိမ်း ၁၂/ဒဂတ (နိုင်)၀၁၃၉၄၅သည်လည်းကောင်း၊ မြေကွက်အမှတ်-၁၆၀/၁၆၁ပေါ်တွင် ဦးဝင်းဟန်-ဒေါ်လှရီတို့သည်လည်းကောင်း ကျူးကျော်ဝင်ရောက် တဲအိမ်ဆောက်လုပ်နေထိုင်လျက်ရှိသည်ကို သိရပါသည်။

၃။ သို့ပါ၍ အဆိုပါမြေကွက်သုံးကွက်ပေါ် ကျူးကျော်နေထိုင်သူမိသားစုနှစ်စုသည် ၃၁-၁-၂၀၁၄ရက် နောက်ဆုံးထားကာ နေအိမ်ဖျက်ယူလျက် အခြားသို့ပြောင်းရွှေ့ပေးကာ မြေကွက်လွတ်သုံးကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သစ်သစ်ဆွေထံသို့ ပေးအပ်ရန် အသိပေးတောင်းဆိုလိုက်ပါသည်။ မလိုက်နာပါက တရားစွဲဆိုရလိမ့်မည်ဖြစ်ကြောင်းနှင့် ထိုမြေကွက်သုံးကွက်ပေါ်သို့ ကျူးကျော်ခြင်း၊ လွှဲပြောင်းရောင်းချခြင်းမပြုလုပ်ရန် တားမြစ်လိုက်ကြောင်း သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

၁။ ဦးလှမြင့်(ဒဂုံ) စဉ်-၉၀၁၂၊ H.G.P,D.L.P(101)WIPO(SWITZERLAND)
၂။ ဦးတင်အောင်ကြည်(တောင်သုံးလုံး) စဉ်-၃၀၇၂၂ LL.B
အထက်တန်းရှေ့နေအဖွဲ့၊ အမှတ် ၇၊ မြေညီ၊ ၃၃ လမ်း(အောက်)၊ ၁ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် ၃၄၊ မြေကွက်တည်နေရာ အမှတ်-၁၅၊ အောင်မာဃလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးချစ် အမည်ပေါက် နှစ်၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးချစ် ကွယ်လွန်သဖြင့် ဒေါ်အေးဆွေ ၁၂/ လမန(နိုင်)၁၀၀၆၃၉က တစ်ဦးတည်းသောတရားဝင်ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၂၊ မြေကွက်အမှတ်၄၄၄၊ မြေကွက်တည်နေရာအမှတ်-၄၄၄၊ (၈၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်ခင်မြင့် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မြင့် ၇/သဝတ(နိုင်)၀၆၉၂၆၀ ကိုယ်တိုင်က ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၅၈၀၇၁၊ Zaw Cycle IV(Zc.04),M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောရိုလိုင်းဒို ၁၄/ကကထ(နိုင်)၁၃၅၂၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၉၀၀၇၇၊ Kenbo-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဋွေး ၁၄/မမန(နိုင်)၁၀၁၄၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၄၁၁၅၀၊ Honda Wave NF.100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ကျော် ၁၄/ပသန(နိုင်)၁၉၉၂၀၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၁၁၊ မြေကွက်တည်နေရာ ၁၁၁၊ စိန်ပန်းလမ်း၊ ၁၃ရပ်ကွက်၊ လှိုင်သာယာ ဦးပြုံး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးပြုံးထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဇာခြည်ဝင်း ၁၂/ဆကန(နိုင်)၀၀၂၄၇၅က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာများတင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၉၆၆/ခ၊ မြေကွက်တည်နေရာ အမှတ် ၉၆၆/ခ၊ လမ်း ၃၀၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်နုအေး အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်နုအေးနှင့် ခင်ပွန်း ဦးထွန်းရှိန် ကွယ်လွန်သဖြင့် ဒေါ်မြသစ် ၁၂/လကန(နိုင်)၀၈၅၃၄၄၊ ဒေါ်မြသောင်း ၁၂/ဥကတ(နိုင်)၀၄၈၃၃၃၊ ဒေါ်လှမြိုင် ၁၂/ဥကတ(နိုင်)၀၈၆၁၆၃၊ ဒေါ်တင်တင်အေး ၁၂/ဥကတ(နိုင်)၀၈၅၅၅၈တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၁၅၇ (၁-၈-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးဝင်းမောင် ၅/မမန(နိုင်)၀၆၁၉၂၂က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

27th Sea Games Lucky Cards Campaign ဆုမဲစာရင်း

[illegible]	[illegible]

[illegible]	[illegible]